တာဝန်ယူမှုရှိသောစီးပွားရေး လုပ်ငန်းအစီအစဉ်

International Labour Organization

တန်ဖိုးမြှင့်ဖြစ်စဉ် ခွဲခြမ်းစိတ်ဖြာလေ့လာခြင်းနှင့် ယှဉ်ပြိုင်မှုမဟာဗျူဟာ

# ရေချို ငါးဖမ်းလုပ်ငန်း



ဖျာပုံ - မြန်မာနိုင်ငံ

တာဝန်ယူမှုရှိသောစီးပွားရေး လုပ်ငန်းအစီအစဉ်

တန်ဖိုးမြှင့်ဖြစ်စဉ် ခွဲခြမ်းစိတ်ဖြာလေ့လာခြင်းနှင့် ယှဉ်ပြိုင်မှုမဟာဗျူဟာ

# ရေချို ငါးဖမ်းလုပ်ငန်း

ဖျာပုံ - မြန်မာနိုင်ငံ

International Labour Organization

Copyright © International Labour Organization 2015
*First published 2015*

Publications of the International Labour Office enjoy copyright under Protocol 2 of the Universal Copyright Convention. Nevertheless, short excerpts from them may be reproduced without authorization, on condition that the source is indicated. For rights of reproduction or translation, application should be made to ILO Publications (Rights and Permissions), International Labour Office, CH-1211 Geneva 22, Switzerland, or by email: pubdroit@ilo.org. The International Labour Office welcomes such applications.

Libraries, institutions and other users registered with reproduction rights organizations may make copies in accordance with the licences issued to them for this purpose. Visit www.ifrro.org to find the reproduction rights organization in your country.

ILO Cataloguing in Publication Data

Value chain analysis and competitiveness strategy: freshwater capture fisheries: Pyapon, Myanmar / International Labour Organization, ILO Liaison Officer for Myanmar. - Yangon: ILO, 2015

ISBN: 9789221300335; 9789221300342 (web pdf)

ILO Liaison Officer for Myanmar

value chains / fishery development / input output analysis / small scale industry / fishery worker / fishery policy / exclusive economic zone / regional level / Myanmar

12.07.1

The designations employed in ILO publications, which are in conformity with United Nations practice, and the presentation of material therein do not imply the expression of any opinion whatsoever on the part of the International Labour Office concerning the legal status of any country, area or territory or of its authorities, or concerning the delimitation of its frontiers.

The responsibility for opinions expressed in signed articles, studies and other contributions rests solely with their authors, and publication does not constitute an endorsement by the International Labour Office of the opinions expressed in them.

Reference to names of firms and commercial products and processes does not imply their endorsement by the International Labour Office, and any failure to mention a particular firm, commercial product or process is not a sign of disapproval.

ILO publications and electronic products can be obtained through major booksellers or ILO local offices in many countries, or direct from ILO Publications, International Labour Office, CH-1211 Geneva 22, Switzerland. Catalogues or lists of new publications are available on our website: www.ilo.org/publns

# မာတိကာ


## အကြောင်းအရာအကျဉ်းချုပ် ............ ၁

## အပိုင်း ၁ - မိတ်ဆက်

က နောက်ခံသတင်းအချက်အလက် ............ ၆
ခ တန်ဖိုးမြှင့်ဖြစ်စဉ်ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း (VCA) ၏ရည်ရွယ်ချက်များ ............ ၈
ဂ နည်းစနစ်နှင့် ချဉ်းကပ်နည်း ............ ၈

## အပိုင်း ၂ - ရေလုပ်ငန်းနယ်ပယ်အား ခြုံငုံသုံးသပ်ချက်

က ထုတ်လုပ်မှုလမ်းကြောင်းများ ............ ၁၀
ခ ထုတ်ကုန် ဖော်ပြချက် (ကုန်ထုတ်လုပ်မှုလမ်းကြောင်း) (ကုန်ထုတ်လုပ်မှုအခြေအနေပြောင်းလဲခြင်း) .. ၁၂

## အပိုင်း ၃ - လုပ်ငန်းနယ်ပယ်၏ သဘောသဘာဝနှင့် ဖွဲ့စည်းတည်ဆောက်ပုံ

က တန်ဖိုးမြှင့်ဖြစ်စဉ်ပုံဖော်ရေးဆွဲခြင်း (Value Chain Mapping) ............ ၁၄
ခ အဓိကပါဝင်လုပ်ကိုင်သူများနှင့် လုပ်ငန်းဆောင်တာများ ............ ၁၆
ဂ လုပ်ငန်းများအချင်းချင်း ဆက်သွယ်ဆောင်ရွက်ပုံ သဘောသဘာဝ ............ ၂၈
ဃ စျေးနှုန်းနှင့်ကုန်ကျစရိတ် ဖွဲ့စည်းတည်ဆောက်ပုံ ............ ၃၀

## အပိုင်း ၄ - စျေးကွက်လမ်းကြောင်းများ

က ပြည်ပပို့ကုန်စျေးကွက် ............ ၃၃
ခ ပြည်တွင်းစျေးကွက် ............ ၃၅

## အပိုင်း ၅ - စျေးကွက်ကို အထောက်အပံ့ပြုခြင်း

က ဘဏ္ဍာရေး ဝန်ဆောင်မှုများ ............ ၃၆
ခ ဘဏ္ဍာရေးနှင့်မဆိုင်သော ဝန်ဆောင်မှုများ ............ ၄၀

## အပိုင်း ၆ - ဝန်းကျင်ကို စွမ်းဆောင်နိုင်စွမ်းရှိစေခြင်း ............ ၄၅

## အပိုင်း ၇ - ယှဉ်ပြိုင်မှုလမ်းညွှန်များ

က အဟန့်အတားနှင့် အခွင့်အလမ်းများ ............ ၄၇
ခ ဝင်ရောက်ဆောင်ရွက်ခြင်းမဟာဗျူဟာများနှင့် အဖြေရှာဆောင်ရွက်နည်းများ ............ ၅၃
ဂ အဆိုပြု လုပ်ငန်းစီမံချက် ............ ၅၇

# ဇယားကွက်စာရင်း


၁ ပြည်တွင်းဈေးကွက်တွင် အများဆုံးရောင်းဝယ်သော ရေချို / ရေချို-ရေငန်စပ် ငါးမျိုးစိပ်များ ........... ၁၀

၂ ရေချိုငါးထုတ်လုပ်သော အဓိကနိုင်ငံများ ........ ၁၂

၃ ၂၀၁၂ မှ ၂၀၁၄ ခုနှစ်အတွင်း မြန်မာနိုင်ငံ၏ ရေချိုငါး ထုတ်လုပ်မှု ........ ၁၃

၄ ၂၀၀၉ - ၂၀၁၄ ခုနှစ် အတွက် လုပ်ငန်း အလိုက် ရေချိုငါး ဖမ်းဆီးထုတ်လုပ်မှု အခြေခံစာရင်း ......... ၁၇

၅ ၂၀၁၀ မှ ၂၀၁၃ ခုနှစ်အတွင်း ရေချို ငါးဖမ်းလုပ်သားဦးရေ ........ ၂၁

၆ အသုံးများသော ရေချို ငါးဖမ်းလုပ်ငန်းသုံး ကိရိယာများ ........ ၂၃

၇ ငါးဖမ်းဆီးမှု တစ်ခေါက် အတွက် ကုန်ကျစရိတ် နှင့် ဝင်ငွေ အခြေပြ တွက်ချက်မှု ........ ၃၀

၈ ငါးစို ဈေးကွက်တွင် ရေချိုငါး တစ်ကီလို အပေါ်ပါဝင်လုပ်ကိုင်သူများ၏ ငွေကြေးဆက်နွယ်မှု အခြေအနေ ........ ၃၁

၉ ၂၀၁၁ ခုနှစ်အတွင်း နိုင်ငံခြား ဈေးကွက်သို့ တင်ပို့ခဲ့သော အဓိကရေချိုငါးမျိုးစိတ်များ ................. ၃၃

၁၀ ၂၀၁၃ ခုနှစ် အတွက် အေးခဲ "နှုတ်ခမ်းမွေးပါ ငါးမျိုးရင်းဝင်" အများဆုံးတင်ပို့သော ၁၀ နိုင်ငံ စါရင်း ........ ၃၄

၁၁ ၂၀၁၃ ခုနှစ် အတွက် အေးခဲ "နှုတ်ခမ်းမွေးပါ ငါးမျိုးရင်းဝင်" ငါး အများဆုံး တင်သွင်းသော နိုင်ငံများစာရင်း ........ ၃၅

၁၂ မြန်မာနိုင်ငံရှိဘဏ်များ ၊ ၂၀၁၄ ........ ၃၆

၁၃ ငါးလုပ်ငန်းကဏ္ဍနှင့် ချိတ်ဆက်မှုအချို့ရှိသော အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ ........... ၃၈

၁၄ မြန်မာနိုင်ငံတွင်ရှိသော လုပ်ငန်းတူငွေစုအဖွဲ့များ နမူနာ ........ ၄၀

၁၅ မြန်မာနိုင်ငံ ရှိ အစားအစာ ဘေးကင်းလုံခြုံရေး၊ အရည်အသွေးဆိုင်ရာ စံချိန်စံညွှန်းနှင့် ကျန်းမာရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းရေး ဆိုင်ရာ ဝန်ဆောင်မှု များ ပံ့ပိုးပေးနိုင်သူများစာရင်း ................ ၄၁

၁၆ ငါးလုပ်ငန်းဦးစီးဌာန၏ သင်တန်းကျောင်းက စီစဉ်ပြုလုပ်ပေးသည့်သင်တန်းများ ၂၀၁၃ - ၂၀၁၄ ...... ၄၂

၁၇ ငါးလုပ်ငန်းဦးစီးဌာနနှင့် မိတ်ဖက်ပြုအကောင်အထည်ဖော်ဆောင်ရွက်သည့် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများ/အစီအစဉ်များ ........ ၄၂

၁၈ မြန်မာနိုင်ငံရှိ အလုပ်သမားများ၏ လစဉ်ပျမ်းမျှလုပ်ခလစာရရှိမှု ၊ ၂၀၁၃ ........ ၄၆

၁၉ အဟန့်အတားများနှင့် အခွင့်အလမ်းများ ........ ၄၇

၂၀ အဆိုပြု လုပ်ငန်းစီမံချက် ........ ၅၇

# ပုံစာရင်း


| | | |
|---|---|---|
| ၁ | ရွေးချယ်ထားသောကဏ္ဍခွဲ ၇ ခု၏ ဆက်စပ် ဆွဲဆောင်မှု | ၇ |
| ၂ | ဖျာပုံတွင် ရေချိုငါးဖမ်းလုပ်ငန်းကဏ္ဍခွဲ အတွင်း ပါဝင်သော အမျိုးသမီး နှင့် အမျိုးသား များ အား တွေ့ဆုံ ဆွေးနွေးခြင်း | ၉ |
| ၃ | ဖျာပုံတွင် ပါဝင်သက်ဆိုင်သူများ၏ ဆွေးနွေးညှိနှိုင်းပွဲ | ၉ |
| ၄ | ပြည်ပပို့ကုန် ဈေးကွက်အတွက် အရေးပါသော ဖမ်းဆီးထုတ်လုပ်သည့် ရေချိုငါးမျိုးစိပ်များ | ၁၀ |
| ၅ | ရေချို/ရေငန် ငါးခြောက်များအားဖျာပုံဈေးအတွင်းရောင်းချနေပုံ | ၁၁ |
| ၆ | မြန်မာနိုင်ငံတွင် ငါးလုပ်ငန်း ကဏ္ဍခွဲအလိုက် ထုတ်လုပ်မှုရာခိုင်နှုန်း၊ ၂၀၁၄ | ၁၃ |
| ၇ | ပြည်တွင်းဈေးကွက်အတွက် ငါးစို တန်ဖိုးမြှင့်ဖြစ်စဉ်ပြမြေပုံ | ၁၄ |
| ၈ | ငါး ပြုပြင်ထုပ်လုပ်မှုအတွက် ပို့ကုန်တန်ဖိုးမြှင့်ဖြစ်စဉ်ပြမြေပုံ | ၁၅ |
| ၉ | နမူနာအင်းဂရုံ ငါးဖမ်းလုပ်ငန်းတစ်ခု | ၁၆ |
| ၁၀ | ၂၀၀၉ ခုနှစ်တွင် FAO မှ မိတ်ဆက်ပေးခဲ့သော လှေငယ်ပုံစံ | ၁၈ |
| ၁၁ | ရန်ကုန်မြို့ရှိ ငါးဖမ်းကိရိယာရောင်းချသော လက်ကားဆိုင် | ၁၉ |
| ၁၂ | ငါးကုန်တင်ကုန်ချ ဆိပ်ကမ်းရှိ ရေခဲ ဖြန့်ဖြူးသည့် နေရာတစ်ခု | ၂၀ |
| ၁၃ | မိသားစုအခြေခံသည့် ငါးဖမ်းဆီးရေးလုပ်ငန်းဆောင်ရွက်နေပုံ | ၂၁ |
| ၁၄ | စက်တပ်လှေတစီးအား အမျိုးသမီးတစ်ဦးက မောင်းနှင်နေပုံ | ၂၂ |
| ၁၅ | ငါးဖမ်းကိရိယာလိုင်စင်လိုအပ်သော ဘဝင်းပိုက် ငါးဖမ်းကိရိယာ | ၂၂ |
| ၁၆ | ငါးရွှဲဒိုင်တစ်ခု၏ ဓါတ်ပုံ | ၂၄ |
| ၁၇ | ငါးရွှဲဒိုင်တွင် ငါးသိုလှောင်ခြင်း | ၂၅ |
| ၁၈ | ငါးဈေးသယ် တစ်ဦး ဈေးရောင်းနေစဉ် ငါးများအား နုပ်နုပ်စင်း နေပုံ | ၂၆ |
| ၁၉ | လက်လီဈေးကွက်တွင် ငါးများအားရွေးချယ်နေပုံနှင့် သယ်ဆောင်နေပုံ | ၂၇ |
| ၂၀ | ငါးလက်လီဈေးကွက်ရှိ ခေါင်းရွက်/ဗျက်ထိုး ငါးစိမ်းသယ်များ | ၂၇ |
| ၂၁ | ရေချိုငါး ငါးစိုလုပ်ငန်းတွင် ပါဝင်လုပ်ကိုင်သူများ၏ ဘဏ္ဍာရေးဆက်စပ်မှု အခြေအနေ | ၃၂ |
| ၂၂ | ကဏ္ဍခွဲအလိုက် ၂၀၁၁ ခုနှစ် ငါးလုပ်ငန်းပို့ကုန်ပမာဏ စာရင်းချုပ်၊ | ၃၃ |

# စကားလုံးအတိုကောက်အသုံးများ

| | |
|---|---|
| AEC | အာဆီယံစီးပွားရေးအသိုက်အဝန်း |
| ASEAN | အရှေ့တောင်အာရှနိုင်ငံများအသင်း |
| ADBI | အာရှဖွံ့ဖြိုးရေးဘဏ်အဖွဲ့အစည်း |
| BAFPS | စိုက်ပျိုးရေးနှင့် ငါးလုပ်ငန်းထွက်ကုန်များ စံချိန်စံညွှန်းသတ်မှတ်ရေးဌာန |
| BDS | စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဝန်ဆောင်မှုများ |
| CBM | မြန်မာနိုင်ငံတော်ဗဟိုဘဏ် |
| DANIDA | ဒိန်းမတ်အပြည်အပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ |
| DOF | ငါးလုပ်ငန်းဦးစီးဌာန |
| FDA | ငါးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအသင်း |
| FGD | အရေးပါသူများအဖွဲ့နှင့်ဆွေးနွေးခြင်း |
| FIND | အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘဏ္ဍာရေးဆိုင်ရာ အထောက်အပံ့အစီအစဉ် |
| GMP | ထုတ်လုပ်မှုဆိုင်ရာအလေ့အကျင့်ကောင်းများ |
| EU | ဥရောပသမဂ္ဂ |
| ILO | အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ |
| KII | အဓိကသတင်းပေးသူများနှင့်လူတွေ့မေးမြန်းခြင်း |
| MADB | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် |
| MEB | မြန်မာ့စီးပွားရေးဘဏ် |
| MFF | မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် |
| MDRI-CESD | မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအရင်းအမြစ်အဖွဲ့ အစည်း - စီးပွားရေးနှင့်လူမှုဖွံ့ဖြိုးတိုးတက်ရေးဌာန |
| NAG | ပေါင်းစုလုပ်အားအကူအညီပေးရေးအဖွဲ့ |
| RCEP | ဒေသတွင်းဆိုင်ရာ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်အဖွဲ့ |
| SEAFDEC | အရှေ့တောင်အာရှ ငါးလုပ်ငန်းဖွံ့ဖြိုးရေးဌာန |
| UNCDF | ကုလသမဂ္ဂအရင်းအနှီးဖွံ့ဖြိုးတိုးတက်မှုရန်ပုံငွေအဖွဲ့ |
| VCA | တန်ဖိုးမြှင့်ဖြစ်စဉ် အကဲဖြတ်ချက် |
| WHO | ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်း |
| YDC | ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ |

# အကြောင်းအရာအကျဉ်းချုပ်

ကမ္ဘာ့စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့၏စစ်တမ်းအချက်အလက်အရ ၂၀၁၂ ခုနှစ်တွင် တစ်ကမ္ဘာလုံးငါးထုတ်လုပ်မှုသည် မက်ထရစ်တန် ၁၅၈ သန်းရှိခဲ့သည်။ ရေချိုငါးဖမ်းလုပ်ငန်းသည် တစ်ကမ္ဘာလုံးထုတ်လုပ်မှု၏ ၇ ရာခိုင်နှုန်း (သို့) မက်ထရစ်တန် ၁၁.၆ သန်းရှိသည်။ ထုတ်လုပ်မှု၏ ၇၉.၅% မှာ တရုတ်နိုင်ငံဦးဆောင်ပါဝင်သော ထိပ်တန်း ၁၅ နိုင်ငံမှ ထုတ်လုပ်ခြင်းဖြစ်သည်။ ၂၀၁၂ ခုနစ်၌ မြန်မာနိုင်ငံသည် ရေချိုငါးဖမ်းလုပ်ငန်း၊ ထုတ်လုပ်မှုအများဆုံးနိုင်ငံများစာရင်းတွင် တတိယအဆင့်၌ရှိသည်။ ၂၀၀၃ နှင့် ၂၀၁၂ ခုနှစ်အကြားတွင် မြန်မာနိုင်ငံ၏ ရေချိုငါးဖမ်းလုပ်ငန်းသည် ၃၂၉.၉ ရာခိုင်နှုန်းခန့် တိုးတက်ခဲ့သည်။ ထိုတိုးတက်မှုသည် ရေချိုငါးအဓိကထုတ်လုပ်သည့် ၁၅ နိုင်ငံတွင် အမြင့်ဆုံးဖြစ်ခဲ့သည်။ မြန်မာနိုင်ငံ၏ ရေချိုငါးထုတ်လုပ်မှုသည် ၂၀၁၂ ခုနစ်တွင် မက်ထရစ်တန်သန်းပေါင်း ၁.၂၅ သန်းရှိခဲ့ရာမှ ၂၀၁၄ ခုနစ်တွင် မက်ထရစ်တန်သန်းပေါင်း ၁.၃၈ သန်းရှိခဲ့ပြီး ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံ၏ ရေချို ရေငန်ငါးထုတ်လုပ်မှု စုစုပေါင်းပမာဏ၏ ၂၇ ရာခိုင်နှုံးရှိခဲ့သည်။

အရှေ့တောင်အာရှနှင့် ပစိဖိတ်ဒေသအတွင်း နိုင်ငံတကာကုန်သွယ်မှု၊ ရေရှည်တည်တံ့ခိုင်မြဲသော ငါးလုပ်ငန်းစီမံခန့်ခွဲမှုနှင့် ပတ်သက်၍ အာရှဖွံ့ဖြိုးရေးဘဏ်အဖွဲ့အစည်း(ADBI)၏ ၂၀၁၃ ခုနှစ် အစီရင်ခံစာအရ မြန်မာနိုင်ငံရှိ ရေချိုငါးဖမ်းလုပ်ငန်းကဏ္ဍခွဲများမှ အလုပ်သမားဦးရေ ၁.၆ သန်း ကို အလုပ်အကိုင်ဖန်တီးပေးထားနိုင်ပြီး ထိုအထဲမှ ၃၀% သည် အချိန်ပြည့်ဖြစ်ကာ ၁၉% မှာ အချိန်ပိုင်းအလုပ်ဖြစ်၍ ကျန်သည့် ၅၀ ရာခိုင်နှုံးမှာ ရာသီအချိန်အခါအလျောက် ငါးဖမ်းသူများဖြစ်သည်။

တန်ဖိုးမြှင့်ဖြစ်စဉ်လေ့လာမှုအား ဖျာပုံမြို့နယ်တွင် ဆောင်ရွက်ခဲ့ပါသည်။ ဖျာပုံမြို့နယ်သည် မြစ်ဝကျွန်းပေါ်ဒေသ၏ အရှေ့ပိုင်းတွင် တည်ရှိပြီး ရေချိုငါးထုတ်လုပ်မှု အချက်အချာကျသောဒေသဖြစ်သည်။ ၎င်းမြို့နယ်သည် ရေချိုငါးနှင့် ငါးခြောက်ထုတ်လုပ်မှုနှင့် ဖြန့်ဖြူးရောင်းချမှု အချက်အချာဒေသဖြစ်သည်။

အောက်ဖော်ပြပါအချက်များသည် ဖျာပုံ၊ ရေချို ငါးဖမ်းလုပ်ငန်းကဏ္ဍခွဲတွင်ရှိသော အဓိကကျသည့် တန်ဖိုးမြှင့်ဖြစ်စဉ်များ (major value chains) ဖြစ်ပါသည်။

က) ပြည်တွင်းဈေးကွက်အတွက် ရေချိုငါးထုတ်လုပ်မှု။ - ဖျာပုံမှ ထုတ်လုပ်သော ရေချိုငါး ရာခိုင်နှုံးအများစုမှာ ရန်ကုန်နှင့်မြန်မာပြည်အလယ်ပိုင်းရှိ စားသုံးသူများသို့ တင်ပို့ရောင်းချပါသည်။ ရေလုပ်သားများသည် ဖမ်းဆီးရရှိသော ရေချိုငါးများအား ကျေးရွာငါးဝယ်ယူစုဆောင်သူ (ငါးဒိုင်ငယ်) များသို့ တိုက်ရိုက်ပေးပို့ပါသည်။ ကျေးရွာငါးဒိုင်ငယ်များမှ စုဆောင်းရရှိသော ငါးများအား ဖျာပုံမြို့နယ်အတွင်းရှိ ငါးဒိုင်ကြီးများက ဝယ်ယူစုဆောင်းပြီး၊ မြို့နယ်အတွင်းရှိ ခေါင်းရွက်၊ ဗျပ်ထိုး ငါးဈေးသယ်များသို့ ဖြန့်ဖြူးရောင်းချပေးသည့်အပြင်၊ ရန်ကုန်မြို့ နှင့် မြန်မာပြည်အလယ်ပိုင်းရှိ ငါးလက်ကားဒိုင်ကြီးများသို့လည်း ပို့ဆောင်ရောင်းချပေးပါသည်။ အချို့သော ငါးဒိုင်ငယ်များသည် ရန်ကုန်မြို့ရှိ ငါးလက်ကားဒိုင်ကြီးသို့ တိုက်ရိုက်ရောင်းချကြပါသည်။ ရန်ကုန်မြို့ရှိ ငါးခေါင်းရွက်ဗျပ်ထိုး ဈေးသည်များ သည် ငါးလက်ကားဒိုင်ကြီးများထံမှ ငါးများအား တဆင့်ပြန်လည်ဝယ်ယူပြီး စားသုံးသူများထံသို့ လမ်းဘေးဈေးနှင့် ရပ်ကွက်ဈေးများတွင် ပြန်လည်ရောင်းချကြပါသည်။

ခ) ပြုပြင်ထုတ်လုပ်ရေးလုပ်ငန်းများအတွက် ငါးစိုများ - ပြည်ပတင်ပို့ရန်အတွက် ရည်ရွယ်ထုတ်လုပ်သော ပြုပြင်ထုတ်လုပ်ရေးလုပ်ငန်းကုမ္ပဏီများသည် ရန်ကုန်မြို့တွင် အခြေစိုက်ကြပါသည်။ ၎င်းပြုပြင်ထုတ်လုပ်ရေး လုပ်ငန်းစက်ရုံများအတွက် လိုအပ်သောကုန်ကြမ်းငါးများအား ရန်ကုန်မြို့ရှိ ငါးလက်ကားဒိုင်ကြီးများထံမှ ငါးလေလံဈေးတွင် လေလံဆွဲ ဝယ်ယူစုဆောင်းကြပါသည်။ ၎င်းကုမ္ပဏီများမှ ပြုပြင် ထုတ်လုပ်သော ငါးကုန်ချောများအား ပြည်တွင်းစားသုံးရန်အတွက် ပြည်တွင်းကုမ္ပဏီများအားလည်း ပြန်လည်ရောင်းချလေ့ရှိပါသည်။ ဖျာပုံဒေသအတွင်းရှိ ရေထွက်ကုန်ငါး ပြုပြင်ထုတ်လုပ်ရေးလုပ်ငန်းများအနေဖြင့် ငါးများအား ရေလုပ်သားများမှသော်၎င်း၊ ငါးဒိုင်ငယ်များမှသော်၎င်း ဝယ်ယူစုဆောင်းကြပါသည်။ အချို့သော ငါးပြုပြင်ထုတ်လုပ်ရေးလုပ်ငန်းများတွင် ကိုယ်ပိုင်ငါးဖမ်း လှေငယ်များရှိကြပါသည်။ ထုတ်လုပ်ပြီးကုန်ချောများအား ဈေးအတွင်းရှိ ငါးခြောက်လက်ကားဆိုင်များနှင့် လက်လီရောင်းချသော ဈေးသယ်များအား ရောင်းချကြပါသည်။ ဖျာပုံဒေသအတွင်းရှိ ငါးပြုပြင်ထုတ်လုပ်ရေးလုပ်ငန်းများမှာ အဓိကအားဖြင့် ငါးပိ၊ ငါးခြောက် ထုတ်လုပ်ရေးလုပ်ငန်းများဖြစ်ပါသည်။

ငါးဖမ်းဆီးမှုတွင် အဓိကအားဖြင့် အမျိုးသားများပါဝင်ပြီး၊ အမျိုးသမီးများမှာ ငါးဖမ်းဆီးရန်ပြင်ဆင်ခြင်းနှင့် ဖမ်းဆီးရရှိသောငါးများအား ပြုပြင်ထုတ်လုပ်ရေးလုပ်ငန်းများတွင် အဓိကပါဝင်ကြပါသည်။ အချို့သောအမျိုးသမီးများသည် ၎င်းတို့၏ခင်ပွန်းများ ငါးဖမ်းဆီးရာတွင် အကူရေလုပ်သားအဖြစ် လိုက်ပါကြပါသည်။ အမျိုးသမီးအများစုသည် ဖမ်းဆီးရရှိသောငါးများအား ရောင်းချရေးနှင့် ငါးဖမ်းပိုက်များဖာထေးပြုပြင်ခြင်းလုပ်ငန်းများတွင် အဓိကပါဝင်ကြပါသည်။ အကြောင်းမှာ မိရိုးဖလာဓလေ့အားဖြင့် ငါးဖမ်းပိုက်ဖာထေးချုပ်လုပ်ခြင်းလုပ်ငန်းမှာ အမျိုးသမီးများကျွမ်းကျင်သော လုပ်ငန်းအဖြစ် လက်ခံထားကြသောကြောင့် ဖြစ်ပါသည်။

အမျိုးသမီးများ၏အခန်းကဏ္ဍမှာ အမြတ်အစွန်းရရှိရန် သေချာသော လက်လီရောင်းချခြင်းဖြစ်သည်။ ကုန်ချောများ လက်ကားရောင်းချရာတွင်မူ အမျိုးသားများက အဓိကအခန်းကဏ္ဍမှ ပါဝင်ကြပါသည်။ ကုန်ချောများအား တဆင့်ခံပွဲစားများသို့ ဈေးညှိနှိုင်းရောင်းချရာတွင်လည်း အမျိုးသားများကသာ အဓိကဦးဆောင်ကြပါသည်။ ကုန်ချောပြုပြင်ထုတ်လုပ်ရေးလုပ်ငန်းများတွင် အမျိုးသမီးများသည် ထုတ်လုပ်ရေး အဆင့်များအလိုက် မိရိုးဖလာ လက်မှုပညာသည်အဖြစ် ပါဝင်ကြပြီး အမျိုးသားများသည် ပြည်ပပို့ကုန်အဖြစ်ရည်ရွယ်သော စက်ရုံများ၏ ထုတ်လုပ်ရေးလုပ်ငန်းများတွင် အဓိကပါဝင်ကြပါသည်။

ရေချိုငါးဖမ်းရေလုပ်သားများအနေဖြင့် မြန်မာနိုင်ငံ၏ ရေချိုငါးဖမ်းကွက်များသို့ နည်းလမ်း ၂ သွယ်ဖြင့် ဝင်ရောက်ဖမ်းဆီးနိုင်ကြပါသည်။

က) **လေလံအင်း ငါးဖမ်းကွက်များ** - အင်းလေလံငါးလုပ်ငန်းများမှာ တိကျစွာ ပိုင်နက်ဧရိယာသတ်မှတ်ထားသော အထူးသီးသန့် ငါးဖမ်းကွက်များဖြစ်ပြီး အစားအစာပေါကြွယ်ဝသော ရေလျှံကွင်းများတွင် ငါးများကို ထိမ်းသိမ်းသိုလှောင်ထုတ်လုပ်ခြင်းဖြစ်သည်။ လေလံအင်းများတွင် သဘာဝအလျောက် ဝင်ရောက်သောငါးများအပြင် ငါးသားပေါက်များကိုလည်း ထည့်သွင်းမွေးမြူထုတ်လုပ်ပါသည်။ ဖျာပုံဒေသတွင် လေလံအင်းပေါင်း ၆၉ ခု ရှိပါသည်။

လေလံအင်းများအားဆောင်ရွက်လိုသော ရေလုပ်ငန်းရှင်များ (အင်းသူကြီး) သည် အင်းအငှားချထား လုပ်ပိုင်ခွင့်အား ဈေးပြိုင်စနစ်ဖြင့် ရယူရန်လိုအပ်ပြီး၊ အင်းလေလံအောင်မြင်သူ အင်းသူကြီးသည် ၎င်းအင်းလုပ်ငန်းရေပြင်အား ၉ နှစ်တာကာလအထိ စီမံခန့်ခွဲ၊ ငါးဖမ်းဆီးထုတ်လုပ်ခွင့် ရရှိပါသည်။ အင်းသူကြီးသည် ၎င်း ၉ နှစ်တာကာလအတွင်း ငါးလုပ်ငန်းရေပြင် (အင်း) အား ထိမ်းသိမ်းစောင့်လျှောက်ခြင်း၊ သဘာဝရေလုပ်ငန်း ရေပြင်အား မှီခိုမှုလျော့နဲစေရန်အတွက် ရေကြီး၊

ရေလျှံချိန်များတွင် မျိုးငါးများ ပုံမှန်စိုက်ထည့်ခြင်းများကို ဆောင်ရွက်ကြရပါသည်။ မျိုးငါးစိုက်ထည့်ရာတွင် အင်းသူကြီးသည် မိမိစိတ်ကြိုက် ငါးအမျိုးအစားများကို ထည့်သွင်းနိုင်ပါသည်။ လေလံအင်း ငါးလုပ်ငန်းရေပြင်တွင် ငါးများအား ဝင်ရောက်ဖမ်းဆီးလိုသော ရေလုပ်သား (တဦးချင်း သို့မဟုတ် အစုအဖွဲ့) များသည် လေလံရရှိထားသော အင်းသူကြီးကသတ်မှတ်သော အခွန်အခအား အင်းသူကြီးသို့ ပေးသွင်းပြီးမှသာ ဝင်ရောက်ဖမ်းဆီးခွင့်ရှိပါသည်။

၂၀၁၃-၂၀၁၄ ခုနှစ်အတွင်း လေလံအင်းလုပ်ငန်းမှ ရေချိုငါးထုတ်လုပ်မှုသည် မြန်မာနိုင်ငံ၏ ရေချိုငါးထုတ်လုပ်မှုစုစုပေါင်း၏ ၂၂ % ရှိခဲ့ပါသည်။ လေလံအင်းများသည် ၂၀၀၉ ခုနှစ်တွင် ၃၅၅၁ ခု ရှိခဲ့ရာမှ ၂၀၁၄ ခုနှစ်တွင် ၃၂၉၀ ခု အထိ လျော့ကျသွားခဲ့သော်လည်း ငါး ထုတ်လုပ်မှုအနေဖြင့် ၂၈ % အထိ တိုးမြင့်ထုတ်လုပ်နိုင်ခဲ့ပါသည်။

ခ) **ဘုံငါးဖမ်းကွက်ငါးလုပ်ငန်း (Open Fishery)** - ငါးလုပ်ငန်းဦးစီးဌာန ဧရိယာသတ်မှတ်ထား သော လေလံအင်းငါးလုပ်ငန်းရေပြင်နှင့် ကန့်သတ်ငါးလုပ်ငန်းရေပြင် (Reserved Fishery) များမှ ကင်းလွတ်သော ရေပြင်များဖြစ်ပါသည်။ ငါးဖမ်းဆီးခွင့်လိုင်စင်အား ငါးလုပ်ငန်းဦးစီးဌာနမှ ထုတ်ပေးပါသည်။ ငါးဖမ်းကိရိယာအားလုံးမှာ ငါးလုပ်ငန်းဦစီးဌာနတွင် ငါးဖမ်းကိရိယာလိုင်စင် ရယူရန်လိုအပ်ပါသည်။ ကြီးမားသောငါးဖမ်းကိရိယာဖြစ်သော "ကျားပိုက် (stow net)" များအနေဖြင့် ပိုက်ချက်နေရာအားလည်း တင်ဒါလိုင်စင် ရယူရန်လိုအပ်ပါသည်။ တင်ဒါလိုင်စင်ဈေးနှုန်း (ပမာဏ) မှာ မျှော်မှန်းထားသော ငါးအထိအမိအပေါ်တွင် မူတည်ပါသည်။

တင်ဒါငါးဖမ်းကွက်အား လေလံအောင်မြင်ပြီး လိုင်စင်ရရှိသူများသည် အများအားဖြင့် မိမိတို့ကိုယ်တိုင် ငါးဖမ်းဆီးထုတ်လုပ်ခြင်း မရှိကြဘဲ တဆင့်ခံလိုင်စင်များအား ညှိနိုင်းဈေးနှုန်းဖြင့် ပြန်လည်ချထားပေးကြလေ့ရှိပါသည်။ တဆင့်ခံလိုင်စင်ရရှိထားသူများသည် ၄င်းတို့ တဆင့်ခံလိုင်စင်ရရှိထားသော ပိုက်ချက်နေရာများတွင် လုပ်ကိုင်လိုသော ကျားပိုက်လုပ်ငန်းရှင် ရေလုပ်သားများအား သတ်မှတ်အခွန်အခဖြင့် လုပ်ကိုင်စေပါသည်။ သတ်မှတ်အခွန်အခအားပေးသွင်းရာတွင် ငွေသားဖြင့် ကြိုတင်ပေးချေခြင်းနှင့် ထိမိသော ငါး/ပုစွန်များအား ကြိုတင်သဘောတူ သတ်မှတ်ထားသောဈေးနှုန်းဖြင့် ပေးသွင်းစေခြင်းများဖြင့် ပေးသွင်းစေလေ့ရှိပါသည်။ ဖျာပုံတွင် တင်ဒါချက် (ငါးဖမ်းကွက်) ပေါင်း ၁၀၇ ခု ရှိပါသည်။

၂၀၁၄ ခုနှစ်တွင် ဘုံငါးလုပ်ငန်းရေပြင်မှ ငါးထုတ်လုပ်မှုမှာ ရေချိုငါးထုတ်လုပ်မှုစုစုပေါင်း၏ ၇၈% ရှိခဲ့ပါသည်။ ၂၀၁၃-၂၀၁၄ ခုနှစ်များတွင် ဘုံငါးဖမ်းရေပြင်မှ ရေချိုငါးထုတ်လုပ်မှုသည် ၂၀၀၉-၂၀၁၀ ခုနှစ်များအတွင်း ထုတ်လုပ်မှုနှင့်နှိုင်းယှဉ်ပါက ၄၁% တိုးမြှင့်ထုတ်လုပ်နိုင်ခဲ့ပါသည်။ ရေလုပ်သားငယ်များသည် များသောအားဖြင့် ၄င်းတို့၏ ငါးဖမ်းကိရိယာငယ်များဖြင့် ဘုံငါးလုပ်ငန်းရေပြင်တွင်သာ ငါးဖမ်းဆီးရန် တတ်နိုင်ကြပါသည်။ အကြမ်းအားဖြင့် ငါးဖမ်းလုပ်သားများသည် ၄င်းတို့ဝင်ရောက်လုပ်ကိုင်နိုင်သော ငါးဖမ်းကွက်များမှာ နှစ်စဉ် ပိုမိုကျဉ်းမြောင်းလာပြီး၊ ၄င်းတို့၏နေအိမ်နှင့် ပိုမိုဝေးကွာလာကြောင်း ခံစားရလျှက်ရှိပါသည်။ အခြားတဖက်တွင်လည်း အင်းလေလံရရှိထားသူများနှင့် တင်ဒါပိုက်ချက်ရရှိထားသူများအနေဖြင့် ရေလုပ်သားငယ်များ၏ တရားမဝင် ကျူးကျော်ဝင်ရောက် ငါးဖမ်းဆီးခြင်းများကြောင့် ၄င်းတို့၏အမြတ်အစွန်းမှာ နှစ်ပေါင်းများစွာ နစ်နာဆုံးရှုံးရလျက်ရှိကြောင်း စောဒကတက်နေကြပါသည်။

၂၀၁၁ ခုနှစ်၊ CBI/Myanmar Seafood Export report မှ စာရင်းဇယားများအရ ရေချိုငါးဖမ်းလုပ်ငန်းများမှ ဖမ်းဆီးရမိသော ပြည်ပပို့ကုန် ငါးအမျိုးအစားများမှာ မြန်မာနိုင်ငံ၏ စုစုပေါင်းပြည်ပပို့ကုန်ငါးများ၏ ၁% သာရှိကြောင်း တွေ့ရှိရပါသည်။ ပြည်ပသို့တင်ပို့သော ရေချိုငါးအများစုမှာ ငါးခူ၊ ငါးကျဉ်း၊ ငါးတန် စသော နုတ်ခမ်းမွေးပါငါးမျိုးရင်း (cat fish species) ဝင်ငါးများဖြစ်ပါသည်။ ၂၀၁၃ ခုနှစ်စာရင်းဇယားများအရ မြန်မာနိုင်ငံသည် အမေရိကန်ဒေါ်လာ ၁.၀၁၂ သန်း (1.012 million US$) တန်ဖိုးရှိသော "နုတ်ခမ်းမွေးပါငါးမျိုးရင်းဝင်" ငါး ၉၃၆ မက်ထရစ်တန်အား ပြည်ပသို့တင်ပို့ခဲ့ကြောင်း တွေ့ရှိရပါသည်။ ၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံမှ "နုတ်ခမ်းမွေးပါငါးမျိုးရင်းဝင်" ငါးများ အေးခဲတင်ပို့မှုမှာ ကမ္ဘာ့ "နုတ်ခမ်းမွေးပါငါးမျိုးရင်းဝင်" ငါး ပြည်ပပို့ကုန်စုစုပေါင်း၏ ၃% ရှိခဲ့ပြီး၊ ကမ္ဘာ့ငါးပြည်ပပို့ကုန်တင်ပို့မှု အများဆုံးနိုင်ငံများစာရင်းတွင် အဆင့် ၅ ရှိခဲ့ပါသည်။ သို့ရာတွင် အများဆုံးတင်ပို့သူ ၁၀ နိုင်ငံ စာရင်းအနက် မြန်မာနိုင်ငံသည် ဈေးအနည်းဆုံးရရှိသော နိုင်ငံဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ အဓိကဝယ်လက်များမှာ တရုတ်နှင့် စင်ကာပူနိုင်ငံတို့ဖြစ်ပြီး၊ စင်ကာပူနိုင်ငံသည် တကီလိုလျှင် ၀.၉၉ အမေရိကန် ဒေါ်လာဈေးဖြင့်၄င်း၊ တရုတ်နိုင်ငံသည် ၁.၁၁ အမေရိကန် ဒေါ်လာဈေးဖြင့်၄င်း ဝယ်ယူခဲ့ကြောင်း တွေ့ရှိရပါသည်။

မြန်မာနိုင်ငံရှိ အိမ်ထောင်စုများသည် မြစ်ကြီး ၄ သွယ်၏ မြစ်ကမ်းပါးများတွင် အခြေချနေထိုင်လျှက်ရှိကြရာ ကုန်းတွင်းပိုင်း ငါးလုပ်ငန်းရေပြင်မှထုတ်လုပ်သော ရေချိုငါးများသည် အိမ်ထောင်စုများ၏ နေ့စဉ်အဟာရအတွက်သာမက အရောင်းအဝယ်လုပ်ငန်းအတွက်ပါ အရေးပါလေသည်။ မြန်မာနိုင်ငံမိသားစုများသည် ရေငန်ငါးထက် ရေချိုငါးကို ပိုမိုဦးစားပေး စားသုံးလေ့ရှိကြပါသည်။ ၂၀၀၆ ခုနှစ်တွင် ဆောင်ရွက်ခဲ့သော ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ (FAO) ၏ စာရင်းဇယား (survey) ကောက်ယူမှုများအရ၊ မြန်မာမိသားစုများ၏ အသားဓာတ်ရရှိမှုတွင် ငါးမှရရှိသော အသားဓာတ်သည် ၂၂ % ရှိကြောင်း တွေ့ရှိရပါသည်။ ၄င်းစာရင်းဇယားများအရ မြန်မာနိုင်ငံ၏ အမျိုးသားအဆင့် နိုင်ငံသားတဦးချင်းအလိုက် ပျမ်းမျှနှစ်စဉ် ငါးနှင့်ရေထွက်ပစ္စည်းစားသုံးမှုပမာဏမှာ ၂၁.၀၂ ကီလိုဂရမ်ရှိပြီး ရေချိုငါး ၃၁.၅%၊ ရေငန်ငါး ၂၃.၅ % နှင့် ရေချို/ရေငန် ငါးပိ ၄၅% ရှိကြောင်း တွေ့ရှိရပါသည်။

ရေချိုငါးဖမ်းဆီးထုတ်လုပ်ရေး လုပ်ငန်းကဏ္ဍခွဲအနေဖြင့် စီးပွားရေးဆိုင်ရာ အင်အားအပြည့်အဝ ရရှိစေရန်အတွက် ငါးသယံဇာတ အရင်းအမြစ်များအား ရေရှည်တည်တံ့စေသောစနစ်တကျထုတ်လုပ်မှုနှင့် တည်တံ့သောဈေးကွက်ရရှိစေရန် ဆောင်ရွက်ရန်လိုအပ်ပါသည်။ ထို့အပြင် လိုအပ်သော ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအားလည်း အလေးထားဆောင်ရွက်ရန် လိုအပ်သည့်အပြင် ရေလုပ်သားများနှင့် ၄င်းတို့၏မိသားစုများအား စားဝတ်နေရေးလုံခြုံမှု (Secure) ရရှိစေရန်ဆောင်ရွက်ပေးခြင်းဖြင့် ရေလုပ်ငန်းအစုအဖွဲ့အနေဖြင့် ကိုယ်ပိုင်ပါဝင်ရင်းနှီးမြှုပ်နှံပြီး သဘာဝအရင်းအမြစ်ကိုအခြေခံသော တိုးတက်စေမှု (improving the resource base) နှင့် သဘာဝအရင်းအမြစ်တန်ဖိုး မြင့်မားစေလာမည်ဖြစ်ပါသည်။

ငါးလုပ်ငန်းဆိုင်ရာ ပြုပြင်ထုတ်လုပ်ရေး စက်မှုလုပ်ငန်းများအနေဖြင့်လည်း ကုန်းတွင်းပိုင်း ရေချိုငါးလုပ်ငန်းအစုအဖွဲ့၏ သင့်လျော်သော အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရေးအတွက် လက်ရှိရရှိထားသော ပြည်တွင်းဈေးကွက် သာမက ပြည်ပပို့ကုန် ဈေးကွက် ကိုပါ တိုးချဲ့ရရှိစေရေးအတွက် ပြုပြင်ပြောင်းလဲ ကျိုးစားဆောင်ရွက်ရေးအား တပြေးညီဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် ရေလုပ်ငန်းအားအခြေခံသော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ရရှိစေရန်အတွက် အပြည်ပြည်ဆိုင်ရာ စံသတ်မှတ်ချက်များနှင့်ကိုက်ညီသော တန်ဖိုးမြင့်ရေထွက်ကုန်ပစ္စည်းများထုတ်လုပ်ပြီး ဈေးကွက်သစ်များရှာဖွေခြင်း၊ ရရှိပြီးဈေးကွက်များအားလည်း တန်ဖိုးမြင့် ရေထွက်ပစ္စည်းများ တိုးမြင့်တင်ပို့ခြင်းများကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ထိုသို့ ဈေးကွက်ချဲ့ထွင်ခြင်းကြောင့် လုပ်သားလိုအပ်ချက်များ ပိုမိုလာမည်ဖြစ်ပြီး၊ လုပ်သားဈေးကွက် မြဲမြံလာစေမည်ဖြစ်ပါသည်။ ထိုသို့ လုပ်သားဈေးကွက် မြဲမြံလာခြင်းကြောင့် ကျွမ်းကျင်မှုအသင့်အတင့်ရှိသောလုပ်သားများနှင့် ကျွမ်းကျင်မှုမရှိသောလုပ်သားများအတွင်း ပြိုင်ဆိုင်မှုမြင့်မားလာပြီး လစာနှုန်းမြင့်မားသော ရာသီစားလုပ်သားများနှင့် သာမန်နေ့စားလုပ်သားများ ခွဲခြားခန့်ထားရေးဆိုင်ရာ ဝန်ထမ်းဖွဲ့စည်းပုံ ဖြစ်ပေါ်လာရေးအတွက် ပံ့ပိုးတွန်းအားပေးသွားမည်ဖြစ်ပါသည်။

ပြည်ပပို့ကုန်ထုတ်လုပ်သောရေလုပ်ငန်းဆိုင်ရာ ပြုပြင်ထုတ်လုပ်ရေး စက်ရုံများအနေဖြင့်လည်း နိမ့်ကျသောလုပ်ခလစာနှင့် ထုတ်လုပ်မှု အချိုးအစားကြောင့် ကြုံတွေ့လာနိုင်သော ပြင်ပမှ အသေးစိတ်စီစစ်ခြင်းများနှင့် ဂုဏ်သိက္ခာကျဆင်းစေမည့် အလားအလာများအား ပြင်ဆင်သည့်အနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးခြင်း၊ ပိုမိုမြင့်မားသော လုပ်ခလစာနှင့် ပိုမိုကောင်းမွန်သော လုပ်ငန်းခွင်အခြေအနေများ ဖန်တီးပေးရန် လိုအပ်မည်ဖြစ်ပါသည်။

အောက်ဖော်ပြပါဇယားသည် ဖျာပုံ ရေချိုငါးဖမ်းလုပ်ငန်း ကဏ္ဍခွဲတွင်ရှိသော အဓိကဦးစားပေးဖြေရှင်းရမည့် အတားအဆီးများ၊ အခွင့်အလမ်းများနှင့် အဆိုပြုကြားဝင်ဆောင်ရွက်ခြင်းများဖြစ်သည်။

| အဓိကကျသော အတားအဆီးများ၊ အခွင့်အလမ်းများနှင့် အဆိုပြု ကြားဝင် ဆောင်ရွက်ခြင်းများ အနှစ်ချုပ် ဖေါ်ပြချက် | |
|---|---|
| **အတားအဆီးများနှင့် အခွင့်အလမ်းများ** | **အဆိုပြုကြားဝင်ဆောင်ရွက်ခြင်းများ** |
| **သွင်းအားစု** | |
| စားသောက်ကုန်ဆိုင်ရာ ဘေးအန္တရာယ်ကင်းရှင်းရေး စံချိန်စံညွှန်းများအား လိုက်နာမှုအားနည်းပြီး ရေခဲဖြန့်ဖြူးခြင်းနှင့် လက်လီရောင်းချခြင်းလုပ်ငန်းများတွင် အစားအစာ ဘေးအန္တရာယ်ကင်းရေးနှင့် ကောင်း မွန်သော အလုပ်သမားရေးရာအလေ့အကျင့် (GLP) များကို လေးစားလိုက်နာမှုအားနည်းခြင်း။<br>လုပ်ငန်းခွင်ဘေးကင်းရေးနှင့် ကျန်းမာရေး (OSH)၊ ရေခဲကို သန့်ရှင်စွာကိုင်တွယ်ခြင်းများနှင့် ပတ်သက်သော သင်တန်းမတက်ဖူးသူ အလုပ်သမား အများအပြားရှိခြင်း။<br>**အခွင့်အလမ်း**<br>ရေခဲဖြန့်ဖြူးခြင်းနှင့် လက်လီရောင်းချရေးများတွင် ကျွမ်းကျင်မှုနှင့် လုပ်ငန်းခွင်အခြေအနေများ တိုးတက်အောင်ဆောင်ရွက်ပေးခြင်းဖြင့် လေလွင့်ဆုံးရှုံးမှုနှင့် ပိုးမွှားကူးစက်ခြင်းများအား လျှော့ကျစေပြီး ရေခဲရိုက်ခြင်းစွမ်းရည် တိုးတက်လာစေမည်ဖြစ်ပါသည်။ | ရေခဲကိုင်တွယ်ခြင်းနှင့် လုပ်ငန်းခွင်ဘေးကင်းရေးနှင့် ကျန်းမာရေး (OSH) သင်တန်းများအား ရေခဲဖြန့်ဖြူးသူများနှင့် လက်လီရောင်းချသူများသို့ သင်တန်းများပေးခြင်းဖြင့် စားသောက်ကုန်ဆိုင်ရာ ဘေးအန္တရာယ်ကင်းရှင်းရေး စံချိန်စံညွှန်းများနှင့်ကိုက်ညီလာပြီး ရေခဲစက်ရုံများ၏ စွမ်းဆောင်ရည်မြင့်မားလာမည်ဖြစ်ပါသည်။ |
| အစားထိုးလဲလှယ်မည့် ငါးဖမ်းကိရိယာများအတွက် ကြိုတင်ငွေပေးချေရန် ရေလုပ်သားများအနေဖြင့် မတတ်နိုင်ခြင်း။<br>ငါးဖမ်းပိုက်နှင့် ငါးဖမ်းကိရိယာ ဖြန့်ဖြူးသူများနှင့် (အမျိုးသမီးများအပါအဝင်) ငါးဖမ်းပိုက် တပ်ဆင်ချုပ်လုပ်သူများအနေဖြင့် လက်ရှိငါးဖမ်းကိရိယာများအတွက် ထုတ်ပြန်ထားသောစည်းမျဉ်း စည်းကမ်းများနှင့် ငါးဖမ်းကိရိယာများ၏ ရွေးချယ်ထိမိစေရန် ပုံစံထုတ်တည်ဆောက်ထားမှု အနှစ်သာရများအား နားလည်သိရှိမှုအားနည်းခြင်း။<br>အမျိုးသမီးများ၏ ငါးဖမ်းပိုက် တပ်ဆင်၊ ပြုပြင်၊ ဖာထေးခြင်းလုပ်ငန်းများအား တန်ဖိုးထားမှုမရှိခြင်း။<br>**အခွင့်အလမ်း**<br>ငါးဖမ်းကိရိယာများအား ပိုမိုကောင်းမွန်အောင် အဆင့်မြှင့်တင်ခြင်းဖြင့် လောင်စာချွေတာခြင်း၊ ဘေးအန္တရာယ်ကင်းရှင်းခြင်းနှင့် ရေချိုငါးလုပ်ငန်း၏ အလွန်အကျွံ ငါးဖမ်းဆီးထုတ်လုပ်နေမှုအား လျှော့ကျစေနိုင်ပါသည်။ | ကျေးရွာအဆင့် ငါးဖမ်းပိုက် တပ်ဆင်သူများမှတဆင့် ပိုမိုအကျိုးရှိပြီး ထိမိမှုကောင်းမွန်သော သီးသန့်ရွေးချယ်ထိမိစေသော ငါးဖမ်းကိရိယာ အမျိုးအစားအသစ်များအကြောင်းအား ရေလုပ်သားများသို့ ပညာပေးခြင်းနှင့် ရေလုပ်သားများနှင့် ငါးဖမ်းပိုက်တင်သွင်းဖြန့်ဖြူးသူများအား ချိတ်ဆက်ပေးခြင်းဖြင့်အဆင့်မြင့်ငါးဖမ်းကိရိယာများအား ရေလုပ်သားများမှ လက်လှမ်းမှီစေခြင်း။<br>ရေလုပ်ငန်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများအားလိုက်နာခြင်းဖြင့်ငွေကြေးအကျိုးအမြတ်ရရှိကြောင်းကို ရေလုပ်သားများနှင့် ငါးဖမ်းပိုက်တပ်ဆင်သူများမှ နားလည်လက်ခံလာအောင် ပညာပေးခြင်း။ |
| **ဖမ်းဆီးခြင်း** | |
| ရေလုပ်သားများအနေဖြင့် ရေရှည်တည်တံ့ပြီး ရာသီဥတုနှင့်ကိုက်ညီသော ငါးဖမ်းနည်းစနစ်အားသိရှိပြီး လက်ခံကျင့်သုံးနိုင်ရန် လက်လှမ်းမမှီခြင်း။<br>ရေရှည်တည်တံ့သော ငါးလုပ်ငန်းနည်းစနစ်များအား လက်ခံကျင့်သုံးခြင်းဖြင့် အကျိုးအမြတ်ရရှိနိုင်ကြောင်း သဘောပေါက်မှု အားနည်းခြင်း၊ ရေလုပ်သားများအနေဖြင့် စီးပွားဖြစ်စီမံခန့်ခွဲခြင်းနည်းစနစ်များအားမသိရှိခြင်း၊<br>လုပ်ငန်းခွင်ဘေးကင်းရေးနှင့် ကျန်းမာရေး (OSH) ဆိုင်ရာ အကောင်အထည်ဖေါ်ဆောင်ရွက်မှုများအား နားလည်မှုအားနည်းခြင်း။<br>**အခွင့်အလမ်း**<br>ရေရှည်တည်တံ့သော ငါးလုပ်ငန်းနည်းစနစ်အား ကျင့်သုံးခြင်းဖြင့် ရာသီဥတုပြောင်းလဲခြင်းကြောင့် ဖြစ်ပေါ်လာသော သက်ရောက်မှုများအား ကုစားနိုင်ပြီး အထွေထွေငါးထုတ်လုပ်မှုနှင့် ပိုမိုကောင်းမွန်သော ဈေးကွက်ရရှိနိုင်ပါသည်။<br>ရေလုပ်ငန်းဆိုင်ရာ ပြည်ပပို့ကုန်လုပ်ငန်းရှင်များနှင့် ကုန်သည်များအနေဖြင့် အမြတ်အစွန်းရရှိနိုင်သည့် အခြေအနေအားထိန်းသိမ်းပြီး ရေရှည်တည်တံ့သော ရေထွက်ပစ္စည်းထုတ်လုပ်မှုဖြင့် ခိုင်မာသော စီးပွားရေးဆိုင်ရာမက်လုံးအား ရရှိနိုင်ပါသည်။ | ရေလုပ်သားများအား ဒေသတွင်း စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းဖြင့် ရေရှည်တည်တံ့ပြီး ရာသီဥတုနှင့် ကိုက်ညီသော ရေလုပ်ငန်းနည်းစနစ်များအား လက်ခံကျင့်သုံးပြီး ၎င်းတို့၏ ငါးဖမ်းလုပ်ငန်းအား ရေရှည်တည်တံ့အောင် စီမံဆောင်ရွက်တတ်လာစေနိုင်ပါမည်။ |

<table>
<tr><th colspan="2">အဓိကကျသော အတားအဆီးများ၊ အခွင့်အလမ်းများနှင့် အဆိုပြု ကြားဝင် ဆောင်ရွက်ခြင်းများ အနှစ်ချုပ်ဖော်ပြချက်</th></tr>
<tr><th>အတားအဆီးများနှင့် အခွင့်အလမ်းများ</th><th>အဆိုပြုကြားဝင်ဆောင်ရွက်ခြင်းများ</th></tr>
<tr><td colspan="2">အရောင်းအဝယ်ပြုလုပ်ခြင်း</td></tr>
<tr><td>ငါးဒိုင်များ၏ မှားယွင်းသောအရည်အသွေး ထိန်းသိမ်းရေးနှင့် အစားအစာ ဘေးအန္တရာယ်ကင်းရှင်းရေးနည်းစနစ်များ၊ အရည်အသွေးအာမခံခြင်းနှင့်သက်ဆိုင်သော ဗဟုသုတနည်းပါးခြင်းတို့သည် ငါးဒိုင်များမှ အရည်အသွေးမြင့်မားပြီး အစားအစာ ဘေးအန္တရာယ်ကင်းရှင်းရေး စံချိန်စံညွှန်းများနှင့် ကိုက်ညီသော ရေထွက်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်မှုစွမ်းအားကို ကန့်သတ်ထားသည်။<br><br>ရေလုပ်သားများနှင့် ကုန်သည်များအနေဖြင့် အစားအစာ ဘေးအန္တရာယ်ကင်းရှင်းရေးနည်းစနစ်များနှင့် အဆင့်မြင့် - အရည်အသွေးမြင့်မားသော ထုတ်လုပ်ရေးနည်းလမ်းများအား လိုက်နာကျင့်သုံးရေးအတွက် လိုအပ်သောအရင်းအမြစ်နှင့် ဝန်ဆောင်မှုများအား ရရှိမှုမရှိခြင်း။<br><br>ထုတ်လုပ်ပြီး ရေထွက်ကုန်ပစ္စည်းများအား သိုလှောင်ရေးနှင့် စနစ်တကျကိုင်တွယ်ရေးနှင့် ပတ်သက်သော ထွက်ပေါ်လာသည့် (issue) ကိစ္စရပ်များအား သဘောပေါက်နားလည်မှုမရှိခြင်း။<br><br>အခွင့်အလမ်း<br><br>ရေလုပ်သားများနှင့် ရေလုပ်ငန်းဆိုင်ရာကုန်သည်များ၏ အစားအစာ ဘေးအန္တရာယ်ကင်းရှင်းရေး စံချိန်စံညွှန်းများအားလိုက်နာသော စွမ်းဆောင်ရည်အားမြှင့်တင်ပေးခြင်းဖြင့် ပြည်ပပို့ကုန် တိုးတက်ရရှိခြင်း၊ ဈေးနှုန်းအနိမ့်ခံရခြင်းနှင့် ကုန်ချောရေထွက်ပစ္စည်းများ လေလွင့်ဆုံးရှုံးခြင်းများအား ကာကွယ်တားဆီးနိုင်မည်ဖြစ်ပါသည်။<br><br>ထုတ်လုပ်မှုဆိုင်ရာ စွမ်းဆောင်ရည်မြင့်မားလာစေရန် ကျယ်ပြန့်သောဂွင်းဆက်ချိတ်ဆက်မှုအား ဆောင်ရွက်ခြင်းဖြင့်  ငါးဖမ်းလုပ်ငန်း၏ ထုတ်လုပ်မှုကုန်ကျစရိတ် အားလျှော့ချနိုင်ခြင်း၊ ထုတ်လုပ်ရေးဂွင်းဆက် (supply chain) အတွင်းသို့ တိုက်ရိုက်တင်ပို့နိုင်ခြင်း၊ မြင့်မားသောအမြတ်အစွန်းရရှိခြင်း စသောအကျိုးကျေးဇူးများရရှိလာပြီး အမျိုးသားများနှင့် အမျိုးသမီးများပါ အပါအဝင်ဖြစ်သော ရေလုပ်ငန်းဆိုင်ရာ ဖမ်းဆီးထုတ်လုပ်- ရောင်းဝယ်သူများအားလုံးအား တိုးတက်မှုရရှိစေမည်ဖြစ်ပါသည်။</td><td>ငါးစုဆောင်းသော ငါးဒိုင်များ၏အရည်အသွေးအား မြင့်မားစေခြင်းဖြင့် အခြေခံအစားအစာ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် မှန်ကန်သော ငါးကိုင်တွယ်ရေးဆိုင်ရာကိစ္စရပ်များအား လိုက်နာလုပ်ဆောင်ရန်  လုပ်သားများနှင့် ကုန်ပစ္စည်းပေးသွင်းသူများအား ဦးဆောင်လမ်းညွှန်ပေးမည်ဖြစ်ပါသည်။</td></tr>
<tr><td colspan="2">ကုန်ချော ပြုပြင်ထုတ်လုပ်ရေး</td></tr>
<tr><td>လုပ်သားများ၏ နိမ့်ကျသော ကုန်ထုတ်လုပ်မှုစွမ်းအားနှင့် မတည်ငြိမ်သော လျှပ်စစ်ဓါတ်အားရရှိမှုကြောင့် ထုတ်လုပ်မှုကုန်ကျစရိတ် မြင့်မားခြင်း။<br><br>ပြုပြင်ထုတ်လုပ်ရေးကုမ္ပဏီများအတွက် လုပ်ငန်းခွင်ဘေးကင်းရေးနှင့် ကျန်းမာရေး (OSH) ဆိုင်ရာလုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်မှုနှင့် ထုတ်လုပ်မှုစွမ်းဆောင်ရည် တိုးမြှင့်ရေးအတွက် အကူအညီပေးနိုင်သော ဝန်ဆောင်မှုများမရရှိခြင်း။<br><br>အခွင့်အလမ်း<br><br>ထုတ်လုပ်မှုစွမ်းဆောင်ရည်မြင့်မားစေခြင်းသည်  အပြည်ပြည်ဆိုင်ရာဈေးကွက်တွင်  ပြုပြင်ထုတ်လုပ်ပြီး ကုန်ချောများ၏ ဈေးကွက်ယှဉ်ပြိုင်နိုင်မှုကို အပြုသဘောဆောင်သောသက်ရောက်မှု ဖြစ်ပေါ်စေပါသည်။</td><td>ဦးစားပေးအဖြစ် ပြုပြင်ထုတ်လုပ်ရေးကုမ္ပဏီများနှင့် အခြားသော ရေချိုငါးလုပ်ငန်း ကဏ္ဍငယ်အတွင်းရှိ လုပ်ငန်းများအား ၎င်းတို့နှင့်သက်ဆိုင်သော ဝန်ဆောင်မှုများပေးခြင်း။</td></tr>
<tr><td colspan="2">လက်လီဖြန့်ဖြူးရေး</td></tr>
<tr><td>အမျိုးသမီးအများစုဖြစ်သော  လက်လီဈေးသည်များအနေဖြင့်  လုံခြုံစိတ်ချရပြီး  ကျန်းမာရေးနှင့်  ညီညွတ်သော ရေထွက်ပစ္စည်းများအား ကိုင်တွယ်နည်းများအား သိရှိစေမည့်ဝန်ဆောင်မှုများနှင့် လိုအပ်သော အခြေခံအဆောက်အအုံများဆိုင်ရာ အထောက်အပံ့မရရှိခြင်း။<br><br>အခွင့်အလမ်း<br><br>သန့်ရှင်းပြီး အညစ်အကြေးကင်းစင်သော ငါးကုန်စည်များသည် ပြုပြင်ထုတ်လုပ်ပြီး ကုန်ချောများဆုံးရှုံးခြင်းနှင့် ကျန်းမာရေးဆိုင်ရာ ဘေးအန္တရာယ် (health hazards) အား လျော့ကျစေပါသည်။</td><td>Improvement of access of vendors to services that would enable them to adopt better marketing practices parallel to ensuring that there are sufficient market-based incentives to facilitate upgrading</td></tr>
</table>

<table>
<tr><th colspan="2">အဓိကကျသော အတားအဆီးများ၊ အခွင့်အလမ်းများနှင့် အဆိုပြု ကြားဝင် ဆောင်ရွက်ခြင်းများ အနှစ်ချုပ်ဖော်ပြချက်</th></tr>
<tr><th>အတားအဆီးများနှင့် အခွင့်အလမ်းများ</th><th>အဆိုပြုကြားဝင်ဆောင်ရွက်ခြင်းများ</th></tr>
<tr><th colspan="2">ပတ်ဝန်းကျင်အား အထောက်အကူပြုခြင်း</th></tr>
<tr><td>ရေချိုငါးလုပ်ငန်းဆိုင်ရာ ဆက်စပ်လုပ်ငန်းအားလုံးတွင် (all function in chain) အစားအစာဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုပ်ငန်းခွင်ဘေးကင်းရေးနှင့် ကျန်းမာရေး (OSH) စသော စံနှုန်းများအတွက် မတည်ငြိမ်သော အကောင်အထည်ဖော်ဆောင်ရွက်မှုများနှင့် နည်းဥပဒေများအား လိုက်နာစေရန် အရေးယူဆောင်ရွက်မှုများ အားနည်းခြင်း။<br><br>အခွင့်အလမ်း<br><br>ခိုင်မာပြီး ထိရောက်သော အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများသည် တာဝန်ခံမှုရှိသော ငါးလုပ်ငန်းဆိုင်ရာ စီပွားရေးလုပ်ငန်း ထူထောင်ရေးအတွက် ပြောင်းလဲမှုဖြစ်စဉ်အားတိုးတက်စေခြင်း၊ ဆန်းသစ်တီထွင်ခြင်းများအတွက် ဖန်တီးရာနေရာအဖြစ် အသုံးချဆောင်ရွက်နိုင်ပါသည်</td><td>MFF ဖျာပုံနှင့် ပူးပေါင်းဆောင်ရွက်ပြီး ငါးလုပ်ငန်းဆိုင်ရာ စီမံခန့်ခွဲမှု၊ အစားအစာဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုပ်ငန်းခွင်ဘေးကင်းရေးနှင့် ကျန်းမာရေး(OSH) တို့နှင့်ပတ်သက်သောစံနှုန်းများ၊ နည်းဥပဒေများနှင့် လိုက်လျောညီထွေမှုရှိသော လုပ်ငန်းဆောင်ရွက်မှု စီမံချက်တခုအား ဖေါ်ထုတ်ရန်ဖြစ်ပါသည်။</td></tr>
<tr><td>လက်ရှိကျင့်သုံးနေသော ငါးလုပ်ငန်းစီမံခန့်ခွဲမှုနည်းစနစ်သည် ကျယ်ပြန့်စွာ သဘောတူညီမှုရရှိသော တာဝန်ခံယူမှုရှိသည့် ရေလုပ်ငန်းစနစ်တခုအား ဖေါ်ဆောင်ရာတွင် အဟန့်အတားဖြစ်လျှက်ရှိပါသည်။<br>ငါးလုပ်ငန်းပူးပေါင်းစီမံခန့်ခွဲမှု စနစ်တရပ်ထူထောင်ရန် လုံလောက်သောမူဝါဒနှင့် တရားဝင်မူဘောင်များ၏ အထောက်အပံ့မရှိခြင်း။<br><br>အခွင့်အလမ်း<br><br>ရှေ့ပြေးစမ်းသပ်ဆောင်ရွက်ခဲ့မှုနှင့် မကြာမီအကောင်အထည်ဖေါ်ဆောင်ရွက်တော့မည့် LIFT နှင့် DOF တို့၏ ငါးလုပ်ငန်းပူးပေါင်းစီမံခန့်ခွဲမှုစီမံကိန်းသည် ရေလုပ်ငန်းအစုအဖွဲ့တွင် အမျိုးသမီးများနှင့် အမျိုးသားများ ပိုမိုပါဝင်စေနိုင်သည့် ငါးလုပ်ငန်းပူးပေါင်းစီမံခန့်ခွဲမှု စနစ်တရပ်ဖေါ်ထုတ်နိုင်ရေးအတွက် အစဉ်ပြေချောမွေ့စေမည်ဖြစ်ပါသည်။</td><td>ရေရှည်တည်တံ့သော သဘာဝပတ်ဝန်းကျင်မပျက်စီးစေဘဲ လူမှုရေးဆိုင်ရာနှင့် စီးပွားရေးဆိုင်ရာရည်မှန်းချက်များအား ပြည့်မီစေပြီး အများပါဝင်ဆောင်ရွက်ခွင့်ရှိသည့် ရေလုပ်ငန်းပူးပေါင်းစီမံခန့်ခွဲမှုစနစ်တရပ်အား ဖေါ်ထုတ်ရာတွင် အထောက်အကူပေးရန်။</td></tr>
</table>

# အပိုင်း (၁)

# မိတ်ဆက်

## က။ နောက်ခံသတင်းအချက်အလက်

မြန်မာနိုင်ငံတွင် တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်းနှင့်ပတ်သက်၍ ငွေကြေးထောက်ပံ့ပေးသော DANIDA အဖွဲ့၏ အစိတ်အပိုင်း ၂ မဟာဗျူဟာကို အသိပေးရန် ရေချိုငါးဖမ်းလုပ်ငန်း တန်ဖိုးမြှင့်ဖြစ်စဉ်အကဲဖြတ်မှု (VCA) ကို ဆောင်ရွက်ခြင်းဖြစ်သည်။ အစိတ်အပိုင်း ၂ သည် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့(အိုင်အယ်လ်အို) ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ပြီး မြန်မာနိုင်ငံ၏ ငါးလုပ်ငန်းနှင့်အထည်ချုပ်လုပ်ငန်းတို့တွင် လုပ်ကိုင်နေကြသော အမျိုးသားနှင့်အမျိုးသမီးထုနစ်ရပ်လုံးအတွက် သင့်လျော်ကောင်းမွန်သော အလုပ်အကိုင်အခွင့်အလမ်းများကို ဖန်တီးပေးရန်ရည်ရွယ်ပါသည်။

ငါးလုပ်ငန်းကဏ္ဍ၌ တန်ဖိုးမြှင့်ဖြစ်စဉ်ကို လေ့လာရာတွင် ကာလ ၃ ရပ် ပါဝင်ပါသည်။ ထိုကာလ ၃ ရပ်မှာ-

**ပထမကာလ** - တန်ဖိုးမြှင့်ဖြစ်စဉ်အကဲဖြတ်မှု VCA လေ့လာမှု ပထမကာလကို ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်မှ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်အတွင်း စီစဉ်ဆောင်ရွက်ခဲ့သည်။ မြန်မာနိုင်ငံ ငါးလုပ်ငန်းကဏ္ဍနှင့်ပတ်သက်၍ ယခင်လေ့လာမှုများကို စိစစ်သုံးသပ်ခြင်းအပါအဝင် ပထမအစီအစဉ်ရေးဆွဲပြီး လက်တွေ့ကွင်းဆင်းအကဲဖြတ်ခြင်းမတိုင်မီ အချက်အလက်ကောက်ယူခြင်းနှင့် ကြိုတင်ပြင်ဆင်ခြင်းများ ပါဝင်ပါသည်။

**ဒုတိယကာလ** - တန်ဖိုးမြှင့်ဖြစ်စဉ်အကဲဖြတ်မှု VCA ဒုတိယကာလကို ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီ ၁၃ ရက်မှ ဖေဖော်ဝါရီလ ၄ ရက်အထိ စီမံဆောင်ရွက်ခဲ့ကာ လေ့လာထားသော ထုတ်လုပ်မှုအတိုင်းအတာနှင့် ဈေးကွက်အခွင့်အလမ်းများအပေါ်အခြေခံ၍ မြန်မာနိုင်ငံငါးလုပ်ငန်း၌ ကဏ္ဍခွဲ ၇ ခုကို စကာတင်ရွေးချယ်ခြင်း ပြုလုပ်ပါသည်။ ဦးစားပေးဆောင်ရွက်ခြင်းအတွက် ထိုကဏ္ဍခွဲတစ်ခုစီကို အလျင်အမြန် အကဲဖြတ်မှုဆောင်ရွက်ပြီး ကဏ္ဍခွဲ ၂ ခုကို အသေးစိတ် ခွဲခြမ်းစိတ်ဖြာလေ့လာခြင်းများ ပြုလုပ်သည်။

**တတိယကာလ** - တန်ဖိုးမြှင့်ဖြစ်စဉ်အကဲဖြတ်မှု VCA လေ့လာမှု တတိယကာလကို ၂၀၁၅ခုနှစ်၊ ဖေဖော်ဝါရီ ၁၆ ရက်မှ မတ်လ ၆ ရက်အတွင်း ဆောင်ရွက်ခဲ့သည်။ ရွေးချယ်ထားသော ကဏ္ဍခွဲနှစ်ခုကို အသေးစိတ်ထပ်မံခွဲခြမ်းစိတ်ဖြာ လေ့လာခြင်းအပါအဝင် လုပ်ငန်းနယ်ပယ်တွင် တိုးတက်မှုနှင့် သင့်လျော်ကောင်းမွန်သော အလုပ်အကိုင်များဖန်တီးပေးခြင်းကို ထောက်ပံ့ပေးရာတွင် အိုင်အယ်လ်အိုအနေဖြင့် ဆောင်ရွက်ပေးနိုင်သော ဝန်ဆောင်မှုပုံစံများနှင့် ဆောင်ရွက်မည့်နည်းလမ်းများကို ရွေးချယ်ဖော်ထုတ်ခြင်းလည်း ပါဝင်ပါသည်။

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်(MFF)နှင့်ငါးလုပ်ငန်းဦးစီးဌာန(DOF) မှကိုယ်စားလှယ်များ၊လုပ်ငန်းနယ်ပယ်ရှိအဓိကသက်ဆိုင်သူများနှင့် အစည်းအဝေးပြုလုပ်ခြင်း၊ လူတွေ့မေးမြန်းမှုများ ပြုလုပ်ခြင်းအပြင် ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်များ[၁] နှင့် ငါးလုပ်ငန်းဦးစီးဌာန (DOF)[၂] မှ အစီရင်ခံစာများ၊ ရရှိထားသည့်အချက်အလက်များနှင့် ပတ်သက်ပြီး ပထမကာလတွင်ဆောင်ရွက်ခဲ့သော စိစစ်သုံးသပ်ချက်များ၊ စသည်တို့အပေါ်အခြေခံ၍ အောက်ပါကဏ္ဍခွဲများကို စဉ်းစားသုံးသပ်ရန်အတွက် ရွေးချယ်ဖော်ပြခဲ့သည်။

- ငါးမြစ်ချင်း
- တီလားပီယား
- ကကတစ်
- ရွှံ့ကဏန်း
- ရေချိုပုစွန်ထုပ်နှင့် ရေငန်ပုစွန် (မွေးမြူရေး)
- ရေချိုငါးဖမ်းလုပ်ငန်း
- ပင်လယ်ငါးဖမ်းလုပ်ငန်း

စဉ်းစားသုံးသပ်ရန်အတွက် ကဏ္ဍခွဲများ စကာတင်ရွေးချယ်ခြင်းကို လေ့လာသိရှိရသော ဈေးကွက်အခွင့်အလမ်းများနှင့် ထုတ်လုပ်မှုအတိုင်းအတာအပေါ် အခြေခံထားခြင်းဖြစ်သည်။ ပုံ ၁ တွင် စကာတင်ရွေးချယ်ထားသော ကဏ္ဍခွဲ ၇ ခု ၏ နှိုင်းယှဉ်ကြည့်နိုင်သော ဆွဲဆောင်မှုများကို ဖော်ပြထားသည်။

လုပ်ငန်းနယ်ပယ်တွင်လုပ်ကိုင်နေသည့် အမျိုးသားနှင့် အမျိုးသမီးထုနစ်ရပ်လုံးက သင့်လျော်ကောင်းမွန်သော အလုပ်အကိုင်အခြေအနေများကို သိမြင်နားလည်စေရန် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ အလုပ်အကိုင်ဖြစ်ထွန်းစေခြင်း၊ တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်း ကျင့်သုံးလုပ်ဆောင်မှုများကို အဟန့်အတားဖြစ်စေသည့် အကြောင်းတရားများကို ဖြေရှင်းခြင်းဖြင့် အားလုံးပါဝင်ပြီး ရေရှည်တည်တံ့နိုင်မြဲသော တိုးတက်မှုများကို မြှင့်တင်ဆောင်ရွက်မည်ဆိုသည့် အိုင်အယ်လ်အို၏ တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်းစီမံကိန်းရည်ရွယ်ချက်နှင့်ကိုက်ညီရန် ကဏ္ဍခွဲရွေးချယ်မှုအတွက် စံများကိုသတ်မှတ်ထားသည်။

ရွေးချယ်မှုစံများကို အောက်ပါအတိုင်းသတ်မှတ်ထားသည်။

- ကဏ္ဍခွဲ၏ အရွယ်အစားနှင့် အတိုင်းအတာပမာဏ
- ဈေးကွက်ဝယ်လိုအားနှင့် တိုးတက်မှုအလားအလာ
- အလုပ်အကိုင်ခန့်အပ်မှုများဖြစ်ထွန်းခြင်း
- အလားအလာရှိသည့်အရာများကိုအဆင့်မြှင့်တင်ဆောင်ရွက်ခြင်း

ကဏ္ဍခွဲများကို ဦးစားပေးရွေးချယ်ရာတွင် စီမံကိန်းအနေဖြင့် အမျိုးသမီးများပါဝင်နေသောအပိုင်းနှင့် ကျွမ်းကျင်မှုစွမ်းရည် ဖွံ့ဖြိုးတိုးတက်မှု၊ ပိုမိုကောင်းမွန်သော အလုပ်အကိုင်အခြေအနေများ၊ ဝင်ငွေတိုးပွားရရှိမှုနှင့်အတူ ဖွံ့ဖြိုးတိုးတက်မှုမှ အကျိုးခံစားရခွင့်ရှိ/မရှိကိုပါ ထည့်သွင်းစဉ်းစားသုံးသပ်ခြင်းဖြစ်သည်။

ကဏ္ဍခွဲရွေးချယ်မှုအတွက် စံတစ်ခုခြင်းစီအလိုက် အရေးကြီးသလို စံအားလုံးပါဝင်အောင် ထည့်သွင်းစဉ်းစားသုံးသပ်ခဲ့သည်။ ၂၀၁၅ ခု

[၁] LIFT အစီအစဉ်၊ WorldFish/MyFish ၊ CBI အစီရင်ခံစာ၊ IDE ဆွေးနွေးမှုစာတမ်း၊ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့၏ဘက်စုံလေ့လာမှုများ၊ DOF၊ MFF၊ USAID၊ Dr.Edwards ၊ NAG ၊ အခြားငါးလုပ်ငန်းကျွမ်းကျင်ပညာရှင်များနှင့် အဖွဲ့အစည်းများ
[၂] ငါးလုပ်ငန်းဦးစီးဌာန၏ ငါးလုပ်ငန်းစာရင်းဇယား၊ ၂၀၁၃ နှင့် ၂၀၁၄




Figure 1. Relative Attractiveness of the Seven Shortlisted Subsectors

နှစ်၊ ဇန်နဝါရီလ ၂၆ ရက်တွင် လုပ်ငန်းနယ်ပယ်မှ ကိုယ်စားလှယ်များ၊ ငါးလုပ်ငန်းဦးစီးဌာန၊ ငါးလုပ်ငန်းအဖွဲ့ချုပ်၊ အလုပ်သမားသမဂ္ဂများ ပါဝင်သော နေ့တစ်ဝက်ကြာ အလုပ်ရုံဆွေးနွေးပွဲကိုကျင်းပကာ ကဏ္ဍခွဲများအတွက် အဆင့်သတ်မှတ်ခြင်းနှင့် ဦးစားပေးသတ်မှတ်ခြင်းကို ဆောင်ရွက်ခဲ့သည်။ အလုပ်ရုံဆွေးနွေးပွဲအချိန်အတွင်း တက်ရောက်ပါဝင်သူများသည် စကာတင်ရွေးချယ်ထားသော ကဏ္ဍခွဲများကို စံတစ်ခုချင်းစီအလိုက် နှိုင်းချင့်သုံးသပ်ကြပြီး ကဏ္ဍခွဲများကို အဆင့်သတ်မှတ်ခြင်းနှင့် ဦးစားပေးခြင်းများ ပြုလုပ်ခဲ့ကြသည်။ ပင်လယ်ငါးဖမ်းလုပ်ငန်း၊ ရေချိုငါးဖမ်းလုပ်ငန်း၊ ရေငန်ပုစွန်နှင့် ရေချိုပုစွန် လုပ်ငန်းကဏ္ဍများသည် ထိပ်ဆုံးဦးစားပေးကဏ္ဍခွဲ ၃ ခုအဖြစ် ထွက်ပေါ်လာသည်။ အမျိုးမျိုးသောဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်နှင့်ပတ်သက်ပြီး နောက်ဆက်တွဲဆွေးနွေးပွဲများတွင် ပါဝင်ဆောင်ရွက်သော လုပ်ငန်းနယ်ပယ်မှသက်ဆိုင်သူများက အကြံပြုသည်မှာ အိုင်အယ်(လ်)အို၏ တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်းအစီအစဉ်အနေဖြင့် အဖြူကွက်ရောဂါ (white spot disease) ထိန်းချုပ်လျော့ပါးရေး၊ သားဖောက်လုပ်ငန်းတိုးတက်ရေး စသည့်ကိစ္စရပ်များရှိနေသော ရေငန်ပုစွန်နှင့် ရေချိုပုစွန်လုပ်ငန်းကဏ္ဍခွဲထက် ပင်လယ်ငါးဖမ်းလုပ်ငန်းနှင့် ရေချိုငါးဖမ်းလုပ်ငန်းများတွင်ရှိသော အတားအဆီးများနှင့် အခွင့်အလမ်းများကို ဖြေရှင်းဆောင်ရွက်ရန် ပိုမိုကောင်းမွန်သော အနေအထားတွင်ရှိကြောင်းဆိုသည်။

ပင်လယ်ငါးဖမ်းလုပ်ငန်းနှင့် ရေချိုငါးဖမ်းလုပ်ငန်းအတွက် တန်ဖိုးမြှင့်ဖြစ်စဉ် ခွဲခြားစိတ်ဖြာလေ့လာခြင်းကို သီးခြားဆောင်ရွက်မည့်ကိစ္စအဖြစ် ပြင်ဆင်ပြီးဖြစ်သည်။ ရေချိုငါးဖမ်းလုပ်ငန်း၏ VCA ကို ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်အား အဓိကအလေးထားဆောင်ရွက်မည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ကြီးမားကျယ်ပြန့်သော ကုန်းတွင်းပိုင်းငါးလုပ်ငန်း အရင်းအမြစ်ရှိသည်။ ဟက်တာပေါင်း ၈.၂ သန်းကျယ်ဝန်းသည့် သဘာဝကန်များ၊ ရေလှောင်ကန်ကြီးများ၊ မြစ်ချောင်းများနှင့် ကန်ရေပြင်များရှိသည်။ ၄င်းဧရိယာများအနက် ဟက်တာပေါင်း ၁.၃ သန်းသည် ရေအမြဲရှိသော ရေပြင်များဖြစ်ပြီး ကျန်ဧရိယာများမှာ ရာသီအလိုက် ရေရောက်ရှိသောနေရာများဖြစ်သည်။ အဓိကမြစ်ကြီးများမှာ ဧရာဝတီမြစ်၊ချင်းတွင်းမြစ်၊ စစ်တောင်းမြစ်နှင့် သံလွင်မြစ်တို့ဖြစ်သည်။ ၄င်းမြစ်ကြီးများသည် မြောက်အရပ်မှ တောင်အရပ်သို့ စီးဆင်းကြပြီး၊ ဘင်္ဂလားပင်လယ်အော်အရှေ့ပိုင်း (eastern part of the Bay of Bengal)၊ မုတ္တမပင်လယ်ကွေ့ (Gulf of Mottama) နှင့် ကပ္ပလီပင်လယ် (Adaman Sea) အတွင်းသို့စီးဝင်ကြသည်။ မြစ်ဝကျွန်းပေါ်ဒေသတွင် ဧရာဝတီမြစ်၏ အဓိကကျသောမြစ်ခွဲများမှာ ပုသိမ်မြစ်၊ ဖျာပုံမြစ်၊ ဘိုကလေးမြစ်နှင့် တိုးမြစ်တို့ဖြစ်ကြပါသည်။

# ခ။ တန်ဖိုးမြှင့်ဖြစ်စဉ်ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း၏ရည်ရွယ်ချက်များ

တန်ဖိုးမြှင့်ဖြစ်စဉ်လေ့လာမှု၏ အဓိကရည်ရွယ်ချက်မှာ ရေချိုငါးဖမ်းလုပ်ငန်းကဏ္ဍခွဲအောက်တွင်ရှိနေသော အချက်အလက်များနှင့် အခြေအနေများကိုဖော်ထုတ်နားလည်ရန်၊ အမျိုးသားနှင့် အမျိုးသမီးထုနစ်ရပ်လုံး အလုပ်အကိုင်များရရှိစေရန် ရည်ရွယ်ချက်နှင့်အတူ ယှဉ်ပြိုင်နိုင်မှုအဆင့်မြင့်မြင့်မားမားရောက်ရှိအောင်မြင်ရေး (သို့) တည်ရှိနေသောအလုပ်အကိုင်များကို သင့်လျော်ကောင်းမွန်သော အလုပ်အကိုင်အခွင့်အလမ်းများဖြစ်ပေါ်အောင် တိုးတက်ဆောင်ရွက်ရေးဖြစ်သည်။ တန်ဖိုးမြှင့်ဖြစ်စဉ်လေ့လာရခြင်း၏ အဓိကကျသောရည်ရွယ်ချက်များမှာ အောက်ပါတို့ကိုလုပ်ဆောင်ရန်ဖြစ်သည်။

က) နောက်ဆုံးရောက်ရှိသွားသည့်ဈေးကွက်များ၊ ပံ့ပိုးပေးသောဈေးကွက်များ၊ အလုပ်သမားများအပါအဝင် ရေချိုငါးဖမ်းလုပ်ငန်းကဏ္ဍခွဲ၏လုပ်ဆောင်ချက်ကို အကျိုးသက်ရောက် / ထိခိုက်သော ဆက်နွယ်မှုများနှင့် အချက်အလက်အမျိုးမျိုးကို အသေးစိတ်သိမြင်နားလည်နိုင်ရန်၊ လုပ်ငန်းဝန်းကျင်နှင့် စီးပွားရေးလုပ်ငန်းများအချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်ရန် ဖြည့်ဆည်းပံ့ပိုးပေးခြင်း။

ခ) ရေချိုငါးဖမ်းလုပ်ငန်း တန်ဖိုးမြှင့်ဖြစ်စဉ်၏ တည်ဆောက်ပုံနှင့် သဘောသဘာဝသည် အလုပ်သမားနှင့် အလုပ်အကိုင်အခြေအနေများအပေါ် သက်ရောက်ပုံများကို သိမြင်နားလည်ရန် ပံ့ပိုးပေးခြင်း။

ဂ) အဓိကအားဖြင့် အမျိုးသားနှင့် အမျိုးသမီးများကို အလုပ်အကိုင်ခန့်အပ်မှု၊ သင့်လျော်ကောင်းမွန်သော ပါဝင်ဆောင်ရွက်မှုကိုရရှိခြင်းနှင့် ယေဘုယျအားဖြင့် လုပ်ငန်းနယ်ပယ်ကို ယှဉ်ပြိုင်နိုင်မှုရှိစေရန် မြှင့်တင်ဆောင်ရွက်ခြင်း (သို့) အားလုံးပါဝင်သောလုပ်ငန်းစဉ်တွင် အတားအဆီးဖြစ်နေသော လုပ်ငန်းအဆင့်ကိစ္စရပ်များကိုဖော်ထုတ်ခြင်း။

ဃ) အားလုံးပါဝင်သော လုပ်ငန်းစဉ်အောက်တွင် လုပ်ငန်းပိုင်း (chain) ၌ရှိနေသော အကျပ်အတည်းများကို ကျော်လွှားနိုင်ရန် လိုအပ်သည့်ဦးစားပေးဆောင်ရွက်မှုများကို ဖော်ထုတ်ခြင်း။ ထိုသို့ဆောင်ရွက်ခြင်းဖြင့် value chain ယှဉ်ပြိုင်နိုင်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး/သင့်လျော်ကောင်းမွန်သော အလုပ်အကိုင်အခွင့်အလမ်းများမြှင့်တင်ရေးကို ဆောင်ရွက်နိုင်ပါသည်။

င) လုပ်ငန်းနယ်ပယ်စွမ်းဆောင်ရည် တိုးတက်ကောင်းမွန်ရန်အတွက် ရေငံငါးဖမ်းလုပ်ငန်းကဏ္ဍခွဲတွင် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍသက်ဆိုင်ပါဝင်သူများအချင်းချင်း ပိုမိုပူးပေါင်းဆောင်ရွက်နိုင်သည့် နည်းလမ်းများကိုရှာဖွေခြင်းနှင့် ဖော်ထုတ်ခြင်း။

# ဂ။ နည်းစနစ်နှင့် ချဉ်းကပ်နည်း

လတ်တလောရရှိသောအစီရင်ခံစာများနှင့် လေ့လာမှုများမှ သတင်းအချက်အလက်များကို အနှစ်ချုပ်စုစည်းနိုင်ရန် ကနဦးလေ့လာမှုများကိုပြုလုပ်ခဲ့သည်။ ထိုသို့လေ့လာမှုပြုလုပ်ခြင်းဖြင့် လုပ်ငန်းနယ်ပယ်သုတေသနတွင် အလေးထားဆောင်ရွက်ရန် လိုအပ်သောကိစ္စရပ်များအတွက် လမ်းညွှန်မှုရရှိပါသည်။ ငါးဖမ်းလုပ်ငန်းနှင့်ပတ်သက်ပြီးအစိုးရမှဖော်ပြသည့်ကိန်းဂဏန်းစာရင်းများမှာ လုပ်ငန်းနယ်ပယ်အနေဖြင့် မေးခွန်းထုတ်စရာရှိနေပြီး ကိန်းဂဏန်းစာရင်း စုစည်းကောက်ယူသည့်နည်းလမ်းများကို အဆင့်မြှင့်တင်ရန်လိုအပ်မှုနှင့် ယုံကြည်အားထားနိုင်လောက်သော ကိန်းဂဏန်းအချက်အလက်များဖြစ်ရန်လိုကြောင်း ပုဂ္ဂလိကကဏ္ဍတွင် အဓိကပါဝင်ဆောင်ရွက်သူများကဆိုကြသည်။ VCA သုတေသနအဖွဲ့သည် မူလအချက်အလက်များကို နောက်ပိုင်းထပ်မံတွေ့ရှိသော အချက်အလက်များနှင့် စေ့စပ်သေချာစွာ ခွဲခြမ်းစိတ်ဖြာလေ့လာ၍ အပြန်အလှန်စစ်ဆေးခြင်း (သို့) အနည်းဆုံးအနေဖြင့် အဓိကပါဝင်သက်ဆိုင်သူများ၏ အမျိုးမျိုးသောထင်မြင်ချက်နှင့် သိမြင်နားလည်ထားမှုများကိုဖော်ပြရန် အားစိုက်ကြိုးပမ်းခဲ့သည်။

ဒုတိယကာလနှင့် တတိယကာလ ကွင်းဆင်းဆောင်ရွက်ခြင်းတွင် အရည်အသွေးဆိုင်ရာ သုတေသနနည်းလမ်းများကို အသုံးပြုဆောင်ရွက်ခဲ့ပြီး အဓိကအားဖြင့် အဓိကသတင်းပေးသူများနှင့် လူတွေ့မေးမြန်းသတင်းရယူခြင်း (key informant interviews (KII)) ၊ အစုအဖွဲ့ငယ်ဖြင့်ပြုလုပ်သောအစည်းအဝေးများ၊ ရွေးချယ်ထားသောလူများဖြင့် အစုအဖွဲ့ပြုဆွေးနွေးခြင်းများပါဝင်သည်။ အဓိကသတင်းပေးသူနှင့် အစည်းအဝေး၊ ဆွေးနွေးပွဲသို့ တက်ရောက်ပါဝင်သူများတွင် လယ်သမားများ၊ ရေလုပ်သားများ၊ ကုန်သည်များ၊ ပြုပြင်ထုတ်လုပ်ရေးလုပ်ငန်းရှင်များ၊ ဝန်ဆောင်မှုပေးသူများ၊ ဖွံ့ဖြိုးရေးအစီအစဉ်နှင့် ငါးလုပ်ငန်းဦးစီးဌာန (မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးတွင်ပါဝင်) မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ ကိုယ်စားလှယ်များပါဝင်သည်။ လူတစ်ဦးချင်းစီ၏ ရှုထောင့်အမြင်များ၊ အတွေ့အကြုံများ၊ အရေအတွက်ဆိုင်ရာ အချက်အလက်များကို စုစည်းကောက်ယူခြင်းအတွက် အဓိကသတင်းပေးသူများကို လူတွေ့မေးမြန်း၍ သတင်းရယူခြင်း (KII) နည်းလမ်းကို အသုံးပြုခဲ့ပါသည်။ လူတွေ့မေးမြန်းခြင်းမှရရှိလာသည့် သတင်းအချက်အလက်များကို စိစစ်ခြင်းနှင့် အဖွဲ့များ (သို့) ကိုယ်စားပြုအဖွဲ့ခွဲများအတွက် အလေးထားဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့်ပတ်သက်၍ ခြုံငုံသုံးသပ်ချက်ကျယ်ကျယ်ပြန့်ပြန့်ရယူရာတွင် အစည်းအဝေးနှင့် အစုအဖွဲ့ဆွေးနွေးပြုလုပ်ခြင်းများက ထိရောက်မှုရှိသည်။ အဓိကဖြေကြားသူများနှင့် ပါဝင်တက်ရောက်သူအချို့မှာ ဖျာပုံငါးလုပ်ငန်းကဏ္ဍမှ အဓိက ပါဝင်သက်ဆိုင်သူများဖြစ်ကြပါသည်။

သက်ဆိုင်သူများပါဝင်သော ဆွေးနွေးညှိနှိုင်းပွဲကို ဖျာပုံမြို့နယ်တွင် ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည်။ ပါဝင်တက်ရောက်သူများက တန်ဖိုးမြှင့်ဖြစ်စဉ်အကဲဖြတ်ခြင်း (VCA) ၏တွေ့ရှိချက်များကို အတည်ပြုခြင်း၊ ထင်မြင်ချက်ပေးခြင်းနှင့် ဆွေးနွေးခြင်းများပြုလုပ်ခဲ့သည်။ ထို့နောက် တက်ရောက်ပါဝင်သူများသည် လုပ်ငန်းနယ်ပယ်အတွင်း ရင်ဆိုင်နေရသော အဓိကကိစ္စရပ်များကို ဦးစားပေးအဆင့်သတ်မှတ်ခြင်းနှင့် ရွေးချယ်ဖော်ထုတ်ခြင်းများ ပြုလုပ်ခဲ့ကြပြီး ဖြစ်နိုင်ချေရှိသော လုပ်ငန်းစဉ်ကို



Figure 2. Meeting with Women and Men Engaged in the Freshwater Capture Fisheries Subsector in Pyapon



Figure 3. Stakeholders consultation in Pyapon

အကြံပြုဆွေးနွေးတင်ပြခဲ့ကြပါသည်။

အောက်ဖော်ပြပါ ရှုထောင့်အမြင်များအပေါ် အခြေခံ၍ ဖော်ထုတ်ရရှိခဲ့သော အတားအဆီးများနှင့် ကြားဝင်ဆောင်ရွက်မည့် အချက်အလက်များအား အထပ်ထပ်ပြန်လည်စီစစ်သုံးသပ်ပြီး ပိုမိုအသေးစိတ်ကျစွာ စီစဉ်ရေးဆွဲနိုင်ခဲ့ပါသည်။

- အဓိကသတင်းပေးသူများနှင့် ဆက်စပ်ပတ်သက်သူများ၏ ညှိနှိုင်းအကြံဉာဏ်ရယူရေး အလုပ်ရုံဆွေးနွေးပွဲမှ ဆွေးနွေးချက်များ။
- သွယ်ဝိုက်ဆက်နွယ်သူများ (third party) (ဥပမာ- အစိုးရအဖွဲ့အစည်းများ၊ ကူညီထောက်ပံ့သူများ၊ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များ) ၏ လေ့လာစူးစမ်းချက်များသည် လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အဓိကကျသော အချက်အလက်များအနေဖြင့် အကြံပြုရန်နှင့် ကုမ္ပဏီများနှင့်တွေ့ဆုံဆွေးနွေးရာတွင် ခိုင်လုံသောအချက်အလက်အဖြစ် ဆွေးနွေးရန်
- ယိုးဒယားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံနှင့် ဗီယက်နန်နိုင်ငံတို့ကဲ့သို့သော အခြားနိုင်ငံများမှ အတွေ့အကြုံများ။
- ယခင် မြန်မာနိုင်ငံ ရေလုပ်ငန်းဆိုင်ရာစက်ရုံများမှ ကောက်ယူခဲ့သောအချက်အလက်များ။

# အပိုင်း (၂)

# ရေလုပ်ငန်းနယ်ပယ်အား ခြုံငုံသုံးသပ်ချက်

## က။ ထုတ်လုပ်မှုလမ်းကြောင်းများ

ကုန်းတွင်းပိုင်း ငါးလုပ်ငန်းရေပြင်မှ ငါးအမျိုးအစားများ အများအပြားအား ဖမ်းယူရရှိပြီး၊ ပေါကြွယ်ဝမှုမှာ ၎င်းရေပြင်၏ ကုန်ထုတ်စွမ်းအားအခြေအနေပေါ်တွင် မူတည်ပါသည်။ ဖျာပုံဒေသမှ အဓိကကျသော ရေချိုနှင့်ရေငန်ငါးအမျိုးအစားများ၊ အထူးသဖြင့် ဘုံငါးဖမ်းကွက်များမှ ဖမ်းယူရရှိနိုင်သောငါးများမှာ ငါးပုတ်သင် (croaker) ငါးသလောက် (hilsa) ကကတစ် (sea bass) နှင့် ရေချို ပုစွန်ထုတ်ကြီး (giant prawn) များဖြစ်ပါသည်။ ပြည်တွင်း (ဒေသတွင်း) ဈေးကွက်တွင် လတ်ဆတ်သော ငါးစို (fresh) ရောင်းချလေ့ရှိပြီး အချို့သော ဈေးကွက်များတွင် အရှင် (live) အတိုင်း ရောင်းချကြပါသည်။

ပြည်ပပို့ကုန်အတွက် အဓိကကျသော ငါးအမျိုးအစားများမှာ ငါးရောင် (gaint river catfish)၊ ငါးဘတ် (wallago)၊ ငါးကြင်း(carp)၊ ငါးရံ့ (snakehead murrel) နှင့် ရေချိုပုစွန်ထုပ်ကြီး (fresh water prawn) များဖြစ်ပါသည်။ အများအားဖြင့် ၎င်းငါးများအား အကောင်လိုက် အေးခဲ၍သော်၎င်း၊ အရိုးထုတ် အသားလွှာအနေဖြင့်သော်၎င်း၊ အသားတိုးများအနေဖြင့်သော်၎င်း၊ ပြုပြင်တင်ပို့လေ့ရှိပါသည်။

ဇယား ၁။ ပြည်တွင်းဈေးကွက်တွင် အများဆုံးရောင်းဝယ်သော ရေချို / ရေချို-ရေငန်စပ် ငါးမျိုးစိပ်များ

| | | |
|---|---|---|
| ငါးဖယ် | ငါးဒေါင်ဇင်း၊ ငါးနောက်ရောင် | ငါးဘက် |
| ငါးရံ့ / ငါးပနော် | တီလားပီးယား | ငါးခူ၊ ငါးကျည်း |
| ငါးမွေထိုး | ငါးကြင်း | ရေချို / ရေငန် ပုစွန် |
| ငါးပြေမ | ငါးပုတ်သင်၊ သင်ဝါ | ရေချိုဂဏန်း |
| Source: KII/FAO | | |




Figure 4. Some of the top capture freshwater species traded in the Export Market



Figure 5. Dried Marine and Freshwater Fish in Pyapon Market

အသေးစားလက်မှုရေချိုငါးလုပ်ငန်း ပြုပြင်ထုတ်လုပ်ရေးလုပ်ငန်းများမှာ အဓိကအားဖြင့် ငါးခြောက်နှင့် ငါးစင်းကော (minced) ထုတ်လုပ်ရေးလုပ်ငန်းများဖြစ်ကြပါသည်။ ငါးခြောက်လုပ်ငန်းအတွက် အများစုအသုံးပြုသော ငါးအမျိုးအစားများမှာ ငါးပနော်၊ ငါးရံ့ (snakehead)၊ ငါးမွေထိုး (eel)၊ ငါးဒေါင်ဇင်း၊ ငါးနောက်ရောင် (rasbora) များဖြစ်ကြပါသည်။ ငါးခြောက်လုပ်ငန်းများသည် ရေငန်ငါးများလုံလောက်စွာမရရှိသည့်အတွက် ရေချိုငါးများဖြစ်သော (river catfish) ငါးကြင်း (carp) များဖြင့် ပြောင်းလဲထုတ်လုပ်လာကြသော်လည်း ရရှိသောငါးခြောက်၏ အရည်အသွေးနိမ့်ကျသောကြောင့် စားသုံးသူများ၏အားပေးမှု မရရှိကြပါ။ ငါးခြောက်ထုတ်လုပ်ရေးတွင် ပုံမှန်အားဖြင့် ရေချိုငါးများထက် ရေငန်ငါးများမှထုတ်လုပ်ခြင်းကသာ ပိုမိုများပြားပါသည်။ ဖျာပုံမြို့သည် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင် ရေချိုငါးနှင့် ငါးခြောက် အဓိကရောင်းဝယ်ရာနေရာတခုဖြစ်ပါသည်။ ငါးခြောက်များအား ဖျာပုံမြို့အပြင် ပတ်ဝန်းကျင်ကျေးရွာများမှလည်း ထုတ်လုပ်ပေးသွင်းကြပါသည်။

# ၁။ ထုတ်ကုန်ဖော်ပြချက် (ကုန်ထုတ်လုပ်မှုလမ်းကြောင်း)

## ၁။ ကမ္ဘာ့ရေချိုငါးဖမ်းဆီးထုတ်လုပ်ရေးတွင် မြန်မာနိုင်ငံ၏အနေအထား

ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ စစ်တမ်းအချက်အလက်အရ ၂၀၁၂ ခုနှစ်တွင် တစ်ကမ္ဘာလုံး ငါးထုတ်လုပ်မှုသည် မက်ထရစ်တန် ၁၅၈ သန်းရှိခဲ့သည်။ ရေချိုငါးဖမ်းလုပ်ငန်းသည် တစ်ကမ္ဘာလုံး ထုတ်လုပ်မှု၏ ၇ ရာခိုင်နှုန်း (သို့) မက်ထရစ်တန် ၁၁.၆ သန်းရှိသည်။ တစ်ကမ္ဘာလုံးငါးထုတ်လုပ်မှု၏ ၇၉.၅% မှာ တရုတ်နိုင်ငံ ဦးဆောင်သော ထိပ်တန်း ၁၀ နိုင်ငံမှ ထုတ်လုပ်ခြင်းဖြစ်သည်။ ၂၀၁၂ ခုနှစ်၌ မြန်မာနိုင်ငံသည် ရေချိုငါးဖမ်းလုပ်ငန်း၊ ထုတ်လုပ်မှုအများဆုံးနိုင်ငံများစာရင်းတွင် တတိယအဆင့်၌ရှိသည်။ ၂၀၀၃ နှင့် ၂၀၁၂ ခုနှစ်အကြားတွင် မြန်မာနိုင်ငံရှိ ပင်လယ်ငါးဖမ်းလုပ်ငန်းသည် ၃၂၉.၆ ရာခိုင်နှုန်းခန့် တိုးတက်ခဲ့သည်။ ထိုတိုးတက်မှုသည် ရေချိုငါး အဓိကထုတ်လုပ်သည့် ၁၅ နိုင်ငံတွင် အမြင့်မားဆုံးဖြစ်ခဲ့သည်။

**ဇယား ၂။ ရေချိုငါးထုတ်လုပ်သော အဓိကနိုင်ငံများ**

| ၂၀၁၂ အဆင့် | နိုင်ငံအမည် | ထုတ်လုပ်မှုပမာဏ (မက်ထရစ်တန်) | | | တိုးတက်မှု (%) | |
|---|---|---|---|---|---|---|
| | | ၂၀၁၁ | ၂၀၁၂ | ၂၀၁၃ | ၂၀၁၁/၁၂ | ၂၀၁၂/၁၃ |
| ၁ | တရုတ် | ၂,၁၃၅,၀၈၆ | ၂,၂၃၂,၂၂၀ | ၂,၂၉၇,၈၃၉ | ၇.၆ | ၂.၉ |
| ၂ | အိန္ဒိယ | ၇၅၇,၃၅၃ | ၁,၀၆၁,၀၃၃ | ၁,၄၆၀,၄၅၆ | ၉၂.၈ | ၃၇.၆ |
| ၃ | မြန်မာ | ၂၉၀,၁၄၀ | ၁,၁၆၃,၁၅၉ | ၁,၂၄၆,၄၆၀ | ၃၂၉.၆ | ၇.၂ |
| ၄ | ဘင်္ဂလားဒေ့ရှ် | ၇၀၉,၃၃၃ | ၁,၀၅၄,၅၈၅ | ၉၅၇,၀၉၅ | ၃၄.၉ | (၉.၂) |
| ၅ | ကမ္ဘောဒီးယား | ၃၀၈,၇၅၀ | ၄၄၅,၀၀၀ | ၄၄၉,၀၀၀ | ၄၅.၄ | ၀.၉ |
| ၆ | ယူဂန်ဒါ | ၂၄၁,၈၁၀ | ၄၃၇,၄၁၅ | ၄၀၇,၆၃၈ | ၆၈.၆ | (၆.၈) |
| ၇ | အင်ဒိုနီးရှား | ၃၀၈,၆၅၆ | ၃၆၈,၅၇၈ | ၃၉၃,၅၅၃ | ၂၇.၅ | ၆.၈ |
| ၈ | တန်ဇန်းနီးယား | ၃၀၁,၈၈၅ | ၂၉၀,၉၆၃ | ၃၁၄,၉၄၅ | ၄.၃ | ၈.၂ |
| ၉ | နိုင်ဂျီးရီးယား | ၁၇၄,၉၆၈ | ၃၀၁,၂၈၁ | ၃၁၂,၀၀၉ | ၇၈.၃ | ၃.၆ |
| ၁၀ | ဘရာဇီး | ၂၂၇,၅၅၁ | ၂၄၈,၈၀၅ | ၂၆၆,၀၄၂ | ၁၆.၉ | ၆.၉ |
| ၁၁ | ရုရှားပြည်ထောင်စု | ၁၉၀,၇၁၂ | ၂၄၉,၁၄၀ | ၂၆၂,၅၄၈ | ၃၇.၇ | ၅.၄ |
| ၁၂ | အီဂျစ် | ၃၁၃,၇၄၂ | ၂၅၃,၀၅၁ | ၂၄၀,၀၃၉ | (၂၃.၅) | (၅.၁) |
| ၁၃ | ယိုးဒယား | ၁၉၈,၄၄၇ | ၂၂၄,၇၀၈ | ၂၂၂,၅၀၀ | ၁၂.၁ | (၁.၀) |
| ၁၄ | ကွန်ဂို | ၂၃၀,၃၆၅ | ၂၁၇,၀၀၀ | ၂၁၄,၀၀၀ | (၇.၁) | (၁.၄) |
| ၁၅ | ဗီယက်နန် | ၂၀၈,၈၇၂ | ၂၀၆,၀၁၀ | ၂၀၃,၅၀၀ | (၂.၆) | (၁.၃) |
| စုစုပေါင်း အဓိက ၁၅ နိုင်ငံ | | ၆,၅၉၇,၆၄၀ | ၈,၇၅၃,၀၃၉ | ၉,၂၄၇,၆၂၄ | ၄၀.၂ | ၅.၇ |
| တစ်ကမ္ဘာလုံး စုစုပေါင်း | | ၈,၆၁၁,၈၄၀ | ၁၁,၁၂၄,၄၀၁ | ၁၁,၆၃၀,၃၂၀ | ၃၅.၁ | ၄.၅ |
| ဝေစု % (၁၅ နိုင်ငံ) | | ၇၆.၆ | ၇၈.၇ | ၇၉.၅ | | |

သတင်းရင်းမြစ် - ကမ္ဘာ့ငါးလုပ်ငန်းနှင့်ငါးမွေးမြူရေး အခြေအနေဖော်ပြချက် ၊ FAO ၊ ၂၀၁၄

# ၂။ ပြည်တွင်းဈေးကွက်အတွက် ထုတ်လုပ်မှု

ဇယား ၃. ၂၀၁၂ မှ ၂၀၁၄ ခုနှစ်အတွင်း မြန်မာနိုင်ငံ၏ ရေချိုငါးထုတ်လုပ်မှု

| ထုတ်လုပ်မှုနယ်ပယ် | ထုတ်လုပ်မှု ပမာဏ (မက်ထရစ်တန်- ထောင်ဂဏန်း) | | | တိုးတက်မှုရာခိုင်နှုန်း ၂၀၁၄/၁၂ |
|---|---|---|---|---|
| | ၂၀၁၂ | ၂၀၁၃ | ၂၀၁၄ | |
| ငါးမွေးမြူရေး | ၈၉၈.၉၆ | ၉၂၉.၃၈ | ၉၆၄.၂၆ | ၇% |
| ရေချို (ငါးမွေးမြူရေး) | ၁,၂၄၆.၄၆ | ၁,၃၀၂.၉၇ | ၁,၃၈၁.၀၃ | ၁၁% |
| ပင်လယ် (ငါးမွေးမြူရေး) | ၂,၃၃၂.၇၉ | ၂,၄၈၃.၈၀ | ၂,၇၀၂.၂၄ | ၁၆% |
| စုစုပေါင်း | ၄,၄၇၈.၂၁ | ၄,၇၁၆.၁၅ | ၅,၀၄၇.၅၃ | ၁၃% |
| သတင်းရင်းမြစ် - ငါးလုပ်ငန်းဦးစီးဌာန | | | | |

၂၀၁၂ ခုနှစ်မှ ၂၀၁၄ ခုနှစ် အတွင် မြန်မာနိုင်ငံ၏ ရေထွက်ကုန်ပစ္စည်း ထုတ်လုပ်မှုသည် မက်ထရစ်တန်ချိန် ပေါင်း ၄.၄၈ သန်း မှ ၅.၀၅ သန်း အထိ တိုးတက်ထုတ်လုပ်နိုင်ခဲ့ပါသည်။ ၎င်းကာလအတွင်း ရေငန်ငါး ထုတ်လုပ်မှုသည် ၁၆ ရာခိုင်နှုန်း တိုးတက်ထုတ်လုပ်နိုင်ခဲ့ပါသည်။ ရေချိုငါးဖမ်းဆီးထုတ်လုပ်မှုအနေဖြင့် ၂၀၁၂ ခုနှစ်တွင် မက်ထရစ်တန်ချိန် ၁.၂၅ သန်းထုတ်လုပ်ခဲ့ရာမှ ၂၀၁၄ ခုနှစ်တွင် မက်ထရစ်တန်ချိန် ၁.၃၈ သန်း တိုးတက်ထုတ်လုပ်နိုင်ခဲ့ပြီး ရေချိုငါး ဖမ်းဆီးထုတ်လုပ်မှုသည် မြန်မာနိုင်ငံ ငါးထုတ်လုပ်မှု၏ ၂၇ ရာခိုင်နှုန်းရှိခဲ့ပါသည်။




Figure 6. Percentage Distribution of Fisheries Production in Myanmar by Subsector, 2014

# အပိုင်း (၃)
# လုပ်ငန်းနယ်ပယ်၏ သဘောသဘာဝနှင့် ဖွဲ့စည်းတည်ဆောက်ပုံ

## က။ တန်ဖိုးမြှင့်ဖြစ်စဉ် ပုံဖော်ရေးဆွဲခြင်း

မြန်မာနိုင်ငံ၏ ရေချိုငါးဖမ်းဆီးထုတ်လုပ်ရေးလုပ်ငန်းသည် အများအားဖြင့် ကျေးလက်ဒေသတွင်း အခြေခံလက်မှုလုပ်ငန်းများဖြစ်ပြီး ကျေးလက်နှင့်မြို့ပေါ်ဈေးကွက်များသို့ ရေချိုထွက်ကုန်ပစ္စည်းများ ဖြည့်ဆည်းပေးပါသည်။ ၄င်းကဏ္ဍသည် အသားဓာတ်အား သင့်တင့်လက်ခံနိုင်သောဈေးနှုန်းဖြင့် ထုတ်လုပ်ပေးပြီး အလုပ်အကိုင်ဖန်တီးပေးခြင်းနှင့် မိသားစုဝင်ငွေရရှိရေးများအတွက်ကိုလည်း ပံ့ပိုးပေးပါသည်။ ထို့ကြောင့် ၄င်းကဏ္ဍသည် ရိက္ခာဖူလုံရေးနှင့် စားဝတ်နေရေးအတွက် အဓိကကျသော အထောက်အပံ့ဖြစ်ပါသည်။ ရေငန်ငါးဖမ်းဆီးထုတ်လုပ်ရေးလုပ်ငန်းသည် ပြည်ပပို့ကုန်အတွက် ဦးတည်ဆောင်ရွက်သော်လည်း ရေချိုငါးဖမ်းဆီးထုတ်လုပ်ရေးလုပ်ငန်း၏ ၁၀၀ ရာခိုင်နှုန်းသည် ပြည်တွင်းဈေးကွက်ကိုသာ အဓိကချိတ်ဆက်ဖြန့်ဖြူးရောင်းချပါသည်။

အရှေ့တောင်အာရှနှင့် ပစိဖိတ်ဒေသအတွင်း နိုင်ငံတကာကုန်သွယ်မှု၊ ရေရှည်တည်တံ့ခိုင်မြဲသော ငါးလုပ်ငန်းစီမံခန့်ခွဲမှုနှင့်ပတ်သက်၍ အာရှဖွံ့ဖြိုးရေးဘဏ်အဖွဲ့အစည်း (ADBI) ၏ ၂၀၁၃ ခုနှစ် အစီရင် ခံစာအရ မြန်မာနိုင်ငံရှိ ရေချိုငါးဖမ်းလုပ်ငန်းကဏ္ဍခွဲများမှ အလုပ်သမားဦးရေ ၁.၆ သန်းကို အလုပ်အကိုင်ဖန်တီးပေးထားနိုင်ပြီး ထိုအထဲမှ ၃၁% သည် အချိန်ပြည့်အလုပ်အကိုင်များဖြစ်ပြီး ၁၉% မှာ အချိန်ပိုင်းအလုပ်များဖြစ်၍ ကျန်သည့် ၅၀ ရာခိုင်နှုန်းမှာ ရာသီအချိန်အခါအလျောက် ငါးဖမ်းသူများဖြစ်သည်။ မိရိုးဖလာဓလေ့အရ အမျိုးသားများသည် ငါးဖမ်းဆီးရေးနှင့် လက်ကားရောင်းဝယ်ရေးလုပ်ငန်းများတွင် အများအားဖြင့် ပါဝင်ကြပြီး၊ အမျိုးသမီးများသည် ငါးဖမ်းပိုက်ပြုပြင်ရေး၊ ကုန်ချောထုတ်လုပ်ရေးနှင့်ဒေသတွင်လက်လီဈေးကွက်တွင် ခေါင်းရွက်၊ ဗျပ်ထိုးဈေးသည်များအဖြစ် ပါဝင်ဆောင်ရွက်လေ့ရှိကြသည်။ ဖျာပုံတွင် အချို့အမျိုးသမီးများသည် ငါးဖမ်းလုပ်ငန်းတွင် တံငါများအဖြစ် ပါဝင်ဆောင်ရွက်ခြင်းများကိုလည်း တွေ့ရှိရပါသည်။

ဖျာပုံသည် အရှေ့ပိုင်းမြစ်ဝကျွန်းပေါ်ဒေသတွင် စီးပွားရေးဆိုင်ရာ အချက်အချာနေရာတခုဖြစ်ပါသည်။ ၄င်းမြို့နယ်သည် ငါးခြောက်နှင့် ငါးအစိုဈေးကွက်တွင် ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေးဆိုင် ရာပင်ရင်းဒေသတခုဖြစ်ပါသည်။ အောက်ပါတို့မှာ ဖျာပုံရေချိုငါးဖမ်းဆီးထုတ်လုပ်ရေး လုပ်ငန်းကဏ္ဍငယ်၏ အဓိကကျသော တန်ဖိုးမြှင့်ဖြစ်စဉ်များဖြစ်ပါသည်။

### ၁။ ပြည်တွင်းဈေးကွက်အတွက် ငါးအစို (ငါးစိမ်း)




Figure 7. Value Chain Map: Fresh Fish for Local Market

ဖျာပုံဒေသမှထွက်ရှိသော ရေချိုငါး ရာခိုင်နှုန်းအများစုအား ရန်ကုန်နှင့် အပူပိုင်းဒေသရှိ စားသုံးသူများသို့ ရောင်းချကြပါသည်။ ငါးဖမ်းဆီးသော တံငါသည်များသည် ငါးစုဆောင်းသောဒေသတွင်း ငါးဒိုင်များသို့ ငါးများအား ရောင်းချကြပါသည်။ ဒေသတွင်းငါးဒိုင်များမှ စုဆောင်းရရှိသောငါးများအား မြို့ပေါ်ရှိ ငါးရွဲဒိုင်ကြီးများသို့ ဆက်လက်တင်ပို့ရောင်းချကြပါသည်။ မြို့ပေါ်မှ ငါးရွဲဒိုင်ကြီးများသည် စုဆောင်းရရှိသောငါးများအား မြို့နယ်အတွင်းရှိ ငါးလက်လီရောင်းချသော ခေါင်းရွက်/ဗျပ်ထိုး ငါးဈေးသည်များသို့ ဖြန့်ဖြူးရောင်းချခြင်းသို့မဟုတ် ရန်ကုန်နှင့် အပူပိုင်းဒေသရှိ ငါးလက်ကားဈေးကွက်များ သို့ ဆက်လက်တင်ပို့ရောင်းချပါသည်။ အချို့သောဒေသတွင်းငါးဒိုင်များအနေဖြင့် ရန်ကုန်မြို့ရှိ ငါးလက်ကား ဒိုင်ကြီးများသို့ တိုက် ရိုက်တင်ပို့ရောင်းချမှုများလည်းရှိပါသည်။ ရန်ကုန်မြို့ရှိ ငါးလက်လီရောင်းချသော ငါးသည်များသည် လိုအပ်သောငါးများအား မြို့ပေါ်ရှိ ငါးရွဲဒိုင်ကြီးများမှ ပြန် လည်ဝယ်ယူကြပါသည်။ ငါးလက်လီရောင်းချသော ခေါင်းရွက်/ဗျပ်ထိုးဈေးသည်များသည် ဈေးများရှိ ငါးစိမ်းတန်းများမှသော်၎င်း၊ လမ်းဘေးဈေးများတွင် ၎င်းစားသုံးသူများသို့ ငါးများအား ပြန်လည်ရောင်းချကြပါသည်။

## ၂။ ပြုပြင်ထုတ်လုပ်ပြီးငါးကုန်ချောများ




Figure 8. Value Chain Map: Processed Fish

ပြည်ပတင်ပို့ရေးအတွက် အဓိကဦးတည်ဆောင်ရွက်ကြသော ငါးပြုပြင်ထုတ်လုပ်ရေး လုပ်ငန်းကုမ္ပဏီများသည် ရန်ကုန်မြို့တွင် အခြေစိုက်ကြသည်။ ၎င်းတို့၏ ပြုပြင်ထုတ်လုပ်ရေးလုပ်ငန်းအတွက် လိုအပ်သောငါးများအား လက်ကားဈေးကွက်များမှ ဝယ်ယူကြပါသည်။ ၎င်းကုမ္ပဏီများသည် ထုတ်လုပ်ပြီးကုန်ချောများအား ပြည်တွင်းနှင့် ဒေသတွင်းကုမ္ပဏီများသို့ ရောင်းချကြပါသည်။

ဖျာပုံရှိ လက်မှုပြုပြင်ထုတ်လုပ်ရေးလုပ်ငန်းများသည် ၎င်းတို့လိုအပ်သော ငါးကုန်ကြမ်းများအား တံငါသယ်များမှသော်၎င်း၊ ငါးစုဆောင်းသော ငါးဒိုင်များမှသော်၎င်း ဝယ်ယူကြပါသည်။ အချို့သော ငါးပြုပြင်ထုတ်လုပ်ရေးလုပ်ငန်းများတွင် ကိုယ်ပိုင်လှေငယ်များရှိကြပါသည်။ အများအားဖြင့် ၎င်းတို့ထုတ်လုပ်သော ပြုပြင်ပြီးကုန်ချောများအား ဈေးများအတွင်းရှိ ငါးခြောက်သီးသန့်ရောင်းချသော လက်လီ၊ လက်ကားကုန်သယ်များသို့ ရောင်းချကြပါသည်။ ၎င်းပြုပြင်ထုတ်လုပ်ရေးလုပ်ငန်းများသည် အများအားဖြင့် ငါး ခြောက်၊ ငါးပိနှင့် ငံပြာရည်ထုတ်လုပ်ရေးများကို ဆောင်ရွက်ကြပါသည်။

လက်မှုပြုပြင်ထုတ်လုပ်ရေး လုပ်ငန်းများသည် ငါးဈေးအတွင်း ခေါင်းရွက်/ဗျပ်ထိုး ဈေးသယ်များအဖြစ်လည်း ဆောင်ရွက်လေ့ရှိပါသည်။ ၎င်းတို့သည် ဈေးဝယ်သူများအား စောင့်ဆိုင်းနေစဉ်အတွင်း ပြုပြင်ထုတ်လုပ်မည့် ၎င်းတို့၏ ကုန်ကြမ်းငါးများဖြစ်သော ငါးပုတ်သင်နှင့် အခြားအဖြူရောင်အသားရှိသော ရေချိုငါးများအား ခုတ်ထွင်ပြင်ဆင်နေလေ့ရှိကြပါသည်။

# ၁။ အဓိကပါဝင်လုပ်ကိုင်သူများနှင့် လုပ်ငန်းဆောင်တာများ

## ၁။ သွင်းအားစုဖြည့်ဆည်းခြင်း

### ငါးဖမ်းကွက်



Figure 9. Examples of Lease Fishery Sites

Source: Ranjitha Puskur, 2012/WorldFish

ရေချိုငါးဖမ်းရေလုပ်သားများအနေဖြင့် မြန်မာနိုင်ငံ ရေချိုငါးဖမ်းကွက်များသို့ နည်းလမ်း ၂ သွယ်ဖြင့် ဝင်ရောက်ဖမ်းဆီးနိုင်ကြပါသည်။

က) **လေလံအင်း ငါးဖမ်းကွက်များ** - အင်းလေလံငါးလုပ်ငန်းများမှာ တိကျစွာ ပိုင်နက်ဧရိယာသတ်မှတ်ထားသော သီးသန့်ငါးဖမ်းကွက်များဖြစ်ပြီး ၎င်းဧရိယာများအား ခြံစည်းရိုးခတ် ကာရံထားလေ့ရှိသည်။ ၎င်းလေလံအင်း ငါးဖမ်းကွက်များသည် အစားအစာပေါကြွယ်ဝသော ရေလျှံကွင်းများတွင် ငါးများကို ထိန်းသိမ်းသိုလှောင်ထုတ်လုပ်ခြင်းဖြစ်သည်။ ၎င်းအင်းများမှ အမြင့်ဆုံးငါးထုတ်လုပ်ချိန်မှာ မြစ်ရေစကျသည့်ရာသီတွင် အင်းများအတွင်းထိန်းသိမ်းထားသောငါးများ ရေလျှံကွင်းများမှ မြစ်အတွင်းသို့ပြန်လည်ရွှေ့ပြောင်းချိန်ဖြစ်ပါသည်။ ယခင်နှစ်များအတွင်း အချို့သောအင်းလေလံရရှိထားသော အင်းသူကြီးများသည် အင်းနယ်နိမိတ်ဧရိယာများအား မြေသားတာတမံများတည်ဆောက်ပြီး ကာရံခဲ့ကြသည်။ ၎င်းအင်းများတွင် သဘာဝအလျောက်ဝင်ရောက်သောငါးများအပြင် ငါးသားပေါက်များကိုလည်း ထည့်သွင်းမွေးမြူထုတ်လုပ်ပါသည်။ ဖျာပုံဒေသတွင် လေလံအင်းပေါင်း ၆၉ ခုရှိပါသည်။

လေလံအင်းများအားဆောင်ရွက်လိုသော ရေလုပ်ငန်းရှင်များ (အင်းသူကြီး) သည် အင်းအငှားချထား လုပ်ပိုင်ခွင့်အား ဈေးပြိုင်စနစ်ဖြင့် ရယူရန်လိုအပ်ပြီး၊ အင်းလေလံအောင်မြင်သူအင်းသူကြီးသည် ၎င်းအင်းဧရိယာအား ၉ နှစ် တာကာလအထိ စီမံခန့်ခွဲ၊ ငါးဖမ်းဆီးထုတ်လုပ်ခွင့် ရရှိပါသည်။

အင်းလေလံပစ်ခြင်းအား တစ်နှစ်လျှင်တစ်ကြိမ် ကျင်းပလေ့ရှိသည်။ အင်းသူကြီးသည် ၎င်း ၉ နှစ်တာကာလအတွင်း ငါးလုပ်ငန်းရေပြင် (အင်း) အား ထိမ်းသိမ်းစောင့်ရှောက်ခြင်း၊ သဘာဝရေလုပ်ငန်းရေပြင်အား မှီခိုမှုလျော့နည်းစေရန်အတွက် ရေကြီး၊ ရေလျှံချိန်များတွင် မျိုးငါးများ ပုံမှန်စိုက်ထည့်ခြင်းများကို ဆောင်ရွက်ကြရပါသည်။ မျိုးငါးစိုက်ထည့်ရာတွင် အင်းသူကြီးသည် မိမိစိတ်ကြိုက် ငါးအမျိုးအစားများကို ရွေးချယ်ထည့်သွင်းနိုင်ပါသည်။

လေလံအင်း ငါးလုပ်ငန်းရေပြင်တွင် ငါးများအားဝင်ရောက်ဖမ်းဆီးလိုသော ရေလုပ်သား (တဦးချင်း သို့မဟုတ် အစုအဖွဲ့) များသည် လေလံရရှိထားသော အင်းသူကြီးကသတ်မှတ်သော အခွန် အခအား အင်းသူကြီးသို့ပေးသွင်းပြီးမှသာ ဝင်ရောက်ဖမ်းဆီးခွင့်ရှိပါသည်။ လိုင်စင်အခွန်အခအား တနှစ်လျှင် ၂ ကြိမ် ပေးသွင်းရလေ့ရှိပါသည်။ နွေရာသီ ငါးဖမ်းဆီးခွင့်လိုင်စင်မှာ (၇) လ သက်တမ်းရှိပါသည်။ မိုးရာသီ ငါးဖမ်းဆီးခွင့်လိုင်စင်မှာ (၅) လ သက်တမ်းရှိပါသည်။

အများအားဖြင့် ငါးဖမ်းခွင့်လိုင်စင်အခွန်အခအား ငါးဖမ်းယူခွင့်ရရှိသူသည် ငါးစတင်ဖမ်းယူပြီး နောက်တစ်လတွင် ပေးသွင်းရလေ့ရှိပါသည်။ သို့ရာတွင် ငါးဖမ်းဆီးသူသည် လေလံအင်းလုပ်ပိုင်ခွင့်ရသူ အင်းသူကြီးအား ဖမ်းဆီးရမိသောငါးများအား ပြန်လည်ရောင်းချရန် သို့မဟုတ် အင်းသူကြီးနှင့်ချိတ်ဆက်ထားသောငါးဒိုင်တွင်သာ ရောင်းချရန်သဘောတူညီပါက အင်းအတွင်းငါးဖမ်းဆီးခွင့် လိုင်စင်အခွန်အခအား ရောင်းချပေးသွင်းသည့် ငါးများ၏တန်ဖိုးအပေါ်မှ ခုနှိမ်ရယူခြင်းများလည်းရှိပါသည်။ ထိုသို့သောကိစ္စရပ်များတွင်း ငါးဖမ်းဆီးသူသည် အင်းသူကြီး သို့မဟုတ် အင်းသူကြီးနှင့်ချိတ်ဆက်ထားသော ငါးဒိုင်မှ လက်ခံရယူရန် စိတ်မဝင်စားသော ဈေးကွက်မဝင်သည့် ငါးများအား ငါးဖမ်းဆီးသူသည် အခြားငါးဒိုင်များသို့ ရောင်းချခြင်း သို့မဟုတ် စားသုံးရန်အိမ်သို့ယူဆောင်ခြင်းများ ဆောင်ရွက်နိုင်ပါသည်။ လိုင်စင်အခွန်အခအား ပေးသွင်းသည့်ဖမ်းမိငါးများအပေါ်မှ ခုနှိမ်ခြင်းစနစ်မှာ ငါးဖမ်းသူတံငါများအတွက် လေလံအင်းအတွင်း ငါးဖမ်းဆီခွင့်ရရှိရေးအား လွယ်ကူစေသော်လည်းအခြားတဖက်တွင် ငါးများ၏ဈေးနှုန်းအားညှိနှိုင်းရောင်းချနိုင်စွမ်းအားကို လျော့ကျဆုံးရှုံးစေပါသည်။ အများအားဖြင့် ၎င်းတံငါသယ်များသည် ဈေးနှိမ်ပြီး အတင်းအကြပ်ရောင်းချစေခြင်းကို ခံရလေ့ရှိပါသည်။ ပြန်လည်တင်ပြသူတို့၏ ပြောကြားချက်များအရ လေလံအင်းလိုင်စင်ရရှိသူ အင်းသူကြီးအချို့နှင့် ၎င်းတို့၏လက်ခွဲ တဆင့်ခံလိုင်စင်ရယူထားသူများသည် ပုစွန်အထွက်ကောင်းသောလများတွင် ၎င်းတို့ကိုယ်တိုင် ပုစွန်များအားဖမ်ဆီးရယူလိုသည့်အတွက် ၎င်းလများတွင် တံငါများကို အင်းများအတွင်း ဝင်ရောက်ငါးဖမ်ဆီးခွင့် မပြုကြကြောင်း ကြားသိရပါသည်။

၂၀၁၃-၂၀၁၄ ခုနှစ်အတွင်း လေလံအင်းလုပ်ငန်းမှ ရေချိုငါးထုတ်လုပ်မှုသည် မြန်မာနိုင်ငံ၏ ရေချိုငါးထုတ်လုပ်မှု စုစုပေါင်း

**ဇယား ၄။ ၂၀၀၉ - ၂၀၁၄ ခုနှစ်အတွက် လုပ်ငန်းအလိုက် ရေချိုငါးဖမ်းဆီးထုတ်လုပ်မှု အခြေခံစာရင်း**

| Type of Access | ၂၀၀၉ - ၁၀ | ၂၀၁၃ - ၂၀၁၄ | တိုးတက်မှုရာခိုင်နှုန်း |
|---|---|---|---|
| ဂရံအင်း အရေအတွက် | ၃,၄၅၁ | ၃,၂၉၀ | - ၅% |
| | | | |
| ထုတ်လုပ်မှုပမာဏ | ၁,၀၀၂,၄၃၀ | ၁,၃၈၁,၀၃၀ | ၃၈% |
| အင်းလုပ်ငန်းရေပြင် | ၂၃၇,၄၆၀ | ၃၀၄,၄၄၀ | ၂၈% |
| ဘုံငါးဖမ်းကွက်ရေပြင် | ၇၆၄,၉၇၀ | ၁,၀၇၆,၅၆၀ | ၄၁% |
| သတင်းရင်းမြစ် - ငါးလုပ်ငန်းဦးစီးဌာန | | | |

၏ ၂၂ % ရှိခဲ့ပါသည်။ လေလံအင်းများသည် ၂၀၀၉ ခုနှစ်တွင် ၃၅၅၁ ခု ရှိခဲ့ရာမှ ၂၀၁၄ ခုနှစ်တွင် ၃၂၉၀ ခု အထိ လျော့ကျသွားခဲ့သော်လည်း ငါးထုတ်လုပ်မှုအနေဖြင့် ၂၈ % အထိ တိုးမြှင့်ထုတ်လုပ်နိုင်ခဲ့ပါသည်။

(ခ) **ဘုံငါးဖမ်းကွက်** - ငါးလုပ်ငန်းဦးစီးဌာနမှ ဧရိယာသတ်မှတ်ထားသော လေလံအင်းငါးလုပ်ငန်းရေပြင်နှင့် ကန့်သတ်ငါးလုပ်ငန်းရေပြင် (Reserved Fishery) များမှကင်းလွတ်သော ရေပြင်များဖြစ်ပါသည်။ ငါးဖမ်းဆီးခွင့်လိုင်စင်အား ငါးလုပ်ငန်းဦးစီးဌာနမှ ထုတ်ပေးပါသည်။ ငါးဖမ်းကိရိယာအားလုံးမှာ ငါးလုပ်ငန်းဦစီးဌာနတွင် ငါးဖမ်းကိရိယာလိုင်စင် ရယူရန်လိုအပ်ပါသည်။ ကြီးမားသောငါးဖမ်းကိရိယာဖြစ်သော "ကျားပိုက် (stow net)" များအနေဖြင့် ပိုက်ချက်နေရာအားလည်း တင်ဒါလိုင်စင်ရယူရန် လိုအပ်ပါသည်။ တင်ဒါလိုင်စင်ဈေးနှုန်း (ပမာဏ) မှာ မျှော်မှန်းထားသော ငါးအထိအမိအပေါ်တွင် မူတည်ပါသည်။

တင်ဒါငါးဖမ်းကွက်အား လေလံအောင်မြင်ပြီး လိုင်စင်ရရှိသူများသည် အများအားဖြင့် မိမိတို့ကိုယ်တိုင် ငါးဖမ်းဆီးထုတ်လုပ်ခြင်းမရှိကြဘဲ တဆင့်ခံလိုင်စင်များအား ညှိနိုင်းဈေးနှုန်းဖြင့် ပြန်လည်ချထားပေးကြလေ့ရှိပါသည်။ တဆင့်ခံလိုင်စင် ရရှိထားသူများသည် ၄င်းတို့ တဆင့်ခံလိုင်စင်ရရှိထားသော ပိုက်ချက်နေရာများတွင် လုပ်ကိုင်လိုသော ကျားပိုက်လုပ်ငန်းရှင် ရေလုပ်သားများအား သတ်မှတ်အခွန်အခဖြင့် လုပ်ကိုင်စေပါသည်။ သတ်မှတ်အခွန်အခအား ပေးသွင်းရာတွင် ငွေသားဖြင့် ကြိုတင်ပေးချေခြင်းနှင့် ထိမိသော ငါး/ပုစွန်များအား ကြိုတင်သဘောတူ သတ်မှတ်ထားသောဈေးနှုန်းဖြင့် ပေးသွင်းစေခြင်းများဖြင့် ပေးသွင်းစေလေ့ရှိပါသည်။ ဖျာပုံတွင် တင်ဒါချက် (ငါးဖမ်းကွက်) ပေါင်း ၁၀၇ ခု ရှိပါသည်။

၂၀၁၄ ခုနှစ်တွင် ဘုံငါးလုပ်ငန်းရေပြင်မှ ငါးထုတ်လုပ်မှုမှာ ရေချိုငါးထုတ်လုပ်မှုစုစုပေါင်း၏ ၇၈ % ရှိခဲ့ပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ဘုံငါးဖမ်းရေပြင်မှ ရေချိုငါးထုတ်လုပ်မှုသည် ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ထုတ်လုပ်မှုနှင့်နှိုင်းယှဉ်ပါက ၄၁% တိုးမြှင့်ထုတ်လုပ်နိုင်ခဲ့ပါသည်။

ရေလုပ်သားငယ်များသည် များသောအားဖြင့် ၄င်းတို့၏ ငါးဖမ်းကိရိယာငယ်များဖြင့် ဘုံငါးလုပ်ငန်းရေပြင်တွင်သာ ငါးဖမ်းဆီးရန် တတ်နိုင်ကြပါသည်။ အကြမ်းအားဖြင့် ငါးဖမ်းလုပ်သားများသည် ၄င်းတို့ဝင်ရောက်လုပ်ကိုင်နိုင်သော ငါးဖမ်းကွက်များမှာ နှစ်စဉ်ပိုမိုကျဉ်းမြောင်းလာပြီး၊ ၄င်းတို့၏နေအိမ်နှင့် ပိုမိုဝေးကွာလာကြောင်း ခံစားရလျှက်ရှိပါသည်။

အခြားတဖက်တွင်လည်း အင်းလေလံရထားသူများနှင့် တင်ဒါပိုက်ချက်ရရှိထားသူများအနေဖြင့် ရေလုပ်သားငယ်များ၏တရားမဝင် ကျူးကျော်ဝင်ရောက် ငါးဖမ်းဆီးခြင်းများကြောင့် ၄င်းတို့၏အမြတ်အစွန်းမှာ နှစ်ပေါင်းများစွာ နစ်နာဆုံးရှုံးရလျှက်ရှိကြောင်း စောဒကတက်နေကြပါသည်။

ရွံ့ကဏန်းများအား နည်းလမ်း ၂ မျိုးဖြင့် ဖမ်းဆီးခွင့်ရရှိနိုင်ပါသည်။

၁။ ရေလုပ်သား ၁၀ ဦး မှ ၁၅ ဦး ပါဝင်သော ရေလုပ်သားအဖွဲ့ထံမှ ချောင်းလိုင်စင် (creak license) အား ခွဲဝေရယူခြင်း။

၂။ သီးသန့်တစ်ဦးချင်း ဝယ်ယူရရှိနိုင်သော ရေလျှံကွင်းလိုင်စင် (tidal flat plain license) အား ဝယ်ယူခြင်း။

## ငါးဖမ်းလှေ

ဖျာပုံဒေသတွင်လှေ ထုတ်လုပ်ရေးလုပ်ငန်းတခုအား နာဂစ်မုန်တိုင်းအပြီးကာလတွင်ဖွံ့ဖြိုးရေးအစီအစဉ်ဖြင့်တည်ထောင်ထားရှိပါသည်။ ၄င်းအစီအစဉ်မှာ Sweden နိုင်ငံအစိုးရ၏ ငွေကြေးအထောက်အပံ့ဖြင့် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) မှ အကောင်အထည်ဖေါ် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ဖျာပုံဒေသအတွင်းနှင့် အခြားသော ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင်းရှိ လှေထုတ်လုပ်သူများနှင့် လက်သမားများအား အရည်အသွေးမြင့်မားသည့် လှေထုတ်လုပ်ရေးအတွက် သင်တန်းများပို့ချပေးခဲ့ပါသည်။ ဧရာဝတီဒေသအတွင်း အသုံးများသော ဘက်စုံသုံးဝမ်းပြားလှေ ၂ မျိုးဖြစ်သော (ဘောက်တူနှင့် ခေါက်ချွန်း) လှေများအတွက် လက်ကိုင်စာအုပ်များအားလည်း ထုတ်ဝေခဲ့ပါသည်။ အင်ဂျင်ထိန်းသိမ်းရေးနှင့်ပြုပြင်ရေးသင်တန်းများအားလည်း ပို့ချပေးခဲ့ပါသည်။ ACTED Myanmar မှလည်း ၂၀၁၀ ခုနှစ်တွင် မိသားစုစားဝတ်နေရေးအစီအစဉ်တစ်ခုအား အကောင်အထည်ဖေါ်ရာတွင် လှေထုတ်လုပ်ရေးသင်တန်းသာမက လှေများကိုပါ ဖြန့်ဝေပေးခဲ့ပါသည်။

လှေတည်ဆောက်ရေးလုပ်ငန်းမှ ကာလရှည်အကျိုးအမြတ်ရရှိရေးအတွက် ဒေသခံ လှေတည်ဆောက်သူများသည် အဆင့်မြင့်တည်ဆောက်ရေးနည်းစနစ်များအား လက်ခံကျင့်သုံးကြပြီးဖြစ်ပါသည်။ FAO နှင့် ကန်ထရိုက်ချုပ်ဆိုထားသော လှေတည်ဆောက်သူများသည် ၄င်းတို့တတ်မြောက်ထားသော နည်းပညာများအား အခြားသောလုပ်ဖေါ်ကိုင်ဖက်များအား မျှဝေပေးရန်တာဝန်ရှိပြီး အခြားNGO များမှ ၄င်းတို့၏ထောက်ပံ့ရေးအစီအစဉ်အတွက် ကန်ထရိုက်ချုပ်ဆိုမှုများတွင်လည်း အလားတူ နည်းပညာဖြန့်ဝေပေးရမည်ဖြစ်ပါသည်။



Figure 10. Canoe Design Introduce by FAO in 2009

Source: FAO Manual Building Small Wooden Boats in Myanmar



Figure 11. Fishing Gear Wholesaler/Retailler in Yangon

## ငါးဖမ်းကိရိယာများ

မြန်မာနိုင်ငံဈေးကွက်အတွက် ငါးဖမ်းကိရိယာပစ္စည်းများသည် အများအားဖြင့်ရန်ကုန်နှင့်ပုသိမ်တွင်အခြေစိုက်သောလက်ကားဒိုင်ကြီးများက ယိုးဒယားနိုင်ငံမှ မှာယူတင်သွင်းခြင်းဖြစ်ပါသည်။ လက်ကားဒိုင်ကြီးများသည် အသင့်သုံးငါးဖမ်းပိုက်များသာမက အခြေခံငါးဖမ်းပိုက်ကုန်ကြမ်းများကိုလည်း ဖြန့်ဖြူးရောင်းချကြပါသည်။ အများအားဖြင့် ငါးဖမ်းပိုက်ရောင်းချသော လက်ကားဒိုင်တစ်ခုလျှင် အမျိုးအစားမတူသောပိုက်များအား တပ်ဆင်ထုတ်လုပ်ရန်အတွက် လုပ်သား ၅ ဦးမှ ၁၀ ဦးအထိပါဝင်သော အသေးစားထုတ်လုပ်ရေးအလုပ်ရုံများရှိကြပါသည်။ ဈေးကွက်အတွင်းရရှိနိုင်သော ငါးဖမ်းပိုက်များမှာ သဘာဝပတ်ဝန်းကျင်အား သက်ရောက်မှုလျော့ကျစေသည့် ရွေးချယ်ထိမိမှုကောင်းမွန်သော ဆန်းသစ်သောနည်းပညာသုံး ငါးဖမ်းပိုက်အမျိုးအစားများမဟုတ်ကြပါ။ ငါးဖမ်းပိုက်ဈေးနှုန်းမှာ နိုင်ငံခြားငွေလဲလှယ်နှုန်းနှင့် ရာသီချိန်အလိုက် လိုအပ်ချက်မြင့်မားမှုပေါ်တွင်မူတည်ပြီး အတက်အကျရှိပါသည်။

ဖျာပုံဒေသတွင်းရှိရေလုပ်သား (တံငါသည်) များမှာ ၎င်းတို့၏ဒေသအတွင်း ငါးဖမ်းပိုက်ဖြန့်ဖြူးသော လက်ကားဒိုင်များမရှိသည့်အတွက် အခြားမြို့နယ်ရှိ လက်ကားဒိုင်များကိုသာ အားကိုးကြရပါသည်။ များသောအားဖြင့် တံငါသည်များသည် ၎င်းတို့လိုအပ်သော ငါးဖမ်းကိရိယာများကို လက်ငင်းငွေချေစနစ်ဖြင့် ဝယ်ယူရန်မတတ်နိုင်ကြပါ။ ၎င်းတံငါသယ်များသည် ၎င်းတို့၏ငါးဖမ်းပိုက်များအား ဆက်လက်အသုံးပြုဖမ်းဆီးရန် မဖြစ်နိုင်တော့သည့် နောက်ဆုံးအခြေအနေကျမှသာ ငွေချေးငှားသူများထံမှ ငွေချေးယူပြီး ဝယ်ယူလေ့ရှိကြပါသည်။ ရေလုပ်သားများသည် ၎င်းတို့၏ငါးဖမ်းပိုက်များအား တတ်နိုင်သမျှပြုပြင်ဖာထေးပြီး ပြင်ဆင်အသုံးပြုလေ့ရှိကြပါသည်။

အင်းလေလံအောင်မြင်ထားသော အင်းသူကြီးများနှင့် ငါးဖမ်းကွက်တင်ဒါလိုင်စင်ရရှိထားသော ငါးဖမ်းကွက်ပိုင်ရှင်များနှင့် အလုပ်လုပ်ရန်သဘောတူပြီးသော ရေလုပ်သားများအနေဖြင့် လိုအပ်သောငါးဖမ်းကိရိယာများအား ထိုလုပ်ငန်းရှင်ကြီးများထံမှ ရယူနိုင်ကြပါသည်။ ထိုလုပ်ငန်းရှင်ကြီးများသည် ငါးဖမ်းပိုက်အတွက် အတိုးငွေပေးသွင်းစေလေ့မရှိသော်လည်း ပြင်ပပေါက်ဈေးထက် ပိုမိုနိမ့်ကျသောဈေးဖြင့် ဖမ်းဆီးရရှိသောငါးများအား ပေးသွင်းစေလေ့ရှိကြပါသည်။

ရေချိုငါးလုပ်ငန်းအနေဖြင့် ဖမ်းဆီးရရှိနိုင်သည့် ငါးအမျိုးအစား များပြားစွာရှိပြီး ကျယ်ပြန့်စွာတည်ရှိနေသည့်အတွက် တစ်နှစ်ပတ်လုံး ငါးအထိအမိကောင်းစေရန်နှင့် တည်ငြိမ်သောဝင်ငွေရရှိစေရန် ငါးဖမ်းကိရိယာအမျိုးစုံနှင့် နည်းပညာအမျိုးအစားများစွာအား လိုအပ်သလိုပြောင်းလဲအသုံးပြုရန် လိုအပ်ပါသည်။ သို့ရာတွင် ဒေသခံ အောက်ခြေရေလုပ်သားများအနေဖြင့် အသိပညာအားနည်းချက်နှင့် အရင်းအနှီးမရှိသည့်အတွက် ငါးဖမ်းကိရိယာ တစ်မျိုး သို့မဟုတ် ၂ မျိုးခန့်သာ အသုံးပြုနိုင်ကြပါသည်။

## ရေခဲ

ဖျာပုံဆိပ်ကမ်းနှင့် ငါးကုန်တင်ကုန်ချဆိပ်ကမ်းကြားရှိ ငါးဈေးကွက်တွင် ငါးလက်ကားဒိုင်ကြီးများရှိပြီး ရေခဲအား ၄င်းငါးလက်ကားဒိုင်ကြီးများတွင် ရရှိနိုင်ပါသည်။ ရေခဲတုံးများအား ကြိတ်ခွဲခြင်းနှင့် ရေခဲလက်လီရောင်းချခြင်းများအား အမိုးအကာမရှိသော လေဟာပြင်တွင်ဆောင်ရွက်ကြပါသည်။ လေဟာပြင်တွင် ထိုသို့ဆောင်ရွက်ကြသည့်အတွက် နေရောင်ခြည်ကြောင့် ရေခဲလေလွင့်ဆုံးရှုံးမှုများပြားသည့်အပြင် ရေခဲတုံးများအား ငါးအရည်အသွေးအားကျဆင်းစေသောပိုးမွှားများ အလွယ်တကူကူးစက်နိုင်ပါသည်။ ရေခဲတုံးများအား မြေပြင်တွင်တိုက်ရိုက်ချထားကြပြီး အကာအကွယ်မရှိသော ရေခဲခွဲစက်များသို့ တွန်းရွှေ့သယ်ယူ ထည့်သွင်းကြပါသည်။ ကြိတ်ခွဲပြီးရေခဲမှုန်များအား သေတ္တာများအတွင်းထည့်သွင်းခါ အလုပ်သမားများက ပုခုံးဖြင့်ထမ်းခြင်း သို့မဟုတ် တွန်းလှည်းဖြင့်တွန်းပြီး သယ်ယူခြင်းများဖြင့် ဆိုင်မျက်နှာစာသို့ သယ်ယူကြပါသည်။ လုပ်သားများသည် အကာအကွယ်ဝတ်စုံများအား ဝတ်ဆင်ခြင်းမရှိကြပါ။ ၄င်းလုပ်သားများသည် တစ်ရက်လျှင် လုပ်အားခ ကျပ် ၃၀၀၀ (3US$) ခန့် ရရှိကြပါသည်။

၄င်းရေခဲကိုင်တွယ်မှုအလေ့အကျင့်နှင့် အခြေအနေအား ရန်ကုန်မြို့ရှိ ရေချိုငါးအဓိက ကုန်တင်ကုန်ချပြုလုပ်ရာ ဆိပ်ကမ်းရှိရေခဲလက်ကားဒိုင်များတွင်လည်း တွေ့ရှိရပါသည်။ ငါးများအား ရေခဲရိုက်ကိုင်တွယ်ရာတွင် အများအားဖြင့် ရေခဲအတုံးများကိုသာ အသုံးများကြပါသည်။ အလေးချိန်ပေါင် ၃၀၀ (300lb) ရှိသော ရေခဲတုံးတစ်တုံးအား ငွေကျပ် ၃၀၀၀ (3 US$) ဖြင့် ရောင်းချကြပါသည်။



Figure 12. Ice Supply in Landing Site/Port



Figure 13. Family-based Fishing Operation

## ၂။ ငါးဖမ်းခြင်း

မြန်မာနိုင်ငံရှိ ရေလုပ်သား (တံငါသည်) များနှင့် ငါးမွေးမြူသူများ စုစုပေါင်း၏ ၅၀% သည် ရေချိုငါးလုပ်ငန်းနှင့် ပတ်သက်မှုရှိပါသည်။ ၂၀၁၃ ခုနှစ်တွင် ရေချိုငါးလုပ်ငန်းဆိုင်ရာ ရေလုပ်သားစုစုပေါင်း (၁၅၈၃၀၀၀) ဦးရှိရာတွင် ၃၁% မှာ ဝင်ငွေရရှိရေးအတွက် ငါးဖမ်းကြသူများဖြစ်ပြီး ၁၉ % သည် အချိန်ပိုင်းအလိုက် (ရာသီချိန်) ငါးဖမ်းကြသူများဖြစ်ပါသည်။ ရေလုပ်သားအရေအတွက်မှာ ၂၀၀၈ ခုနှစ်တွင် ၁၅၇၁၆၀၀ ရှိခဲ့ရာမှ ၂၀၁၀ ခုနှစ်တွင် ၁၃၉၇၀၀၀ ဦး၊ ၂၀၁၃ ခုနှစ်တွင် ၁၅၈၃၀၀၀ ဦးအထိ တဖြေးဖြေးတိုးတက်လာခဲ့ပါသည်။ ဖျာပုံဒေသတွင် ရေလုပ်သား (တံငါသယ်) ၃၀၀၀ ခန့်ရှိပါသည်။ ဖျာပုံမြစ် ဘေးပတ်ဝန်းကျင်ဒေသရှိ ဒေသခံလူထုအတွက် ရေလုပ်ငန်းတွင် လုပ်သားများအဖြစ်ပြုလုပ်ခြင်းမှတပါး အခြားသောလုပ်ငန်းများတွင် လုပ်သားများအဖြစ် ပြောင်းလဲလုပ်ကိုင်နိုင်သော အခွင့်အလမ်း အနည်းငယ်သာရှိပါသည်။

| ဇယား ၅။ ၂၀၁၀ မှ ၂၀၁၃ ခုနှစ်အတွင်း ရေချိုငါးဖမ်းလုပ်သားဦးရေ | | | | |
|---|---|---|---|---|
| အမျိုးအစား | ၂၀၁၀-၁၁ | ၂၀၁၁-၁၂ | ၂၀၁၂-၁၃ | တိုးတက်မှု % ၂၀၁၃/၁၀ |
| အချိန်ပြည့်ငါးဖမ်းသူများ | ၄၈၆,၃၀၀.၀၀ | ၄၈၆,၇၀၀.၀၀ | ၄၈၇,၀၀၀.၀၀ | ၀.၁၄% |
| အချိန်ပိုင်းငါးဖမ်သူများ | ၂၉၉,၅၀၀.၀၀ | ၃၀၀,၅၀၀.၀၀ | ၃၀၀,၀၀၀.၀၀ | ၀.၁၇% |
| ရံဖန်ရံခါငါးဖမ်းသူများ | ၇၈၅,၈၀၀.၀၀ | ၇၉၄,၀၀၀.၀၀ | ၇၉၆,၀၀၀.၀၀ | ၁.၃၀% |
| စုစုပေါင်း | ၁,၅၇၁,၆၀၀.၀၀ | ၁,၅၈၁,၂၀၀.၀၀ | ၁,၅၈၃,၀၀၀.၀၀ | ၀.၇၃% |
| သတင်းရင်းမြစ် - ငါးလုပ်ငန်းဦးစီးဌာန | | | | |



Figure 14. Woman Operating a Motorized Boat

ဖျာပုံဒေသတွင် ငါးဖမ်းဆီးခြင်းလုပ်ငန်းအား အမျိုးသားများသာ အဓိကလုပ်ကိုင်ကြပါသည်။ သို့ရာတွင် ငါးဖမ်းလုပ်ငန်းများတွင် အမျိုးသမီးများအနေဖြင့် ၎င်းတို့၏ခင်ပွန်းများအား ကူညီပြီး ငါးဖမ်းဆီးမှုလုပ်ငန်းများတွင် တဖြေးဖြေး တိုးတက်ပါဝင်လာလျှက်ရှိပါသည်။ အချို့သောအမျိုးသမီးများသည် ၎င်းတို့၏လှေအား ကိုယ်တိုင်မောင်းနှင်ကိုင်တွယ်ခြင်းများကိုလည်းတွေ့ရှိရပါသည်။ တွေ့ဆုံဆွေးနွေးမှုများအရ အမျိုးသမီးများသည် ပွဲကိုင်ရာတွင် အင်အားစိုက်ထုတ်မှု အနည်းငယ်သာလိုအပ်သော စက်တပ်လှေများအား ကိုင်တွယ်မောင်းနှင်ရန် ပိုမိုလိုလားကြပါသည်။ အမျိုးသမီးများသည် ငါးဖမ်းကိရိယာများအားပြုပြင်မှု အထူးသဖြင့် ငါးဖမ်းပိုက်များအား ပြင်ဆင်ဖာထေးမှုများတွင် ပါဝင်ကူညီကြပါသည်။

နေ့စဉ် ငါးဖမ်းဆီးချိန်မှာ ၆ နာရီမှ ၉ နာရီခန့် ကြာမြင့်ပါသည်။ အသုံးပြုသောငါးဖမ်းကိရိယာပေါ်မူတည်ပြီး ငါးဖမ်းဆီးခြင်းလုပ်ငန်းအား ပိုင်ရှင်ကိုယ်တိုင် ဆောင်ရွက်ခြင်းနှင့် အကူရေလုပ်သားများ ငှားရမ်းလုပ်ကိုင်ခြင်းများရှိပါသည်။ အကူရေလုပ်သားများအား ငွေပေးချေရာတွင် အကျိုးအမြတ်ခွဲဝေပေးခြင်းအားဖြင့်သော်၎င်း၊ ငွေတိုက်ရိုက်ပေးချေခြင်းဖြင့်သော်၎င်း ပေးချေလေ့ရှိပါသည်။ အကူရေလုပ်သားများသည် တနေ့လျှင် ၃၀၀၀ ကျပ် မှ ၅၀၀၀ ကျပ် (3 to 5 US$) ခန့်ရရှိကြပါသည်။ လှေပိုင်ရှင်သည် ငါးဖမ်းနေချိန်အတွင်း အကူရေလုပ်သားများအား ထမင်းကျွေးကြပါသည်။ ငါးဖမ်းဆီးရာတွင် မိသားစုလုပ်ငန်းအနေဖြင့် မိသားစုဝင်များက အကူရေလုပ်သားအဖြစ် ပါဝင်လုပ်ကိုင်ကြသော ငါးဖမ်းလုပ်ငန်းများလည်းရှိပါသည်။

ရေချိုငါးလုပ်ငန်းတွင် ရာသီ၊ ဖမ်းဆီးလိုသော အမျိုးအစားနှင့် ဒီရေအတက်အကျပေါ်မူတည်ပြီး ငါးဖမ်းကိရိယာအမျိုးအစားအများအပြားအသုံးပြုကြပါသည်။ ရေလုပ်သား (တံငါသည်) များသည် ငါးဖမ်းဆီးရာတွင် ဈေးကောင်းသည့်ငါးများအား ပိုမိုထိမိစေလိုကြသော်လည်း ငါးဖမ်းကိရိယာတွင် ထိမိသောမည်သည့်ငါးကိုမဆို ရယူကြပါသည်။ မစားသင့်သောငါးအနည်းငယ်ကိုသာ ပြန်လည်လွှတ်ပေးကြလေ့ရှိပါသည်။ ကျေးရွာရှိရေလုပ်သားအများအပြားအား တွေ့ဆုံဆွေးနွေးရာတွင် တစ်နှစ်ပတ်လုံး တည်ငြိမ်သောဝင်ငွေရရှိစေရေးနှင့် ပိုမိုကောင်းမွန်သောအလေ့အထအား လက်ခံကျင့်သုံးရေးတို့အတွက် ငါးအထိအမိပိုမိုကောင်းမွန်သော ငါးဖမ်းကိရိယာအား လက်ခံရရှိရေးမှာ အရေးကြီးကြောင်း ခံယူကြပါသည်။ သို့သော်လည်း ငါးဖမ်းကိရိယာ တည်ဆောက်ပုံအသစ်များသည် ငါးအထိအမိပိုမိုကောင်းကြောင်းနှင့် ၎င်းတို့၏လူမှုဘဝအား ရေရှည်တည်တံ့ခိုင်မြဲစေကြောင်း မသိရှိသူရေလုပ်သား အများအပြားရှိပါသည်။

ဖျာပုံဒေသအတွင်းရှိ ရေလုပ်သားများအသုံးများသော ငါးဖမ်းကိရိယာများကို အောက်ပါအတိုင်း ဇယား ၆ ဖြင့် တင်ပြထားပါသည်။



Figure 15. Fence Net - One of the Gears that Require a License

### ဇယား ၆။ အသုံးများသော ရေချို ငါးဖမ်းလုပ်ငန်းသုံး ကိရိယာများ

| ငါးဖမ်းကိရိယာ | လ | | | | | | | | | | | | ထိမိသော ငါးအမျိုးအစားများ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | JAN | FEB | MAR | APR | MAY | JUN | JUL | AUG | SEP | OCT | NOV | DEC | | |
| **ဘဝင်းပိုက်**<br>တန်ဖိုး<br>US$ 180 – 200/set | | | | | | | | | | | | | ငါးပုဏ္ဏား<br>ငါးဘတ်<br>ငါးပုတ်သင်<br>ရေချိုပုစွန်ထုတ်ကြီး | နေ့/ညဖမ်းဆီး; တနေ့ပျမ်းမျှ ၉နာရီ; ရေလုပ်သား ၂ ဦး<br>ဒီရေတောများပျက်စီး၊ ပိုက်ကွက်စိပ်သည့်အတွက် ရွေးချယ်ထိမိမှုမရှိ။ |
| **ကျားပိုက်**<br>တန်ဖိုး<br>US$ 400/ 30 meters | | | | | | | | | | | | | ငါးဘတ်<br>ငါးပုတ်သင်<br>ငါးခွေးလျှာ<br>ရေချိုပုစွန်<br>ကကတစ်<br>ငါးဇင်ရိုင်း<br>ရေငန်ပုစွန် | မိုးရာသီတွင် အသုံးနည်း၊ အထူးသဖြင့် ပုစွန်ဖမ်းချိန်တွင် ပိုက်ကွက်အလွန်သေးငယ်သည်။ |
| **မျှောပိုက်**<br>တန်ဖိုး<br>US$ 13 – 15/net<br>US$ 150/set | | | | | | | | | | | | | ငါးသလောက်<br>ငါးပုတ်သင်<br>ငါးဘတ်<br>မျက်စံကျယ် | နေ့အချိန်အသုံးများ၊ ဖျမ်းမျှ တစ်နေ့ ၈ နာရီ၊ ရေလုပ်သား ၂ ဦး။<br>ရွေးချယ်ထိမိမှုမှာ အသုံးပြုသော ပိုက်ကွက်အရွယ်အစားပေါ်မူတည်၊ |
| **အောက်ခြေတားပိုက်**<br>တန်ဖိုး<br>US$ 7 to 10/net<br>US$ 70 to 100/set | | | | | | | | | | | | | ငါးမွေထိုး<br>ငါးဇင်ရိုင်း<br>ငါးဖျင်းသလက်<br>ငါးပြေမ<br>ငါးရံ့/ငါးပနော် | နေ့/ည တစ်နေ့ ၁၂ နာရီ၊ ရေလုပ်သား ၁၀ဦး မှ ၁၅ ဦး<br>အကြမ်းအားဖြင့် တည်နေပိုက်အမျိုးအစားဖြစ်ပြီး ရွေးချယ်ထိမိမှုမှာ အသုံးပြုသောပိုက်ကွက်အရွယ်အစားနှင့် ပိုက်မတ်သည့် အချိုးအစားပေါ်မူတည်သည်။ |
| **အောက်ခြေငါးမျှားတန်း**<br>တန်ဖိုး<br>US$ 10 to 15 | | | | | | | | | | | | | ငါးဘတ်<br>ငါးဒန်<br>ကကတစ် | နေ့/ည တစ်နေ့ ၁၀ နာရီခန့်ဖမ်းဆီး၊ ရေလုပ်သား ၁ ဦး။<br>ရွေးချယ်ထိမိမှု အသင့်အတင့်ကောင်းမွန်၊အရည်အသွေးမြင့်ထုတ်ကုန်များရရှိနိုင်သည်။<br>တစ်ယူနစ်ရင်းနှီးမှု နည်းပါးသော်လည်း အထိအမိနည်းပါက ရေရှည်တည်တံ့ရေးအတွက် ဈေးကြီးနိုင်ပါသည်။ |
| **ကမ်းဆွဲပိုက်**<br>တန်ဖိုး<br>US$ 1,100 to 1,200/set | | | | | | | | | | | | | ငါးပုတ်သင်<br>ငါးဒန်<br>ငါးဘတ်<br>ရေချိုပုစွန်ထုတ်ကြီး | နေ့/ည တစ်နေ့ ၆ နာရီ၊ ရေလုပ်သား ၁၅ ဦးမှ ၂၀။<br>အသုံးပြုသည့် ငါးဖမ်းပိုက်ကွက်သေးငယ်ပါက ငါးသားပေါက်များ ထိမိမှု အန္တရာယ်ရှိ။ |

သတင်းရင်းမြစ်
အဓိက သတင်းပေးများအား တွေ့ဆုံမေးမြန်းမှုများ၊
Field Guide on Common Fishing Gear (FAO/DOF)
Efficiencies of Seven Types of Fishing Gears in Ayeyarwady Region (Nant Thin Thin Kywe)

များသောအားဖြင့် ဖမ်းဆီးရမိသည့်ငါးများအား ပလပ်စတစ်လက်ဆွဲပုံး (သို့မဟုတ်) လှေဝမ်းအတွင်း ထားသိုလှေ့ရှိကြပါသည်။ ရေလုပ်သားများသည် ရေခဲအသုံးပြုခြင်းမရှိကြဘဲ တစ်နေ့တာဖမ်းဆီးရရှိသောငါးများအား ငါးစုဆောင်းရာ ငါးဒိုင်များသို့ နေ့ချင်းရောင်းချကြပါသည်။

ကျေးရွာ ၄ ရွာအား သွားရောက်လည်ပတ်လေ့လာရာတွင် ငါးအထိအမိမှာ ကျဆင်းလျက်ရှိကြောင်း တင်ပြကြပါသည်။ ငါးအထိအမိကျဆင်းရာတွင် ငါးတစ်မျိုးချင်းအလိုက် အထိအမိကျဆင်းလာရုံသာမက ထိမိသောငါး၏အရွယ်အစားပါ သေးငယ်လာကြောင်း တင်ပြကြပါသည်။ တံငါသည်များက ငါးများသည် ၎င်းတို့ယခင်သိရှိထားသလိုမဟုတ်တော့ဘဲ ကောင်းစွာမကြီးထွားကြတော့ကြောင်းနှင့် ပြန်လည်သားပေါက် ပေါက်ဖွားမှုလည်း ကျဆင်းလာကြောင်း ပြောပြကြပါသည်။

# ၃။ ရောင်းဝယ်ဖောက်ကားခြင်း

ခေါင်းရွက်/ဗျပ်ထိုး လက်လီဈေးသည်များမှအပ ဖျာပုံတွင် အလယ်အလတ်အဆင့် ငါးလုပ်ငန်း ၅၀ ခန့်ရှိပါသည်။ ၎င်းလုပ်ငန်းများအား အမျိုးအစားအလိုက် အောက်ပါအတိုင်း ခွဲခြားနိုင်ပါသည်။

## က) ငါးစုဆောင်းရာနေရာများ(ငါးရွဲ၊ ငါးရွဲဒိုင်)

ငါးစုဆောင်းရာ ငါးရွဲ၊ ရွဲဒိုင်များမှာ မြစ်ကမ်းနားတလျှောက်တွင်တည်ရှိကြပြီး တံငါသည်များအနေဖြင့် ၎င်းတို့ထိမိသော ငါးများအား အဆင်ပြေလွယ်ကူစွာ လာရောက်ရောင်းချနိုင်ရန် တည်ဆောက်ထားကြပါသည်။ ရွဲဒိုင်ပိုင်ရှင်များမှာ အများအားဖြင့် အမျိုးသားများသာဖြစ်ကြပါသည်။ ၎င်းရွဲဒိုင်အများစုသည် လေလံအင်းရရှိထားသော အင်းသူကြီးများ၏ လက်ခွဲအင်းသူကြီးများ၊ တဆင့်ခံတင်ဒါချက်ရရှိထားသော တင်ဒါချက်ပိုင်ရှင်များနှင့် ချိတ်ဆက်ထားကြပါသည်။ ၎င်း ငါးရွဲဒိုင်ပိုင်ရှင်များသည် ငါးလက်ကားရောင်းဝယ်ရေး ဒိုင်လုပ်ငန်းများကိုလည်း ပိုင်ဆိုင်ထားတတ်ကြပါသည်။ ပေါင်းစုလုပ်အားအကူအညီပေးရေးအဖွဲ့ (Network Action Group - NAG ) ၏အထောက်အပံ့ဖြင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (Fishery Development Association – FDA) သည် ငါးရွဲဒိုင်တစ်ခုအား တည်ထောင်ထားရှိပါသည်။ လက်ရှိအခြေအနေတွင် NAG သည် ၎င်းအဖွဲ့အနေဖြင့် ရန်ကုန်မြို့ရှိ ငါးဝယ်လက်များနှင့် ချိတ်ဆက်မိစေရန်နှင့် လုပ်ငန်းလည်ပတ်ရန် ငွေအရင်းအနှီးများရရှိရေးအတွက် ပံ့ပိုးပေးလျှက်ရှိပါသည်။

ငါးရွဲဒိုင်လုပ်ငန်းရှင်တစ်ဦးသည် ၎င်း၏ ငါးစုဆောင်းရာရွဲဒိုင်များအား ဖျာပုံမြစ်ကမ်းဘေးရှိ နေရာ ၃ ခု မှ ၅ ခုတွင် ဖြန့်ခွဲတည်ဆောက်ထားတတ်ပါသည်။ ငါးစုဆောင်းသည့်ရွဲဒိုင်များ များပြားလာသည်နှင့်အမျှ တံငါသည်များအနေဖြင့် ပိုမိုရွေးချယ်ခွင့်ရရှိစေပါသည်။ တံငါများသည် ဈေးနှုန်းနှင့် အကြွေးပေးဆပ်ရမှုအခြေအနေများကို သာမက ငါးဖမ်းကွက်နှင့်နီးကပ်မှုကိုလည်း စက်သုံးဆီကုန်ကျစရိတ်သက်သာစေရန်အတွက် ထည့်သွင်းစဉ်းစားလေ့ရှိပါသည်။

ငါးစုဆောင်းသည့်ရွဲဒိုင်များတွင် ငါးဝယ်ယူရောင်းချမှုမှာ ငွေသားဖြင့်ပေးချေမှုကို အဓိကပြုလုပ်ကြပါသည်။ ငါးရွဲဒိုင်များသည် ငါးများကိုလက်ခံရရှိပြီးပါက ရွေးချယ်ခြင်း၊ ဆေးကြောခြင်းနှင့် အအေးလုံသောရေခဲပုံးများ (Insulated boxes) အတွင်း ရေခဲရိုက်သိုလှောင်ခြင်းများအား ဆောင်ရွက်ပါသည်။ ငါးရွဲဒိုင်များသည် ငါးစုဆောင်းချိန်



Figure 16. Fishing Collection Center



Figure 17. Storage of Fish in the Collection Center

အတွင်း ရေခဲပုံးများနှင့် ရေခဲများအားအသုံးပြုပြီး ငါးများအား သိုလှောင်ထားလေ့ရှိပါသည်။ ငါးရွှေဒိုင်များသည် အများအားဖြင့် ရန်ကုန်သို့မဟုတ် ဖျာပုံမြို့ရှိ ငါးလက်ကားပွဲရုံများသို့ တစ်ကြိမ်တင်ပို့ရန် လိုအပ်သောငါးပမာဏ (၂၀၀ မှ ၃၀၀ ကီလို) အား စုဆောင်းရန် ၃ ရက်ခန့်ကြာမြင့်လေ့ရှိပါသည်။ အစားအစာဘေးကင်းလုံခြုံရေးအား လိုက်နာကျင့်သုံးမှု အဆင့်အတန်းအနေဖြင့် ငါးစုဆောင်းသည့်ငါးရွှေဒိုင်များသည် ဖျာပုံရှိ ငါးလက်လီနှင့် လက်ကားဒိုင်များထက် ပိုမိုကောင်းမွန်သော်လည်း ရေခဲရိုက်ငါး တာရှည်ခံမှုသက်တမ်းကာလ (shelflife) နှင့် ငါးအရည်အသွေး ပိုမိုကောင်းမွန်တိုးတက်စေရန် အဆင့်မြှင့်တင်မှုများ ဆက်လက်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသည်။ ထိုနည်းတူစွာ ငါးရွှေဒိုင်များသည် ရေချိုငါးများအား ပြည်ပပို့ကုန်အတွက် စုဆောင်းရာတွင် အဓိကကျသော အရင်းအမြစ်ဖြစ်နေသည့်အတွက် ငါးရွှေဒိုင်များအား အစားအစာဘေးကင်းလုံခြုံရေးနှင့် အရည်အသွေးဆိုင်ရာ စံချိန်စံညွှန်းများအတိုင်း အဆင့်မြှင့်တင် အကောင်အထည်ဖော်ဆောင်ရွက်စေခြင်းသည်၊ ယခုရေချိုငါးများအား ပြည်ပပို့ကုန်အဖြစ် တင်ပို့သောလုပ်ငန်းများတွင် ရင်ဆိုင်ကြုံတွေ့နေရသည့် တင်းကျပ်သောတောင်းဆိုမှု လိုအပ်ချက်များအား ပြည့်မီစေရန် ဆောင်ရွက်ရန်အတွက် တဖြေးဖြေး တိုးမြှင့်အရေးပါလာမည်ဖြစ်ပါသည်။

ငါးစုဆောင်းသောငါးရွှေဒိုင်တစ်ခုသည်၄င်း၏လုပ်ငန်းပမာဏအကြီးအသေးပေါ် မူတည်ပြီး လုပ်သား ၃ ဦး မှ ၁၀ ဦး အထိခန့်ထားဆောင်ရွက်စေရပါသည်။ ၄င်း အလုပ်သမားတစ်ဦးသည် တစ်နေ့လျှင် US$ 3 မှ 4 ခန့် ရရှိကြပါသည်။ ရွှေဒိုင်လုပ်သားများ၏ အဓိကတာဝန်များမှာ ငါးများအားလက်ခံခြင်း၊ သန့်ရှင်းအောင်ဆေးကြောခြင်း (cleaning)၊ ရွေးချယ်ခြင်း၊ အလေးချိန်ကိုချိန်တွယ်ခြင်း၊ ရေခဲရိုက်ခြင်းနှင့် ထုပ်ပိုးခြင်းများဖြစ်ပါသည်။ လုပ်သားများသည် လုပ်ငန်းခွင်အတွင်း ဝင်ရောက်လုပ်ကိုင်ခြင်းဖြင့် လုပ်ငန်းကျွမ်းကျင်လာကြပါသည်။

ငါးစုဆောင်းသော ငါးရွှေဒိုင်များသည် ငါးဖမ်းဆီးသော တံငါသယ်များနှင့် ငါးဈေးကွက်အား ချိတ်ဆက်ပေးသည့် မရှိမဖြစ်လိုအပ်သော အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်ပါသည်။ ငါးရွှေဒိုင်များသည် ရေလုပ်သားများအတွက် ငါးပေါက်ဈေးနှင့် ဈေးကွက်စံနှုန်းများဆိုင်ရာ အချက်အလက်များအား လက်ခံရရှိစေသည့် အရေးပါသော သတင်းပင်ရင်းတစ်ခုဖြစ်ပါသည်။ ထို့အပြင် ငါးရွှေဒိုင်များသည် ၄င်းတို့၏ဖောက်သယ် တံငါများအတွက် ကြိုတင်ငွေထုတ်ပေးခြင်းများကိုလည်း ဆောင်ရွက်ပေးလေ့ရှိပါသည်။ ၄င်းကြိုတင်ထုတ်ပေးငွေများအား ငါးများအား ပွဲရုံများသို့တင်ပို့ပြီးချိန်တွင် ပြန်လည်ခုနှိမ် ရှင်းလင်းပေးလေ့ရှိပါသည်။

## ခ) ငါး လက်ကားပွဲရုံများ

ငါးလက်ကားပွဲရုံများသည် အထူးသီးသန့် ငါးလုပ်ငန်းဆောင်ရွက်သူများဖြစ်ပြီး ငါးများအား ငါးစုဆောင်းသည့် ငါးရွှေဒိုင်များမှဝယ်ယူကာ ရန်ကုန်မြို့ရှိ ငါးလက်ကားဈေးသို့ တစ်နှစ်ပတ်လုံး တင်ပို့ရောင်းချကြပါသည်။ ၄င်းတို့သည် ဖျာပုံငါးဈေးကွက်သို့လည်း ငါးများကိုတင်ပို့ရောင်းချပေးကြပါသည်။ ၄င်းတို့သည် ငါးများ၏အရည်အသွေး၊ ငါးတင်သွင်းမှုအခြေအနေနှင့် ငါးဈေးကွက်လိုအပ်ချက် ပမာဏများအပေါ်အခြေခံပြီး ငါးဈေးနှုန်းအား သတ်မှတ်ကြပါသည်။ ငါးလက်ကားပွဲရုံများသည် ငါးဝယ်ယူစုဆောင်းသော ငါးရွှေဒိုင်များအား ကြိုတင်ငွေထုတ်ပေးလေ့ရှိကြပါသည်။ ၄င်းငါးလက်ကားပွဲရုံပိုင်ရှင်များအနက် အချို့မှာ အင်းသူကြီးများနှင့် ငါးဖမ်းကွက်တင်ဒါရရှိသူများ ဖြစ်ကြပါသည်။

## ဂ)လက်လီငါးခေါင်းရွက်/ဖျပ်ထိုးဈေးသည်များ

ငှင်းငါးဈေးသယ်များသည် အများအားဖြင့် အမျိုးသမီးများဖြစ်ကြပါသည်။ အမျိုးသမီးများသည် ငါးလက်လီဈေးကွက်တွင် အဓိကဆောင်ရွက်လေ့ရှိပြီး အမျိုးသားများသည် လက်ကားရောင်းဝယ်ရေးများကို အဓိကဆောင်ရွက်လေ့ရှိပါသည်။ အခြားတဖက်တွင်လည်း ငါးလက်လီဈေးကွက်မှာ စတင်ဆောင်ရွက်ရန် အရင်းအနှီးအနည်းငယ်သာ လိုအပ်ပြီး သင့်တင့်သောအမြတ်အစွန်းအား ရရှိစေပါသည်။

လက်လီ ငါးခေါင်းရွက်/ဖျပ်ထိုးဈေးသည်များ ဆောင်ရွက်ရသည့်လုပ်ငန်းဆောင်တာများမှာ အလေးချိန်ခြင်း၊ ငါးအားဖိုက်ခွဲခြင်း၊ ရေဆေးကြောသန့်စင်ခြင်းနှင့် ငါးများအား ဈေးကွက်လိုအပ်ချက်အတိုင်း ခုတ်ပိုင်းခြင်းများဖြစ်ပါသည်။ ရေဆေးကြောသန့်စင်ပေးခြင်း၊ ငါးအားဖိုက်ခွဲပေးခြင်းနှင့် အကြေးခွံဖယ်ရှားပေးခြင်းများသည် လက်လီဈေးသယ်များက ၎င်းတို့၏ဖောက်သယ်များနှင့် ဖောက်သယ်အသစ်များ ရရှိရေးအတွက် ဝန်ဆောင်မှုပေးသည့် နည်းလမ်းများဖြစ်သည်။ ဈေးသယ်များသည် ၎င်းတို့၏ဝင်ငွေ တိုးပွားစေရန်အတွက် ဈေးရောင်းနေစဉ် အားလပ်ချိန်များတွင် အသေးစားပြုပြင်ထုတ်လုပ်ရေးလုပ်ငန်းများဖြစ်သော ငါးပိနှင့် ငံပြာရည်ထုတ်လုပ်ရန်အတွက် ဈေးဆိုင်အတွင်းတွင် ငါးများအား ခုတ်စဉ်းနေလေ့ရှိကြပါသည်။

လက်လီရောင်းချသော ငါးဈေးသယ်များသည် ရေခဲအသုံးပြုလေ့မရှိကြပါ။ ရာသီဥတုပူပြင်းချိန်များတွင် ငါးများသည် လျှင်မြန်စွာပုပ်သိုးလွယ်ကြသဖြင့် ငါးသယ်များသည် ၎င်းတို့၏ငါးများအား အမြန်ဆုံးရောင်းချကြပြီး လိုအပ်ပါက ဈေးလျှော့ပြီးရောင်းချလေ့ရှိကြပါသည်။ ငါးလက်လီဈေးသယ်များသည် စနစ်တကျ ငါးကိုင်တွယ်နည်းများနှင့် လုပ်ငန်းစီမံခန့်ခွဲမှုဆိုင်ရာ သင်တန်းများအား တက်ရောက်ဖူးခြင်းမရှိကြပါ။ ထို့အပြင် ၎င်းဈေးသည်များသည် ကျန်းမာရေးနှင့်ညီညွတ်သော ငါးကိုင်တွယ်မှုဆိုင်ရာ ဝန်ဆောင်မှုများနှင့် လုပ်ဖက်ကိရိယာများအား လက်ခံရရှိခြင်းမရှိကြသည့်အပြင် ကျန်းမာရေးနှင့် သန့်ရှင်းရေးဆိုင်ရာ အကာအကွယ်များ၊ စားသုံးသူများ၏ ဘေးအန္တရာယ်ကင်းရှင်းရေးများအားလည်း နားလည်သိရှိခြင်းမရှိကြပါ။ ၎င်းတို့၏ နိမ့်ကျသောပညာရေးနှင့် အားနည်းသော လုပ်ငန်းလက်တွေ့ဆောင်ရွက်ရာမှရရှိသော လေ့လာမှတ်သားမှုများကြောင့် ၎င်းဈေးသည်များသည် အခြေခံသန့်ရှင်းရေးနှင့် မှန်ကန်သော ငါးအစိမ်းများအား ကိုင်တွယ်နည်းစနစ်များအား နားလည်သိရှိမှုမရှိကြပါ။

ဖျာပုံသည် မြစ်ဝကျွန်းပေါ်ဒေသတွင် ငါးခြောက်ရောင်းဝယ်ရေးဆိုင်ရာအဓိကကျသောနေရာတစ်ခုဖြစ်သည်။ ဈေးတွင်အမျိုးအစားစုံလင်သော ငါးခြောက်များအား သီးသန့်ရောင်းဝယ်သောနေရာ (ငါးခြောက်တန်း) ရှိပါသည်။ ရန်ကုန်နှင့် အခြားမြို့နယ်များမှ ကုန်သည်များသည် ၎င်းတို့လိုအပ်သော ငါးခြောက်များအား အထက်ပါနေရာ (ငါးခြောက်တန်း) မှ အဓိက ဝယ်ယူစုဆောင်းကြပါသည်။

ဖျာပုံနှင့် အခြားပတ်ဝန်းကျင်မြို့နယ်များတွင် ငါးပြုပြင်ထုတ်လုပ်မှုလုပ်ငန်းများအား မိသားစုနှင့် အသေးစားလုပ်ငန်းများအနေဖြင့် ဆောင်ရွက်ကြပါသည်။ ငါးပြုပြင်ထုတ်လုပ်ရေးလုပ်ငန်းသည် အမျိုးသမီးများက အဓိကဆောင်ရွက်သောလုပ်ငန်းဖြစ်ပါသည်။ ငါးပြုပြင်ထုတ်လုပ်ရေးလုပ်ငန်းများ အများစုမှာ ငါးပိ၊ ငါးခြောက်နှင့် ငံပြာရည်ထုတ်လုပ်ရေးလုပ်ငန်းများဖြစ်ကြပါသည်။ အသေးစားလုပ်ငန်းများသည် လုပ်ငန်းပမာဏပေါ်တွင်မူတည်ပြီး အလုပ်သမား ၅ ဦး မှ ၁၅ ဦး အထိ ခန့်ထားဆောင်ရွက်ကြပါသည်။ ပြုပြင်ထုတ်လုပ်မှုနည်းစနစ်မှာ လက်ရှိတတ်မြောက်ထားသော နည်းစနစ်ဖြစ်ပြီး အခြေခံကျသည့် ရိုးရှင်းသောလုပ်ဖက်ကိရိယာများကိုသာ အသုံးပြုဆောင်ရွက်ပါသည်။ ပြုပြင်ထုတ်လုပ်ထားသော ကုန်ချောများအား ရန်ကုန်နှင့်ဖျာပုံမြို့များရှိ လက်ကားဆိုင်ကြီးများသို့ ရောင်းချကြပါသည်။

ကမ်းခြေဒေသရှိ ကျေးရွာ ၄ ရွာအား သွားရောက်လည်ပတ်လေ့လာရာတွင် ပြုပြင်ထုတ်လုပ်ရေးလုပ်ငန်းများကို မိသားစုစားသုံးရန်နှင့် ငါးအထိအမိ နည်းပါးချိန်တွင် စားသုံးနိုင်ရန် အဓိကအားဖြင့် ရည်ရွယ်ထုတ်လုပ်ကြပါသည်။ NAG သည် ၎င်းပြုပြင်ထုတ်လုပ်ရေးလုပ်ငန်းများ ပိုမိုတိုးတက်စေရန်အတွက် FDA အား ထောက်ပံ့ပေးလျှက်ရှိပါသည်။



Figure 18. Preparation of Minced Fish in their Stalls



Figure 19. Hauling and Sorting of Fish at the Retail Market



Figure 20. Fish Vending at Retail Market

ရေထွက်ပစ္စည်းများအား ပြည်ပတင်ပို့ရန် ရည်ရွယ်လုပ်ကိုင်သော ကုမ္ပဏီများမှာ ရန်ကုန်မြို့အခြေစိုက်များဖြစ်ကြသည်။ ၎င်းကုမ္ပဏီများသည် လုပ်သား ၅၀ မှ ၂၀၀ ခန့်ဖြင့်လုပ်ကိုင်ကြပြီး လုပ်သားအများစုမှာ အမျိုးသမီးများဖြစ်ပါသည်။ အမျိုးသမီးလုပ်သားများသည် အများအားဖြင့် ငါးအသားလွှာခြင်း၊ ငါးဗိုက်ခွဲခြင်း၊ အမှတ်အသားပြုလုပ်ခြင်း၊ ထုပ်ပိုးခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများအား ပြုလုပ်ကြရပါသည်။ ၎င်းလုပ်ငန်းများအားလုံးသည် အထူးဂရုစိုက်ကြည့်ရှုစစ်ဆေးရန်နှင့် အသေးစားကိုင်တွယ်ရန် လိုအပ်ပါသည်။ လုပ်သားများသည် ၎င်းတို့၏လုပ်ငန်းကျွမ်းကျင်မှုအတွက် ကုမ္ပဏီမှ ပို့ချသော လက်တွေ့လုပ်ငန်းခွင်သင်တန်း (hands-on training) များသို့ တက်ရောက်ကြရပါသည်။

ကုမ္ပဏီအများစုသည် ကောင်းမွန်သောထုတ်လုပ်မှု ကျင့်စဉ် (Good Manufacturing Practices) အဆင့်အတန်းအား ပြည့်မီစေရန်အတွက် လိုအပ်သောရင်းနှီးမြှုပ်နှံမှုများအား ပြုလုပ်ထားကြပါသည်။ ကုမ္ပဏီအများစုသည် ရေချိုနှင့် ရေငန်ငါးပုစွန် ပြုပြင်ထုတ်လုပ်ပြီးကုန်စည်များ {တကောင်လုံးအေးခဲ (whole frozen)၊ အသားလွှာ (fillet) အသားတုံး (steak cuts)} များကို ပြည်ပသို့တင်ပို့ကြပါသည်။ အချို့သောကုမ္ပဏီများသည် ၎င်းတို့အပိုင် မွေးမြူရေးစခန်းများထားရှိခြင်းဖြင့် ရေချိုငါးရရှိမှုကို သေချာစေသည့်အပြင် အစားအစာဘေးကင်းလုံခြုံရေးဆိုင်ရာ စံညွှန်းများပြည့်မီစေရေးနှင့် နောက်ကြောင်းအားပြန်လည်စစ်ဆေးခြင်း (traceability) ဆိုင်ရာ အချက်အလက်များရရှိရေး သေချာစေပါသည်။

# ၈။ လုပ်ငန်းများအချင်းချင်း ဆက်သွယ်ဆောင်ရွက်ပုံသဘောသဘာဝ

## ၁။ အဆင့်တူအချင်းချင်း ဆက်ဆံဆောင်ရွက်ရေး

ရေလုပ်ငန်းဆိုင်ရာ ပုဂ္ဂလိက အခန်းကဏ္ဍတွင် ပါဝင်သူအားလုံးအား အဓိကစုစည်းထားသော ဖွံ့ဖြိုးတိုးတက်ရန် တွန်းအားပေးဆောင်ရွက်နိုင်သော အဖွဲ့အစည်းမှာ မြန်မာနိုင်ငံရေလုပ်ငန်းအဖွဲ့ချုပ် (Myan mar Fisheries Federation – MFF) ဖြစ်ပါသည်။ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်အား အောက်ပါအချက်နှစ်ချက်၏ တွန်းအားပေးမှုကြောင့် တည်ထောင်ခဲ့ခြင်းဖြစ်ပါသည်။

- မြန်မာနိုင်ငံအနေဖြင့် ASEAN အဖွဲ့သို့ဝင်ရောက်ရာတွင် ဒေသတွင်းနှင့် နိုင်ငံအဆင့် အုပ်ချုပ်မှုဆိုင်ရာကိုယ်စားပြု အရပ်ဖက်အဖွဲ့အစည်းများ တိုးတက်ဖွဲ့စည်းဖော်ဆောင်ရန် လိုအပ်ချက်ကြောင့်၄င်း
- ဈေးကွက်စီးပွားရေးစနစ် အကောင်အထည်ဖော်ဆောင်ရန်အတွက် ပုဂ္ဂလိကအခန်းကဏ္ဍအား ပိုမိုမြှင့်တင်ရန် အစိုးရက မူဝါဒချမှတ်ခဲ့ခြင်းကြောင့်၄င်း ဖြစ်ပါသည်။

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၏လက်အောက်ခံ ရေလုပ်ငန်းအဖွဲ့အစည်းများမှာ

- မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်း (Myanmar Shrimp Association)
- မြန်မာနိုင်ငံ ငါးမွေးမြူသူများအသင်း (Myanmar Fish Farmers Association)
- မြန်မာနိုင်ငံ ရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း (Myanmar Fishery products processors and exporters Association)
- မြန်မာနိုင်ငံ ငါး/ပုစွန်အစာ ထုတ်လုပ်ရောင်းဝယ်သူများအသင်း (Myanmar Aqua Feed Association)
- မြန်မာနိုင်ငံ ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များ အသင်း (Myanmar Marine Fisheries Association)
- မြန်မာနိုင်ငံ ရေချိုငါးဖမ်းလုပ်ငန်း လုပ်ကိုင်သူများအသင်း (Myanmar Freshwater Capture Fisheries Association)
- မြန်မာနိုင်ငံ ဂဏန်းလုပ်ငန်းရှင်များအသင်း (Myanmar Crab Entrepreneurs Association)
- မြန်မာနိုင်ငံ ငါးရှဉ့်လုပ်ငန်းရှင်များအသင်း (Eel Entrepreneurs Association)
- မြန်မာနိုင်ငံ အလှမွေးငါးလုပ်ငန်းရှင်များအသင်း ( Ornamental Fish Entrepreneurs Association)

ငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန်နှင့် ရေလုပ်ငန်းအချင်းချင်း ပိုမိုချိတ်ဆက်ပူးပေါင်းဆောင်ရွက်နိုင်စေရန်ရည်ရွယ်ပြီး မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်လက်အောက်ခံ ပြည်နယ်နှင့်တိုင်း ဒေသဆိုင်ရာအသင်းများကိုလည်း အောက်ပါအတိုင်း ဖွဲ့စည်းထားပါသည်။

- ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်
- ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်
- ဧရာဝတီတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်
- မွန်ပြည်နယ် ငါးလုပ်ငန်းအဖွဲ့ချုပ်
- ကရင်ပြည်နယ် ငါးလုပ်ငန်း အဖွဲ့ချုပ်
- မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်
- ရခိုင်ပြည်နယ် ငါးလုပ်ငန်းအဖွဲ့ချုပ်
- တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်
- စစ်ကိုင်းတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်
- ကယားပြည်နယ် ငါးလုပ်ငန်း အဖွဲ့ချုပ်
- ကချင်ပြည်နယ် ငါးလုပ်ငန်း အဖွဲ့ချုပ်
- ရှမ်းပြည်နယ် ငါးလုပ်ငန်းအဖွဲ့ချုပ်
- မကွေးတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်

၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့တွင် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်တွင် အသင်းသား ၃၃၅၃၅ ဦး ရှိပါသည်။ အဖွဲ့ချုပ်အနေဖြင့် အသင်းသားများအား အောက်ပါဝန်ဆောင်မှုများ ပြုလုပ်ပေးပါသည်။

- ရေလုပ်ငန်းနှင့် ငါးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အသင်းသားများ၏ တင်ပြချက်များအား ငါးလုပ်ငန်းဦးစီးဌာနသို့ ထောက်ခံတင်ပြပေးခြင်း။
- အသင်းသားများ၏ ချေးငွေလျှောက်ထားခြင်းများအား ကမ္ဘာ့ရတနာဘဏ် (ယခင် မွေး/ရေ ဘဏ်)သို့ ထောက်ခံတင်ပြပေးခြင်း။
- မူဝါဒရေးရာထောက်ခံပေးခြင်း/ငါးလုပ်ငန်းနယ်ပယ် တစ်ခုလုံးအတွက် ကိုယ်စားပြုပြောဆိုခြင်း။
- အသင်းသားများ၏ လုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန်အတွက် သင်တန်းများ၊ နည်းပညာများနှင့် အရင်းအမြစ်များနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခြင်း။
- အသင်းသားများနှင့် ငါးလုပ်ငန်းတစ်ခုလုံးအား ချိတ်ဆက်ဆောင်ရွက်ပေးခြင်းဖြင့် ဈေးကွက်တိုးချဲ့နိုင်စေခြင်းနှင့် ဈေးကွက်ခိုင်မာစေခြင်း။
- ရေလုပ်ငန်းလုပ်ကိုင်နေသူအချင်းချင်း လုပ်ဖော်ကိုင်ဖက်စိတ်ဓာတ် တိုးတက်လာစေရန်။

ဒေသခံ ငါးဖမ်းလုပ်သား (တံငါသည်) များအတွက် အခြေခံအုတ်မြစ်ဖြစ်သော ငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (Fishery Development Association – FDA) အား LIFT စီမံကိန်း ရံပုံငွေအထောက်အပံ့ဖြင့် Oxfam International နှင့် NAG တို့က စည်းရုံးဖွဲ့စည်းတည်ထောင်ပေးပြီးဖြစ်ပါသည်။ ၄င်းအဖွဲ့သည် ငါးဖမ်းကွက်များ စီမံခန့်ခွဲခြင်း၊ ငါးစုဆောင်းခြင်းနှင့် ငါးပြုပြင်ထုတ်လုပ်ခြင်းများကို ဆောင်ရွက်လျက်ရှိပါသည်။

ကျေးရွာ ၄ ရွာအား သွားရောက်လည်ပတ်ရာတွင် ရေလုပ်သားများသည် စုပေါင်းအလုပ်လုပ်ရန်ကို စိတ်ပါဝင်စားကြသော်လည်း စုပေါင်းဆောင်ရွက်သောလုပ်ငန်းများကို စတင်ဆောင်ရွက်ရန် လုပ်ငန်းအတွေ့အကြုံ လုံးဝမရှိကြောင်း တွေ့ရှိရပါသည်။ တံငါသည် အိမ်ထောင်စုများသည် အချင်းချင်း တုံ့ပြန်ကူညီခြင်းများအား လူမှုဘဝဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်သည့်နေရာဖြစ်သော ဘုန်းကြီးကျောင်းများတွင် ဆောင်ရွက်ကြပါသည်။ ဘုန်းကြီးကျောင်းများသည် သင်ကြားရေးအတွက် နေရာလည်းဖြစ်သည့်အပြင် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုလုပ်ငန်းများအတွက်လည်း မရှိမဖြစ်သည့် မိတ်ဖက်တစ်ခုဖြစ်ပါသည်။

ရေလုပ်ငန်းကုန်သည်များသည် ၄င်းတို့၏လုပ်ငန်းများအား တသီးတခြားစီ ဆောင်ရွက်လေ့ရှိကြပြီး ကုန်သည်များအချင်းချင်း စုပေါင်းဆောင်ရွက်မှု အနည်းငယ်သာရှိကြပါသည်။ ဖျာပုံဒေသရှိ ရေလုပ်ငန်းကုန်သည် ၅၀ ခန့်သည် ငါးရရှိရေးအတွက် အချင်းချင်း အပြင်းအထန်ပြိုင်ဆိုင်ကြရပါသည်။ ရေလုပ်ငန်းကုန်သည်များသည် ပြိုင်ဆိုင်ကြရာတွင် ကြိုတင်ငွေထုတ်ပေးခြင်းနည်းလမ်းနှင့် ငါးဖမ်းကွက်များအား ချုပ်ကိုင်ခြင်းနည်းလမ်းများကို အခြေခံအသုံးပြုပြီး ယှဉ်ပြိုင်လေ့ရှိကြပါသည်။

## ၂။ အထက်အောက် ဆက်ဆံ ဆောင်ရွက်ရေးနှင့် ဆင့်ကဲထုတ်လုပ်မှု (supply chain) စီမံအုပ်ချုပ်မှု

ရေချိုငါးကုန်သွယ်ရေးနှင့် ရောင်းဝယ်ရေးတို့တွင် အလယ်အလတ်အဆင့်ရှိလုပ်ငန်းများသည် အရောင်းအဝယ် ပြေလည်မှုရရှိရန် စေ့စပ်ဆက်သွယ်ပေးသော ကြားခံဆောင်ရွက်ပေးသူများဖြစ်ပြီး၊ ၎င်းတို့အနက် အချို့မှာ အင်းလေလံရရှိထားသော အင်းသူကြီးများနှင့် တင်ဒါငါးဖမ်းကွက်လိုင်စင် ရရှိထားသူများဖြစ်သည်။ အင်းသူကြီးများနှင့် တင်ဒါငါးဖမ်းကွက်လိုင်စင် ရရှိထားသူများသည် ငါးဈေးကွက်အား အဓိကချုပ်ကိုင်ထားသူများဖြစ်ပြီး အပေါ်ဖက်နှင့် အောက်ခြေလုပ်ငန်းများကို ပေါင်းစပ်ချိတ်ဆက်ပေးသူများဖြစ်သည့်အပြင် ငါးလုပ်ငန်းဈေးကွက်ချိတ်ဆက်မှု၏ အတက်အကျကို ထိမ်းချုပ်ထားသူများဖြစ်ပါသည်။ အချို့သောကိစ္စရပ်များတွင် ၎င်းတို့သည် ဈေးကွက်ချိတ်ဆက်မှုပုံစံအား အဆုံးအဖြတ်ပေးခြင်းနှင့် အရှိန်အဝါသုံးပြီး ဆောင်ရွက်စေခြင်းများကိုလည်း ဆောင်ရွက်လေ့ရှိကြပါသည်။ ငါးဖမ်းဆီးသူတံငါသည်များသည် မကြာခဏ "ဈေးတိုးမြင့်လိုသူများ - price takers)" များဖြစ်လေ့ရှိသော်လည်း ၎င်းတို့သည် ငါးဖမ်းကွက်အတွင်း ဝင်ရောက်ဖမ်းဆီးခွင့်နှင့် ရယူထားသော ငါးဖမ်းကိရိယာတို့ကြောင့် ၎င်းတို့ဖမ်းဆီးရမိသောငါးများအား လျှော့ဈေးဖြင့် ရောင်းချစေခြင်းအား လက်ခံရလေ့ရှိပါသည်။

အလယ်အလတ်အဆင့်ရှိလုပ်ငန်းရှင်များနှင့် ငါးဖမ်းဆီးသူ ရေလုပ်သားတို့၏ ဘုံငါးဖမ်းကွက် (ကျားပိုက်မှအပ) အတွင်း အရောင်းအဝယ်ချိတ်ဆက်မှုမှာ မိတ်ဆွေသဘောဖြင့် ချိတ်ဆက်ခြင်းနှင့် ပုဂ္ဂလိကဆိုင်ရာ စီးပွားရေးဆက်နွယ်မှုများကြောင့် ချိတ်ဆက်ကြခြင်းဖြစ်ပါသည်။

ငါးဖမ်းဆီးထုတ်လုပ်သူများနှင့် ငါးဝယ်ယူကုန်သွယ်သူများအနေဖြင့် အခွင့်အရေးသမားများနှင့် လိမ်လည်သူများ ပတ်သက် ဝင်ရောက်လာနိုင်သည့် စွန့်စားမှုနှင့် အားနည်းချက်တို့ အနည်းဆုံးပါဝင်ပြီး၊ ကုန်ထုတ်လုပ်သူနှင့် ဝယ်ယူသူများမှ လက်ခံကျင့်သုံးနိုင်သည့် ဆက်ဆံရေးအနေအထားတစ်ခုအား ကြိုးစားရှာဖွေသင့်ပါသည်။ ၎င်းဆက်ဆံရေး အနေအထားသစ် ၏ အတိမ် အနက်မှာ ဆက်ဆံမှု အခြေအနေအရ တစ်ခုနှင့်တစ်ခု ကွဲပြားနိုင်သော်လည်း လုပ်ငန်းတစ်ခုအားအကြိမ်များစွာ ပုဂ္ဂိုလ်တစ်ဦးတည်းအားဆက်ဆံခြင်းဖြင့် ယုံကြည်မှုတည်ဆောက်နိုင်မည်ဖြစ်ပါသည်။ ၂ ဖက်စလုံးအနေဖြင့်လည်း မလိုအပ်သော ရှာဖွေမှုကုန်ကျစရိတ်၊ ညှိနှိုင်းမှုနှင့် အကဲဖြတ်စစ်ဆေးစားရိတ်များအား လျှော့ချနိုင်မည်ဖြစ်ပါသည်။ အကြောင်းမှာ ထုတ်လုပ်သူသည် စံသတ်မှတ်ချက်များအတိုင်းလိုက်နာပြီး အပေးအယူတန်ဖိုးများနှင့် နီးကပ်စွာဆက်ဆံသည့်အတွက် မိသားစုဝင်အချင်းချင်းကဲ့သို့သော စိတ်ထားဖြင့် ဆက်ဆံကြမည်ဖြစ်ပါသည်။ ကုန်ဖလှယ်မှုများအတွက် တစ်ဦးနှင့်တစ်ဦး စာချုပ်လုပ်ကိုင်ရာတွင် ပုံမှန်မဟုတ်သောစည်းကမ်းများနှင့် လူမှုဓလေ့ထုံးစံများဖြင့် ဆုံးဖြတ်နိုင်ပြီး ကုန်ဖလှယ်မှုများဆိုင်ရာ အချက်အလက်များကို စည်းမျဉ်းများအတိုင်း လိုက်နာမည်ဖြစ်ပါသည်။

တခါတရံတွင် ငွေကြေးထုတ်ချေးခြင်းသည် ကုန်ထုတ်လုပ်သူနှင့် ဝယ်ယူသူတို့၏ ဆက်ဆံရေးအနေအထားအား တိုးတက်စေလေ့ရှိပါသည်။ တံငါးသယ်တစ်ဦးသည် နေ့စဉ်ထိမိသောငါးများအား ဝယ်ယူသူတစ်ဦးတည်းကိုသာ ပုံမှန်ရောင်းချပေးသွင်းခြင်းဖြင့် ၎င်းတံငါသည်အနေဖြင့် မိသားစုအရေးပေါ်ကိစ္စများကြောင့်သော်၎င်း၊ ငါးအထိအမိမကောင်းသဖြင့် ဝင်ငွေနည်းပါသွားချိန်များတွင်၎င်း၊ ကြိုတင်ငွေထုတ်ပေးရန် ငါးပုံမှန်ဝယ်ယူသူထံသို့ တောင်းဆိုနိုင်ပါသည်။ ငါးပုံမှန်ဝယ်ယူသူအနေဖြင့် ကြိုတင်ငွေချေးငှားထားသော တံငါသည်၏ နေ့စဉ်ကုန်တက်မှုရရှိနိုင်သည့် ငွေကြေးပမာဏကို သိရှိနိုင်ရာ တံငါသည် ချေးယူထားသော အကြွေးများအား ပြန်လည်ရယူနိုင်သည့် အနေအထားရှိပါသည်။ ငါးအထိအမိမကောင်းချိန်တွင် တံငါသည်ချေးယူထားသော အကြွေးများအား ခုနှိမ်ခြင်းမပြုဘဲ ငွေပေးချေလေ့ရှိသည်။ အကြွေးအား ဆက်လက်ပေးထားခြင်းသည် တနည်းအားဖြင့် ၎င်းတံငါသည်ထံမှရရှိမည့် နေ့စဉ်ငါးကုန်တက်အား သေချာစေပါသည်။ သို့ရာတွင် အကြွေးပေးရန်ရှိသော တံငါသည်ထံမှ ငါးများကို ဈေးသတ်မှတ်ဝယ်ယူရာတွင် တခါတရံ ပေါက်ဈေးထက်လျှော့နည်းပြီ ဈေးနှိမ်ဝယ်ယူကာ ချေးငွေအတွက် ကျသင့်မည့်အတိုးငွေအား ရယူကြပါသည်။ ဝယ်ယူသူသည် အကြွေးရှိသော တံငါသည်အား ဈေးနှိမ်ဝယ်ယူခြင်းဖြင့် လက်ဝါးကြီးအုပ် ထိမ်းချုပ်ထားလိုသော သဘောထားရှိပါသည်။ အခြားတဖက်တွင်လည်း ၎င်းငွေချေးငှားမှုပုံစံသည် တံငါသည်များအား ငါးအထိအမိနည်းသောကာလများတွင်ပါ ဆက်လက်ငါးဖမ်းဆီးနိုင်စေပါသည်။

## ၃။ ကျား/မ ဆိုင်ရာ

ငါးဖမ်းဆီးခြင်းသည် အမျိုးသားများသာ ပြုလုပ်လေ့ရှိပြီး အမျိုးသမီးများသည် ငါးဖမ်းရန်ပြင်ဆင်ခြင်းနှင့် ငါးဖမ်းဆီးပြီးချိန်နောက်ပိုင်းဆောင်ရွက်ရန်ကိစ္စများတွင် ပိုမိုပါဝင်ပတ်သက်လာကြပါသည်။ ငါးဖမ်းဆီးခြင်းလုပ်ငန်းတွင် အမျိုးသားများသာ ပြုလုပ်လေ့ရှိခြင်းမှာ ငါးဖမ်းကိရိယာများအထူးသဖြင့် ငါးဖမ်းပိုက်များအားကိုင်တွယ်ရာတွင် အင်အားရှိရန်လိုအပ်ပြီး အမျိုးသားများ၏အင်အားဖြင့်သာ နိုင်နင်းစွာကိုင်တွယ်နိုင်သည့်အတွက်ဖြစ်ပါသည်။ ပုံမှန် တွေ့နေကြမဟုတ်သော်လည်း၊ အချို့သောကျေးရွာများမှ အမျိုးသမီးများသည် ၎င်းတို့၏ခင်ပွန်းသည်များနှင့်အတူ ငါးဖမ်းဆီးရာတွင် အကူလေ့သားအဖြစ်လိုက်ပါပြီး ကူညီဆောင်ရွက်ခြင်းများကိုလည်း တွေ့ရလေ့ရှိပါသည်။ အမျိုးသမီးအများစုသည် ဖမ်းဆီးရရှိသောငါးများအား ရောင်းချရေးနှင့် ငါးဖမ်းပိုက်များ ဖာထေးပြုပြင်ခြင်းလုပ်ငန်းများတွင် အဓိကပါဝင်ကြပါသည်။ အကြောင်းမှာ မိရိုးဖလာဓလေ့အားဖြင့် ငါးဖမ်းပိုက်ဖာထေးချုပ်လုပ်ခြင်းလုပ်ငန်းမှာ အမျိုးသမီးများကျွမ်းကျင်သောလုပ်ငန်းအဖြစ် လက်ခံထားကြသောကြောင့်ဖြစ်ပါသည်။

ငါးဖမ်းဆီးပြီးချိန်လုပ်ငန်းများတွင် အမျိုးသမီးများ၏အခန်းကဏ္ဍမှာ အမြတ်အစွန်းရရှိရန်သေချာသော လက်လီရောင်းချခြင်းဖြစ်သည်။ ကုန်ခြောက်များ လက်ကားရောင်းချရာတွင်မူ အမျိုးသားများက အဓိကအခန်းကဏ္ဍမှ ပါဝင်ကြပါသည်။ ကုန်ခြောက်များအား တဆင့်ခံ ပွဲစားများသို့ ဈေးညှိနှိုင်းရောင်းချရာတွင်လည်း အမျိုးသားများကသာ အဓိကဦးဆောင်ကြပါသည်။ ကုန်ခြောက်ပြုပြင်ထုတ်လုပ်ရေး လက်မှုလုပ်ငန်းများတွင် အမျိုးသမီးများသည် ထုတ်လုပ်ရေး အဆင့်များအလိုက်ကျွမ်းကျင်သူများအဖြစ် ပါဝင်ကြပြီး အမျိုးသားများသည် ပြည်ပပို့ကုန်အဖြစ်ရည်ရွယ်သော စက်ရုံများ၏ ထုတ်လုပ်ရေးလုပ်ငန်းများတွင် အဓိကပါဝင်ကြပါသည်။

အမျိုးသမီးများသည် ကျေးရွာပြင်ပတွင် ပြုလုပ်သော အစည်းအဝေးများနှင့် လုပ်ငန်းများထက် ကျေးရွာအတွင်းပြုလုပ်သော အစည်းအဝေးများနှင့် လုပ်ငန်းများတွင် ပိုမိုတက်ကြွစွာ ပူးပေါင်းပါဝင်လေ့ရှိကြသည်။ သို့ရာတွင် ကျေးရွာအတွင်းတွင်ဖြစ်စေ၊ ကျေးရွာပြင်ပတွင်ဖြစ်စေ ပြုလုပ်သောအစည်းအဝေးများနှင့် လုပ်ငန်းများတွင် ဆွေးနွေးသောအကြောင်းအရာများသည် ၎င်းအမျိုးသမီးများ၏ လုပ်ကိုင်နေသောလုပ်ငန်းများ၊ ဗဟုသုတများနှင့် ကိုက်ညီခြင်းမရှိကြောင်း အကြမ်းဖျဉ်းထင်မြင်မိပါသည်။ အများအားဖြင့် အမျိုးသားများသည် သင်တန်းများနှင့် တိုးချဲ့ပညာပေးလုပ်ငန်းများအား ပိုမိုတက်ရောက်ကြပါသည်။

# ဃ။ ဈေးနှုန်းနှင့် ကုန်ကျစရိတ် ဖွဲ့စည်းတည်ဆောက်ပုံ

## ၁။ ဝင်ငွေနှင့် အကျိုးအမြတ်

ဇယား ၇။ ငါးဖမ်းဆီးမှုတစ်ခေါက်အတွက် ကုန်ကျစရိတ်နှင့် ဝင်ငွေအခြေပြတွက်ချက်မှု

| အကြောင်းအရာ | ရေတွက်ပုံ | ပမာဏ | ဈေးနှုန်း (ကျပ်) | စုစုပေါင်း (ကျပ်) | စုစုပေါင်း ကုန်ကျငွေ၏ ရာခိုင်နှုန်း |
|---|---|---|---|---|---|
| Materials | | | | | |
| စက်သုံးဆီ | လီတာ | ၂ | ၆၀၀ | ၁,၂၀၀ | ၉.၀% |
| Labour | | | | | |
| အစားအသောက် | အစားအစာ | ၂ | ၁,၅၀၀ | ၃,၀၀၀ | ၂၂.၆% |
| ရေလုပ်သား | ဦးရေ | ၂ | ၃,၅၀၀ | ၇,၀၀၀ | ၅၂.၈% |
| အခြား | ဦးရေ | ၁ | ၅၀၀ | ၅၀၀ | ၃.၈% |
| Maintenance and Depreciation | | | | | |
| တန်ဖိုးလျော့ | အစု/တစ်ခေါက် | | | ၁,၂၅၀ | ၉.၄% |
| ပြုပြင်ထိမ်းသိမ်းစားရိတ် | အစု/တစ်ခေါက် | | | ၃၀၀ | ၂.၃% |
| Licenses | | | | | |
| ငါးဖမ်းကိရိယာလိုင်စင် | အစု/တစ်ခေါက် | | | ၁၅ | ၀.၁% |
| စုစုပေါင်း ကုန်ကျစရိတ် | | | | ၁၃,၂၆၅ | ၁၀၀% |

| ငါးဖမ်းတစ်ခေါက်အတွက် ပိုင်ရှင်၏ ဝင်ငွေ Income of Owner per Fishing Trip | |
|---|---|
| တစ်ခေါက်တွင် ဖျမ်းမျှ ဖမ်းဆီးရရှိမှု | ၈ ကီလိုဂရမ် |
| တစ်ကီလိုအတွက် ဖျမ်းမျှ ကုန်ကျစရိတ် | ၁,၆၅၈ ကျပ် |
| တစ်ကီလိုအတွက် ဖျမ်းမျှ ဈေးနှုန်း | ၃,၀၀၀ ကျပ် |
| အကြမ်း ရောင်းရငွေ | ၂၄,၀၀၀ ကျပ် |
| အသားတင် အမြတ် ( အခွန် မဆောင်မီ) | ၁၀,၇၃၅ ကျပ် |
| အရင်းကြေ % | ၄၅% |
| သွင်းအားစု နှင့် ဝင်ငွေအချိုး | ၁.၈၁ |
| သတင်းပင်ရင်း - တွေ့ဆုံမေးမြန်းမှုများ | |

လှေသား ၂ ဦးပါဝင်သော ငါးဖမ်းလှေတစ်စင်း၏ ငါးဖမ်းဆီးမှုတစ်ကြိမ်အတွက် ကုန်ကျစရိတ်မှာ ၁၃၂၆၅ ကျပ် (13.3 US$) ခန့်ရှိပါသည်။ စာရင်းရှင်ကုန်ကျစရိတ် (Variable costs) မှာ စုစုပေါင်းကုန်ကျစရိတ်၏ ၈၈% ခန့်ရှိပါသည်။ ငါးဖမ်းလုပ်ငန်းတစ်ခုအတွက် စုစုပေါင်းစာရင်းရှင် ကုန်ကျစရိတ်မှာ ငါးဖမ်းဆီးရန်လုံ့လစိုက်ထုတ်မှု (fishing effort) ပေါ်တွင်မူတည်ပါသည်။ စာရင်းသေကုန်ကျစရိတ် (Fix costs) မှာ ခွဲဝေသတ်မှတ်ထားသောငါးဖမ်းကိရိယာများ၊ လှေနှင့်လိုင်စင်အခွန်အခများအတွက် တန်ဖိုးလျော့ကုန်ကျစရိတ် (depreciation costs) များဖြစ်ပြီး စုစုပေါင်းကုန်ကျစရိတ် ၏ ၂၂ % ရှိပါသည်။

ကုန်တွင်းပိုင်းငါးဖမ်းလုပ်ငန်းမှာ လုပ်အားအဓိကကျသော လုပ်ငန်းတစ်ခုဖြစ်ပါသည်။ လုပ်သားနှင့် လုပ်သားနှင့်နီးနွယ်သော ကုန်ကျစရိတ်များမှာ စုစုပေါင်းကုန်ကျစရိတ်၏ ၇၉.၂ % ရှိပါသည်။ အခြားကြိုတင်စိုက်ထုတ်ရသော (upfront costs) ကုန်ကျစရိတ်မှာ စက်သုံးဆီကုန်ကျစရိတ်ဖြစ်ပြီး စုစုပေါင်းကုန်ကျစရိတ်၏ ၉ % ခန့်ကုန်ကျပါသည်။ ထို့ကြောင့် တံငါသည်၏အိမ်နှင့် ငါးဖမ်းကွက်သို့အကွာအဝေးနှင့် ငါးဖမ်းကွက်မှငါးစုဆောင်းသော ငါးရှဲဒိုင်၏အကွာအဝေးအနေအထားသည် ငါးဖမ်းလုပ်ငန်းတစ်ခု၏ အကျိုးအမြတ်ရရှိမှုအခြေအနေအား တိုက်ရိုက်သက်ရောက်မှုရှိပါသည်။

ငါးဖမ်းဆီးမှုတစ်ကြိမ်အတွက် ငါးဖမ်းလှေနှင့် ငါးဖမ်းကိရိယာပိုင်ရှင်၏ အကြမ်းဝင်ငွေသည် စုစုပေါင်း ငါးရောင်းချရငွေ၏ ၄၅% ဖြစ်ပါသည်။ ကျေးရွာ ၄ ရွာတွင် တွေ့ဆုံမေးမြန်းခဲ့မှုများအရ ငါးဖမ်းလှေနှင့် ငါးဖမ်းကိရိယာပိုင်ရှင်တစ်ဦးသည် တစ်လလျှင် ၁၅၀၀၀၀ ကျပ်မှ ၂၅၀၀၀၀ ကျပ် (US$ 150 to 250) အထိ ဝင်ငွေရရှိပါသည်။ လှေသားများအနေဖြင့် တစ်လလျှင် ၆၀၀၀၀ ကျပ်မှ ၁၂၀၀၀၀ ကျပ် (US$ 60

to 120) အထိ ဝင်ငွေရရှိကြပါသည်။ ငါးဖမ်းလှေသား (တံငါသည်) တစ်ဦး၏ဝင်ငွေသည် အကြမ်းအားဖြင့် စက်ရုံများမှ ကျွမ်းကျင်မှုမရှိသည့် သာမန်လုပ်သားတစ်ဦး၏လစာနှင့် ညီမျှပါသည်။

ရေလုပ်သား (တံငါသည်) တစ်ဦး၏ဝင်ငွေသည် ငါးဈေးနှုန်းအတက်အကျ၊ ရာသီဥတုနှင့် ရေနှင့်ငါးသယံဇာတ အခြေအနေတို့ပေါ်တွင် မူတည်ပြီး ကျယ်ပြန့်စွာပြောင်းလဲလျက်ရှိပါသည်။ လွန်ခဲ့သောနှစ်များအတွင်း ငါးအထိအမိမှာ အလယ်အလတ်နှင့် တန်ဖိုးနည်းငါးများ အများစုပါဝင်ပြီး ငါးများ၏အရွယ်အစားမှာလည်း သေးငယ်လာကြောင်း တွေ့ရှိရပါသည်။ ဒဂုံတက္ကသိုလ်၊ သတ္တဗေဒဌာနမှ ဒေါက်တာခင်မောင်ဆွေ၏ လေ့လာချက်များအရ ရာသီချိန်အစပိုင်းတွင် ပျမ်းမျှ ငါးသလောက်ငါး ထိမိမှုမှာ တစ်နေ့လျှင် ၀.၃၂ ကီလိုဂရမ်ခန့်ရှိပြီး အမြင့်ဆုံးရာသီချိန်ကာလအတွင်း ငါးသလောက်ငါးထိမိမှုမှာ တစ်နေ့လျှင် ၁၀ ကီလိုဂရမ်ခန့်အထိ အများဆုံးထိမိကြောင်း တွေ့ရှိခဲ့ပါသည်။ ၎င်းလေ့လာမှုအရ အမြင့်ဆုံးရာသီချိန်ကာလအတွင်း ပျမ်းမျှအနေဖြင့် တံငါသည်တစ်ဦးလျှင် ငါးသလောက်ငါး တစ်ကီလိုဂရမ်ထိမိမှုမှ ဝင်ငွေ (အကြမ်းအမြတ်) ၅၉၇၃ ကျပ် (US$ 5.97) ရရှိကြောင်း တွေ့ရှိရပါသည်။ သို့ရာတွင် လွန်ခဲ့သော ၅ နှစ်နှင့် နှိုင်းယှဉ်ပါက ငါးသလောက်ရာသီမှာ တိုတောင်းလာကြောင်း တွေ့ရှိခဲ့ပါသည်။ ငါးလုပ်ငန်းဦးစီးဌာန၏အဆိုအရ ၂၀၁၃ ခုနှစ်အတွက် ပျမ်းမျှငါးထိမိမှုမှာ တစ်လလျှင် ၁၂၇၇၈၁ ကီလိုဂရမ် (ငါးအမျိုးစုံ) ရှိကြောင်း သိရှိရပါသည်။ ဖျာပုံဒေသအတွင်း ခန့်မှန်းခြေအားဖြင့် တံငါသည် ၃၀၀၀ ခန့်သည် ဖျာပုံမြစ်ရိုးတလျှောက်တွင် ၎င်းတို့၏ မိသားစုစားဝတ်နေရေးအတွက် ငါးရှာဖွေဖမ်းဆီးလျက်ရှိကြရာ တံငါသည်တစ်ဦးအတွက် ပျမ်းမျှငါးဖမ်းဆီးထိမိမှုမှာ တစ်လလျှင် ၄၂.၆၀ ကီလိုဂရမ်ခန့်ရှိကြောင်း တွေ့ရှိရပါသည်။

## ၂။ အဓိကပါဝင်လုပ်ကိုင်သူများ၏ နိုင်းရာဘဏ္ဍာရေးအခြေအနေ

ဇယား ၈။ ငါးစိုဈေးကွက်တွင် ရေချိုငါးတစ်ကီလိုအပေါ် ပါဝင်လုပ်ကိုင်သူများ၏ ငွေကြေးဆက်နွယ်မှု အခြေအနေ

| ပါဝင်လုပ်ကိုင်သူ | ကုန်ကျစရိတ် | | | အမြတ်ငွေ | | | အရင်းကြေတန်ဖိုး | |
|---|---|---|---|---|---|---|---|---|
| | စုစုပေါင်း ယူနစ် ကုန်ကျစရိတ် | ထပ်ပေါင်း ယူနစ် ကုန်ကျစရိတ် | % ထပ်ပေါင်း ယူနစ် ကုန်ကျစရိတ် | ယူနစ် ဈေးနှုန်း | ယူနစ် အမြတ် | အမြတ် % | ယူနစ် အမြတ်အစွန်း | ဈေးနှုန်း % |
| ရေလုပ်သား | ၁,၆၅၈ | ၁,၆၅၈ | ၈၈% | ၃,၀၀၀ | ၁,၃၄၂ | ၅၅% | ၃,၀၀၀ | ၆၉% |
| လက်ကားဒိုင် | ၃,၂၀၀ | ၂၀၀ | ၁၁% | ၃,၈၀၀ | ၆၀၀ | ၂၄% | ၈၀၀ | ၁၈% |
| လက်လီဈေးသည် | ၃,၈၃၀ | ၃၀ | ၂% | ၄,၃၅၀ | ၅၂၀ | ၂၁% | ၅၅၀ | ၁၃% |
| စုစုပေါင်း | | ၁,၈၈၈ | ၁၀၀% | | ၂,၄၆၂ | ၁၀၀% | ၄,၃၅၀ | ၁၀၀% |

ရေချိုငါး တစ်ကီလိုဂရမ်အတွက် ငါးစိမ်းတန်း(ငါးဈေး) တွင် တန်ဖိုးမြင့်တက်မှုမှာ လက်လီဈေး၏ ၄၃% ဖြစ်သည်။ ၎င်းတန်ဖိုးမြင့်ပမာဏ၏ ၈၈% မှာ ငါးဖမ်းဆီးသူများအား ကိုယ်စားပြုသည်။ ရေချိုငါးလုပ်ငန်း၏ တန်ဖိုးမြှင့်ဖြစ်စဉ်တွင် ၁၁% သည် ငါးဝယ်ယူစုဆောင်းသူများအား ကိုယ်စားပြုသည်။ ၎င်းတန်ဖိုးမြှင့်ဖြစ်စဉ်တွင် ငါး ရေခဲရိုက်/ ပြုပြင်ခြင်း၊ သိုလှောင်ခြင်း၊ သယ်ယူပို့ဆောင်ခြင်းနှင့် ကိုင်တွယ်ထုတ်ပိုးခြင်းများအားလုံးပါဝင်ပြီး ဖျာပုံမှရန်ကုန် လက်ကားဈေးကွက်သို့ အရောက်တင်ပို့ခြင်းအထိ ပါဝင်ပါသည်။ လက်လီ ငါးခေါင်းရွက်/ဗျတ်ထိုး ဈေးသည်များအနေဖြင့် တန်ဖိုးမြှင့်ဖြစ်စဉ်၏ အနည်းဆုံးဖြစ်သော ၂% ကို ကိုယ်စားပြုပါသည်။

အမြတ်သည် ငါးလက်လီဈေးနှုန်း၏ ၅၃% ရှိပါသည်။ ရေလုပ်သားများအနေဖြင့် ရေချိုငါးတစ်ကီလိုဂရမ် အား ဈေးကွက်တင်ကုန်သွယ်ရောင်းချခြင်းဖြင့် အမြတ်ငွေ ၅၅% တိုးပွားလာသည်။ ငါးစုဆောင်းသူ ငါးရွဲဒိုင်နှင့် လက်ကားဒိုင်များသည် စုစုပေါင်းအမြတ်ငွေ၏ ၂၄% နှင့် ၂၁% အသီးသီးတိုးပွားလာသည်။ ငါးလုပ်ငန်းစွမ်းဆောင်ရည်အား တိုးတက်

မြင့်မားစေခြင်း - ဥပမာအားဖြင့် ပြုပြင်ထုတ်လုပ်ရေးတွင် လေလွင့်ဆုံးရှုံးမှုများကိုထိန်းသိမ်းခြင်း၊ ငါးဖမ်းဆီးရာတွင် အရည်အသွေးမကျဆင်းရန် ဆောင်ရွက်ခြင်းများသည် တန်ဖိုးမြှင့်ဖြစ်စဉ်၏ အကျိုးအမြတ်အားခွဲဝေရာတွင် တိုးတက်မှုရှိစေရန် အရေးပါသော အထောက်အကူပေးမည့် လုပ်ဆောင်ချက်များဖြစ်ပါသည်။

ငါးဖမ်းဆီးမှုသည် စုစုပေါင်းတန်ဖိုးမြှင့်ဖြစ်စဉ်၏ ၆၉% သက်ဆိုင်ပါသည်။ ၎င်းအချက်မှာ အလယ်အလတ်အဆင့်ရှိ ငါးလုပ်ငန်းလုပ်ကိုင်သူငါးပွဲစားများသည် အင်းသူကြီးများနှင့် တင်ဒါလိုင်စင်ပိုင်ရှင်များအဖြစ်ဖြင့် ငါးဖမ်းဆီးရေးကဏ္ဍအတွင်းသို့ ဝင်ရောက်လုပ်ကိုင်လာခြင်း၏ အကြောင်းရင်းဖြစ်နိုင်ပါသည်။ ငါးစုဆောင်းသူ ငါးရဲ့ဒိုင်များသည် စုစုပေါင်းငါးလက်လီဈေး၏ ၁၈% သာ အမြတ်တိုးပွားပါသည်။ လက်လီရောင်းချသော ငါးသယ်များသည် ငါးလက်လီဈေး၏ ၁၃ % သာ အမြတ်တိုးပွားပါသည်။




Figure 21. Preparation of Minced Fish in their Stalls

# အပိုင်း (၄)
# ဈေးကွက်လမ်းကြောင်းများ
## က။ ပြည်ပပို့ကုန်ဈေးကွက်

မြန်မာနိုင်ငံ၏ ရေလုပ်ငန်းကဏ္ဍသည် ပြည်တွင်းစားသုံးသူဈေးကွက် အတွက် စတုတ္ထအကြီးဆုံးလုပ်ငန်းကဏ္ဍဖြစ်ပြီး လွန်ခဲ့သောငါးနှစ်တာ ကာလအတွင်းမြန်မာနိုင်ငံ၏စတုတ္ထအများဆုံးပြည်ပဝင်ငွေရှာဖွေပေး သော လုပ်ငန်းကဏ္ဍတစ်ခုဖြစ်ပါသည်။ ၂၀၁၃ ခုနှစ်အတွင်း မြန်မာနိုင်ငံသည် ငါးနှင့်အခြားရေထွက်ကုန်ပစ္စည်း မက်ထရစ်တန်ချိန် ၃၄၅၀၀၀ တန်အား ပြည်ပနိုင်ငံပေါင်း ၃၂ နိုင်ငံသို့ တင်ပို့ခဲ့ပြီး နိုင်ငံခြား ငွေ US$ ၅၃၆.၂၇ သန်းအား ရှာဖွေနိုင်ခဲ့ပါသည်။ ပြည်ပပို့ကုန်ပမာဏမှာ ၂၀၁၃ ခုနှစ် ရေထွက်ကုန်ပစ္စည်းထုတ်လုပ်မှု စုစုပေါင်း၏ ၇% ရှိခဲ့ပါသည်။




Figure 22. Breakdown of 2011 Fisheries Export Volume by Subsector

၂၀၁၁ ခုနှစ်၊ CBI/Myanmar Seafood Export report မှ စာရင်းဇယား များအရ၊ ရေချိုငါးဖမ်းလုပ်ငန်းများမှ ဖမ်းဆီးရမိသော ပြည်ပပို့ကုန် ငါးအမျိုးအစားများမှာ မြန်မာနိုင်ငံ၏ စုစုပေါင်းပြည်ပပို့ကုန်ငါးများ၏ ၁% သာရှိကြောင်း တွေ့ရှိ ရပါသည်။ ပြည်ပသို့တင်ပို့သော ရေချိုငါး အများစုမှာ ငါးခူ၊ ငါးကျည်း၊ ငါးတန် စသော နုတ်ခမ်းမွှေးပါ ငါးမျိုးရင်း (cat fish species) ဝင်ငါးများဖြစ်ပါသည်။ ဇယား ၉ တွင် ၂၀၁၁ ခုနှစ် အတွင်း ပြည်ပသို့တင်ပို့ခဲ့သော ရေချိုငါးအမျိုးအစားများအား ဖော်ပြ ထားပါသည်။

**ဇယား ၉။ ၂၀၁၁ ခုနှစ်အတွင်း နိုင်ငံခြားဈေးကွက်သို့တင်ပို့ခဲ့သော အဓိကရေချိုငါးမျိုးစိတ်များ**

| ငါးမျိုးစိတ် | တင်ပို့မှုပမာဏ (မက်ထရစ်တန်) |
|---|---|
| Boal (catfish) | ၇၄၉ |
| Ayer (Giant river catfish) | ၅၁၂ |
| Moila | ၃၄၈ |
| Shoil (Snakehead murrel) | ၂၅၈ |
| Pabda (Butter catfish) | ၈၅ |
| Chiring (Red eel goby) | ၈၀ |
| Kiski (Coricasaborna) | ၇၇ |
| Others | ၅၄၃ |
| Total | ၂,၆၄၃ |

Source: Myanmar Seafood Exports/CBI

၂၀၁၃ ခုနှစ် စာရင်းဇယားများအရ မြန်မာနိုင်ငံသည် အမေရိကန်ဒေါ်လာ ၁.၀၁၂ သန်း (1.012 million US$) တန်ဖိုးရှိသော "နှုတ်ခမ်းမွေးပါ ငါးမျိုးရင်းဝင်" ငါးတန်ချိန်ပေါင်း ၉၃၆ မက်ထရစ်တန်အား ပြည်ပသို့ တင်ပို့ခဲ့ကြောင်း တွေ့ရှိရပါသည်။ ၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံမှ "နှုတ်ခမ်းမွေးပါငါးမျိုးရင်းဝင်" ငါးများအေးခဲတင်ပို့မှုမှာ ကမ္ဘာ့ "နှုတ်ခမ်းမွေးပါငါးမျိုးရင်းဝင်"ငါး ပြည်ပပို့ကုန်စုစုပေါင်း၏ ၃% ရှိခဲ့ပြီး၊ ကမ္ဘာ့ "နှုတ်ခမ်းမွေးပါငါးမျိုးရင်းဝင်" ငါးပြည်ပပို့ကုန်တင်ပို့မှု အများဆုံးနိုင်ငံများ စာရင်းတွင် အဆင့် ၅ ရှိခဲ့ပါသည်။ ဗီယက်နမ်နိုင်ငံသည် ၄င်းဈေးကွက်တွင် ပြည်ပသို့တင်ပို့မှု အများဆုံးနိုင်ငံဖြစ်ပါသည်။

၂၀၁၃ ခုနှစ်အတွင်းတွင် အေးခဲ "နှုတ်ခမ်းမွေးပါငါးမျိုးရင်းဝင်" အများဆုံးတင်ပို့သော ၁၀ နိုင်ငံ စာရင်းအနက် မြန်မာနိုင်ငံသည် ဈေးအနည်းဆုံးရရှိသော နိုင်ငံဖြစ်ပါသည်။ ၄င်းအချိန်တွင် ဒေသတွင်းဈေးကွက်ရှိ "နှုတ်ခမ်းမွေးပါငါးမျိုးရင်းဝင်"ငါး ပေါက်ဈေးသည် ပြည်ပပို့ကုန်ဈေးကွက်အတွက် စုဆောင်းဝယ်ယူသော ငါးဈေးနှုန်းထက် ပိုမိုမြင့်မားခဲ့ပါသည်။ ထို့ကြောင့် အချို့သောပြည်ပပို့ကုန်လုပ်ငန်း လုပ်ကိုင်သူများသည် ငါးခူ/ငါးဒါန် မွေးမြူရေးလုပ်ငန်းကို ဝင်ရောက်လုပ်ကိုင်လာခဲ့ကြပါသည်။

**ဇယား ၁၀။ ၂၀၁၃ ခုနှစ်အတွက် အေးခဲ "နှုတ်ခမ်းမွေးပါငါးမျိုးရင်းဝင်"အများဆုံးတင်ပို့သော ၁၀ နိုင်ငံစာရင်း**

| နိုင်ငံ | ပမာဏ (မက်ထရစ်တန်) | တန်ဖိုး (US$ ထောင်ဂဏန်း) | တစ်ကီလိုဈေးနှုန်း |
|---|---|---|---|
| တစ်တွမ္ဘာလုံး | ၂၈,၈၂၇ | ၅၄,၃၅၀ | ၁.၈၉ |
| ဗီယက်နမ် | ၁၅,၆၂၃ | ၂၆,၃၅၀ | ၁.၆၉ |
| တရုတ် | ၄,၄၄၂ | ၁၀,၃၁၁ | ၂.၃၂ |
| ယိုးဒယား | ၂,၇၃၆ | ၄,၁၃၁ | ၁.၅၁ |
| အင်ဒိုနီးရှား | ၁,၀၇၄ | ၁,၆၈၃ | ၁.၅၇ |
| မြန်မာ | ၉၃၈ | ၁,၀၁၂ | ၁.၀၈ |
| နယ်သာလန် | ၇၆၀ | ၂,၃၃၄ | ၃.၀၇ |
| ဘယ်လဂျီယံ | ၅၉၀ | ၁,၆၇၄ | ၂.၈၄ |
| အိန္ဒိယ | ၅၈၅ | ၆၇၁ | ၁.၁၅ |
| အီကွေဒို | ၃၈၄ | ၄၅၈ | ၁.၁၉ |
| ဒိန်းမတ် | ၃၃၈ | ၂,၄၈၂ | ၇.၃၄ |

သတင်းပင်ရင်း - Intracen

၂၀၁၃ ခုနှစ်အတွင်း ကမ္ဘာ့အေးခဲ "နှုတ်ခမ်းမွေးပါငါးမျိုးရင်းဝင် "ငါးများတင်သွင်းမှုမှာ US$ 43.32 သန်းနှင့်ညီမျှသော ငါးတန်ချိန် ၂၃၉၀၇ မက်ထရစ်တန်ရှိခဲ့ပါသည်။ အများဆုံးဝယ်ယူသောနိုင်ငံမှာ ကိုလံဘိုနိုင်ငံဖြစ်ပြီး၊ ဒုတိယအများဆုံးမှာ ရုရှားနိုင်ငံဖြစ်ပါသည်။ ရုရှားနိုင်ငံသည် ဗီယက်နမ်နိုင်ငံ၏ အဓိကဖောက်သည်နိုင်ငံဖြစ်ပါသည်။ အခြားဝယ်ယူသောနိုင်ငံများမှာ European Union, Cameroon, တရုတ်နှင့် စင်ကာပူနိုင်ငံတို့ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ အေးခဲ"နှုတ်ခမ်းမွေးပါငါးမျိုးရင်းဝင်"ငါးများအား အဓိကဝယ်ယူသည့်နိုင်ငံများမှာ တရုတ်နှင့် စင်ကာပူနိုင်ငံတို့ဖြစ်ပါသည်။ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံမှ အေးခဲ"နှုတ်ခမ်းမွေးပါငါးမျိုးရင်းဝင်" ငါးများအား ၂၀၁၂ ခုနှစ်တွင် မက်ထရစ်တန်ချိန် ၆၇၂ တန် မှ ၂၀၁၄ တွင် ၉၁၄ တန်အထိ တိုးတက်ဝယ်ယူခဲ့ပါသည်။ စင်ကာပူနိုင်ငံသည် ၂၀၁၂ ခုနှစ်တွင် မက်ထရစ်တန်ချိန် ၁၂၂၀ တန်ဝယ်ယူခဲ့ရာမှ ၂၀၁၃ ခုနှစ်တွင် ၁၀၅၈ တန်သာ ဝယ်ယူခဲ့ပါသည်။ ၂၀၁၃ ခုနှစ်အတွက် အဓိကဝယ်ယူတင်သွင်းသောနိုင်ငံများထဲတွင် စင်ကာပူနိုင်ငံသည် အနိမ့်ဆုံးဈေးဖြစ်သော တစ်ကီလိုဂရမ်လျှင် ၀.၉၉ US$ ဖြင့်ဝယ်ယူခဲ့ပြီး တရုတ်နိုင်ငံသည် US$ 1.11 ဖြင့်ဝယ်ယူခဲ့ပါသည်။

ဇယား ၁၁။ ၂၀၁၃ ခုနှစ်အတွက် အေးခဲ "နှုတ်ခမ်းမွှေးပါ ငါးမျိုးရင်းဝင်" ငါး အများဆုံးတင်သွင်းသောနိုင်ငံများ

| နိုင်ငံ | ပမာဏ (မက်ထရစ်တန်) | တန်ဖိုး (US$ ထောင်ဂဏန်း) | တစ်ကီလိုဈေးနှုန်း |
|---|---|---|---|
| တစ်ကမ္ဘာလုံး | ၄၃,၃၁၇ | ၂၃,၉၀၇ | ၁.၈၁ |
| ကိုလံဘီယာ | ၁၁,၁၆၁ | ၆,၅၂၅ | ၁.၇၁ |
| ရုရှားပြည်ထောင်စု | ၄,၅၀၉ | ၂,၃၆၄ | ၁.၉၁ |
| ပြင်သစ် | ၃,၀၇၄ | ၁,၂၉၄ | ၂.၃၈ |
| တရုတ် | ၁,၃၅၁ | ၁,၂၂၀ | ၁.၁၁ |
| စင်ကာပူ | ၁,၀၅၀ | ၁,၀၅၈ | ၀.၉၉ |
| ကင်မရွန် | ၂,၁၀၂ | ၁,၀၁၀ | ၂.၀၈ |
| နယ်သာလန် | ၁,၉၄၆ | ၉၃၅ | ၂.၀၈ |
| ဘယ်လဂျီယံ | ၁,၆၅၆ | ၇၅၉ | ၂.၁၈ |
| အင်္ဂလန် | ၁,၆၅၀ | ၇၂၈ | ၂.၂၇ |
| သတင်းပင်ရင်း - Intracen | | | |

# ခ။ ပြည်တွင်းဈေးကွက်

မြန်မာနိုင်ငံရှိ အိမ်ထောင်စုများသည် မြစ်ကြီး ၄ သွယ်၏ မြစ်ကမ်းပါးများနှင့် မြစ်ဝကျွန်းပေါ်ဒေသတွင် အခြေချ နေထိုင်လျှက်ရှိကြရာ ကုန်းတွင်းပိုင်း ငါးလုပ်ငန်းရေပြင်မှထုတ်လုပ်သော ရေချိုငါးများသည် အိမ်ထောင်စုများ၏ နေ့စဉ် အဟာရ အတွက်သာမက အရောင်းအဝယ်လုပ်ငန်းအတွက်ပါ အရေးပါလေသည်။ မြန်မာနိုင်ငံမိသားစုများသည် ရေငန်ငါးထက် ရေချိုငါးကို ပိုမိုဦးစားပေးစားသုံးလေ့ရှိကြပါသည်။ ၂၀၀၆ ခုနှစ်တွင်ဆောင်ရွက်ခဲ့သော ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ (FAO) ၏ စာရင်းဇယား (survey) ကောက်ယူမှုများအရ မြန်မာမိသားစုများ၏ အသားဓာတ်ရရှိမှုတွင် ငါးမှရရှိသောအသားဓာတ်သည် ၂၂ % ရှိကြောင်း တွေ့ရှိရပါသည်။ ၄င်းစာရင်းဇယားများအရ မြန်မာနိုင်ငံ၏ အမျိုးသားအဆင့် နိုင်ငံသားတစ်ဦးချင်းအလိုက် ပျမ်းမျှနှစ်စဉ် ငါးနှင့် ရေထွက်ပစ္စည်း စားသုံးမှုပမာဏမှာ ၂၁.၀၂ ကီလိုဂရမ်ရှိပြီး ရေချိုငါး ၃၁.၅%၊ ရေငန်ငါး ၂၃.၅ % နှင့် ရေချို/ရေငန် ငါးပိ ၄၅% ရှိကြောင်း တွေ့ရှိရပါသည်။ မြို့နေလူတန်းစားများသည် ကျေးလက်နေလူတန်းစားများထက် ငါးအစိုစားသုံးမှု ပိုမိုမြင့်မားပါသည်။ အပူပိုင်းဒေသရှိ ကျေးလက်ဒေသတွင်နေထိုင်သော ဆင်းရဲနွမ်းပါးသောမိသားစုများသည် ငါးခြောက်အား ငါးစိုထက် ပိုမိုစားသုံးကြပါသည်။ ရေချိုငါးများသည် အကြမ်းအားဖြင့် ရေငန်ငါးများထက် ပိုမို ဈေးကြီးပါသည်။

# အပိုင်း (၅) စျေးကွက်ကိုအထောက်အပံ့ပြုခြင်း

## က။ ဘဏ္ဍာရေးဝန်ဆောင်မှုများ

၁။ မြန်မာနိုင်ငံရှိဘဏ်များ၏ အခန်းကဏ္ဍတွင် နိုင်ငံတော်ပိုင်ဘဏ် ၄ခု၊ နိုင်ငံတော်မှ အစိတ်အပိုင်းတစ်ခု ပိုင်ဆိုင်သောဘဏ်နှင့် ပိုင်ဘဏ် ၂၂ ခု ပါဝင်ပါသည်။ ၂၀၁၂ ခုနှစ်တွင် LIFT နှင့် ၂၀၁၃တွင် USAID မှ ငွေကြေးဆိုင်ရာလေ့လာမှုကို ဆောင်ရွက်ခဲ့သော Michigan State University နှင့် Myanmar Develop Resource Institute Center for Economic and Social Development (MDRI-CESD) တို့၏ လေ့လာချက်များအရ စုစုပေါင်းလူဦးရေ၏ ၁၀% မှ ၂၀% အထိသာ တရားဝင်ငွေကြေးဆိုင်ရာဝန်ဆောင်မှုအား ရရှိကြကြောင်း တွေ့ရှိရပါသည်။

| ဇယား ၁၂။ မြန်မာနိုင်ငံရှိဘဏ်များ ၊ ၂၀၁၄ | | |
|---|---|---|
| **နိုင်ငံပိုင်ဘဏ်များ** | **အစိုးရကွပ်ကဲမှုအောက်ရှိဘဏ်များ** | **ပုဂ္ဂလိကဘဏ်များ** |
| မြန်မာ့စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်ရေးဘဏ် (စိုက်ပျိုးရေးဝန်ကြီးဌာနကွပ်ကဲမှုအောက်) | သမဝါယမဘဏ် (သမဝါယမဝန်ကြီးဌာန ကွပ်ကဲမှုအောက်) | အာရှစိန်းလမ်းမှုဖွံ့ဖြိုးရေးဘဏ် (Htoo Group) |
| မြန်မာ့စီးပွားရေးဘဏ် (ဘဏ္ဍာရေးဝန်ကြီးဌာနလက်အောက်) | အင်းဝဘဏ် (ကာကွယ်ရေးဝန်ကြီးဌာန နှင့်ချိတ်ဆက်ထားသောမြန်မာ့စီးပွားရေး ကော်ပိုရေးရှင်းကွပ်ကဲမှုအောက်) | အာရှရန်ကုန်ဘဏ် (ဦးမျိုးပိုင်) |
| မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် (ဘဏ္ဍာရေးဝန်ကြီးဌာနကွပ်ကဲမှုအောက်) | အသေးစားငွေရေးကြေးရေးဘဏ် (သမဝါယမဝန်ကြီးဌာနကွပ်ကဲမှုအောက်) | ရှေ့ဝတီဘဏ် (Max Myanmar Group) |
| မြန်မာ့ရင်းနှီးမြုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် (ဘဏ္ဍာရေးဝန်ကြီးဌာနကွပ်ကဲမှုအောက်) | မြန်မာနိုင်ငံသားများဘဏ် (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကွပ်ကဲမှုအောက်) | ပထမပုဂ္ဂလိကဘဏ် (Public Ltd. Company) |
| | ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေး ဘဏ် (ဆောက်လုပ်ရေးဝန်ကြီးဌာနကွပ်ကဲမှုအောက်) | ကမ္ဘာ့ရတနာဘဏ် (မွေးမြူရေးနှင့်ရေလုပ်ငန်းအသင်း ကွပ်ကဲမှုအောက်) |
| | မြဝတီဘဏ် (ကာကွယ်ရေးဝန်ကြီးဌာန နှင့်ချိတ်ဆက်ထားသော မြန်မာ့စီးပွားရေးဦးပိုင်ကွပ်ကဲမှုအောက်) | ကမ္ဘောဇဘဏ် (KBZ Group) |
| | အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ် (စက်မှုဝန်ကြီးဌာနကွပ်ကဲမှုအောက်) | မြန်မာ့ရှေ့ဆောင်ဘဏ် (Eden Group) |
| | ရတနာပုံဘဏ်(မန္တလေးမြို့တော်စည်ပင် သာယာရေးကော်မတီ) | မြန်မာအရှေ့တိုင်းဘဏ် (ဒေါ်ကြည်ကြည်သန်းသည် အဓိကပါဝင် ဆောင်ရွက်သူဖြစ်ပြီး အခြားပါဝင်ဆောင် ရွက်သူ ၂၅ ဦးဖြင့် စီမံကွပ်ကဲသည်။) |

ဇယား ၁၂။ မြန်မာနိုင်ငံရှိဘဏ်များ ၊ ၂၀၁၄

| နိုင်ငံပိုင်ဘဏ်များ | အစိုးရကွပ်ကဲမှုအောက်ရှိဘဏ်များ | ပုဂ္ဂလိကဘဏ်များ |
| --- | --- | --- |
| | ရန်ကုန်မြို့တော်ဘဏ် (ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီကွပ်ကဲမှုအောက်) | ထွန်းဖောင်ဒေးရှင်းဘဏ် (MGS Beverages Co., Ltd.) |
| | | ယူနိုက်တက်အမရာဘဏ် (IGE ကုမ္ပဏီလီမိတက်) |
| | | ရိုးမဘဏ် (FMI Group) |
| | ဘဏ္ဍာရေးဝန်ဆောင်မှုများကိုရယူသုံးစွဲခြင်းတွင် အဟန့်အတားများကို ဖြေရှင်းရေးအတွက် စီမံကိန်းအနေဖြင့် ပူးပေါင်းလုပ်ဆောင်ရန် အလားအလာရှိသောဘဏ်များ | |
| သတင်းရင်းမြစ်- GIZ ၊ ၂၀၁၃ | | |

မြန်မာစီးပွားရေးဘဏ် (Myanmar Economic Bank- MEB) သည် ပြန့်နှံ့တည်ရှိမှု အနေအထားအနေဖြင့် မြန်မာနိုင်ငံတွင် အကြီးဆုံးဘဏ်လုပ်ငန်းတစ်ခုဖြစ်ပါသည်။ MEB သည် အခြားဘဏ်များအား အထူးရည်မှန်းထားသောအုပ်စုများအတွက် ငွေကြေးဝန်ဆောင်မှုပေးနိုင်ရန် သက်သာသောအတိုးနှုန်းဖြင့် ငွေထုတ်ချေးပေးပါသည်။ ၎င်းဘဏ်သည် နယ်စပ်ဒေသကုန်သွယ်ရေးအတွက်လည်း ပံ့ပိုးကူညီထောက်ပံ့ပေးပါသည်။

မြန်မာ့စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်ရေးဘဏ် (MADB) သည် ကျေးလက်ဒေသလုပ်ငန်းများအတွက် ငွေကြေးအရင်းအနှီးများကို ထောက်ပံ့ပေးသော ဘဏ်တစ်ခုဖြစ်သည်။ ဆန်စပါးကဏ္ဍအပေါ်တွင် အဓိကအလေးထားပြီး တန်ဖိုးဆင့်ကဲဖြစ်စဉ်(value chain) တွင် ငွေကြေးထောက်ပံ့နိုင်မည့်နည်းလမ်းတစ်ခုကို ကမ်းလှမ်းသည်။ ဘဏ်မှချေးငွေထုတ်ပေးခြင်းကို အမျိုးအစား ၃ မျိုး ပိုင်းခြားနိုင်သည်။ ကောက်ပဲသီးနှံစိုက်ပျိုးရေးချေးငွေ၊ ရာသီပေါ်ချေးငွေနှင့် ဖွံ့ဖြိုးတိုးတက်ရေးချေးငွေတို့ဖြစ်သည်။ ကောက်ပဲသီးနှံစိုက်ပျိုးရေးချေးငွေသည် ဆန်စပါး၊ မြေပဲ၊ နှမ်း၊ မုန်ညင်း၊ ဝါဂွမ်း၊ ဂုန်လျှော်၊ ပြောင်း၊ ကြံ၊ ပဲအမျိုးမျိုးကဲ့သို့သော အဓိကကောက်ပဲသီးနှံများအတွက် အကျုံးဝင်သည်။ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍအတွက်ချေးငွေမှာ ကောက်ပဲသီးနှံစိုက်ပျိုးထုတ်လုပ်မှု ချေးငွေအောက်တွင်ပါဝင်သည်။ ကောက်ပဲသီးနှံစိုက်ပျိုးထုတ်လုပ်မှုအတွက် ချေးငွေတွင် အစုအဖွဲ့ဖြင့်ချေးယူခြင်းမှလွဲ၍ အာမခံအပေါင်ပစ္စည်း မသတ်မှတ်ပါ။ သို့သော်လည်း ငွေချေးယူသူသည် ဘဏ်တွင်ငွေစုဘဏ်စာရင်းရှိထားရမည်။ ယနေ့အချိန်ထိ ငါးလုပ်ငန်းကဏ္ဍမှ ငွေချေးယူသူအများစုမှာ ငါးမွေးမြူရေးလုပ်ငန်းများမှဖြစ်သည်။ ရာသီပေါ်ချေးငွေကို လက်ဖက်နှင့် ကော်ဖီစိုက်ပျိုးရေးလုပ်ငန်းများအတွက် ချေးသည်။ ဖွံ့ဖြိုးတိုးတက်ရေးချေးငွေမှာမူ ရေစုပ်စက်နှင့် ဆက်စပ်ပစ္စည်းများ၊ လယ်ထွန်စက်နှင့် လက်တွန်းထွန်စက်များ ဝယ်ယူရန်အတွက်ချေးခြင်းဖြစ်သည်။

ယခင်က မြန်မာ့မွေးမြူရေးနှင့် ရေလုပ်ငန်းဘဏ်ဖြစ်သော ကမ္ဘာ့ရတနာဘဏ်သည် ပုဂ္ဂလိကဘဏ်တစ်ခုဖြစ်ပြီး မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၏ လုပ်ငန်းမှုဘောင်အတွင်း လုပ်ငန်းများကို လည်ပတ်ဆောင်ရွက်နေသည်။ ၎င်းသည် ကုန်းတွင်းပိုင်းနှင့်ပင်လယ် နှစ်မျိုးလုံးရှိ ငါးမွေးမြူသူများ၊ ငါးမွေးမြူရေးလုပ်ငန်းရှင်များနှင့် ငါးဖမ်းလုပ်ငန်းရှင်များကို ငွေထုတ်ချေးပေးသည်။ ငွေချေးသူများသည် တစ်ဦးချင်းဖြစ်နိုင်သလို အစုအဖွဲ့ဖြင့်လည်း ချေးငွေယူသူများဖြစ်နိုင်သည်။ ဘဏ်မှ ငွေချေးယူသူအများစုမှာ ငါးမွေးမြူရေးလုပ်ငန်းများဖြစ်သည်။

ယေဘုယျအားဖြင့် ဘဏ်များသည် ငါးလုပ်ငန်းကဏ္ဍတွင်ရှိသော ငါဖမ်းလုပ်ငန်းရှင်များနှင့် အသေးစားလုပ်ငန်းများကို ငွေကြေးအထောက်အပံ့ပေးရာတွင် အောက်ပါအခက်အခဲအချို့နှင့် ရင်ဆိုင်ရသည်။

က) ချေးငွေအတွက် အာမခံအပေါင်ပစ္စည်းထားခြင်းစနစ်မရှိလျှင် ကျေးလက်ချေးငွေထောက်ပံ့ပေးရန် ရန်ပုံငွေစရိတ်မြင့်မားခြင်း။

ခ) ငွေကြေးဆုံးရှုံးမှုအန္တရာယ်ကိုလျော့ပါးစေရန်နှင့်အကဲဖြတ်သုံးသပ်ရန် ဘဏ်များအတွက် အသေးစားလုပ်ငန်းများ၏ ဘဏ္ဍာရေးစွမ်းဆောင်ရည် (သို့) ချေးငွေမှတ်တမ်းများ၊ ငွေသားစီးဆင်းမှုမှတ်တမ်းမှတ်ရာများကို စိစစ်အတည်ပြုခြင်းတွင် အခက်အခဲရှိ ခြင်း။

ဂ) ငါးဖမ်းလုပ်ငန်းများသည် ပုံစံစနစ်တကျရှိပြီး အကျိုးအမြတ်ထွက်သော စီးပွားရေးလုပ်ငန်းများဖြစ်ရမည့်အစား ကုန်ကျစရိတ်အကျိုးအမြတ်နည်းပြီး ရန်ပုံငွေတစ်ပိုင်းတစ်စဖြစ်ခြင်း၊ တစ်နိုင်တစ်ပိုင်လုပ်ငန်းများပျံ့နှံ့နေခြင်း။

ဃ) ပြန်လည်ပေးဆပ်ရန် အာမခံချက်အတွက် အပေါင်ပစ္စည်းများနှင့် ပုံစံတကျဖြစ်သော ဈေးကွက်မြှင့်တင်ဆောင်ရွက်ခြင်းဆိုင်ရာ သဘောတူစာချုပ်များမရှိခြင်း။

င) ပါဝင်လုပ်ကိုင်သူများ၏ ငွေသားစီးဆင်းမှုနှင့် လိုအပ်ချက်များအတွက်သင့်လျော်သော ဘဏ္ဍာရေးဆိုင်ရာနည်းလမ်းများ ဖွံ့ဖြိုးတိုးတက်ရေးကို နည်းပေးလမ်းညွှန်ရန် ငါးဖမ်းလုပ်ငန်းကဏ္ဍ၏ သိမြင်နားလည်မှုမှာ အကန့်အသတ်ဖြင့်သာရှိခြင်း။

၂။ UNDP ၏ လူသားဖွံ့ဖြိုးတိုးတက်မှု ကနဦးဆောင်ရွက်ချက်များဖြင့် မြန်မာနိုင်ငံတွင် အသေးစားငွေကြေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကို ပံ့ပိုးဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၁ ခုနှစ် နိုဝင်ဘာလတွင် အစိုးရသည် အသေးစားငွေကြေးဥပဒေသစ်တစ်ရပ်ကို ကျင့်သုံးခဲ့သည်။ အသေးစားငွေရေးကြေးရေးလုပ်ငန်း ဥပဒေမူကြမ်းအသစ်က ပြဋ္ဌာန်းထားသည်မှာ အသေးစားငွေစုခြင်းအတွက် အများဆုံးအတိုးနှုန်းမှာ ၂.၅% နှင့် အနည်းဆုံးအတိုးနှုန်းမှာ ၁.၂၅ % ဖြစ်သည် (GIZ ၂၀၁၃)။ ဥပဒေမူကြမ်းတွင် ပြည်တွင်းနှင့်နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများသည် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ (MFIs) ကို ပုဂ္ဂလိက အပြည့်အဝပိုင်ဆိုင်မှုနှင့်အတူ တည်ထောင်ခွင့်ပြုထားပြီး အသေးစားငွေကြေးထောက်ပံ့ပေးသူများအနေဖြင့်လည်း တရားဝင်ဥပဒေမူဘောင်မလိုဘဲ ဆောင်ရွက်နိုင်ခြင်းအတွက် လမ်းဖွင့်ပေးထားသည်။ သို့သော် မူကြမ်းကို အသေးစားငွေရေးကြေးရေး ကျွမ်းကျင်ပညာရှင်များက အောက်ပါအားနည်းချက်များကို ထောက်ပြထားသည်။ ထိုအချက်များသည် ဈေးကွက်ဖွံ့ဖြိုးတိုးတက်မှုအရှိန်ကို လျော့ပါးစေသည်။

- အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများတွင် အရင်းအနှီးသတ်မှတ်ချက်နည်းပါးခြင်းကြောင့် လုပ်ငန်းသေးငယ်၍အားနည်းပြီး အရင်းအနှီးခိုင်မာလုံလောက်ခြင်းမရှိသော ငွေကြေးထောက်ပံ့သူများကိုသာ တိုးပွားလာစေသည်။ ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလနှင့် ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလအတွင်းတွင် အဖွဲ့ အစည်းစုစုပေါင်း ၁၆၆ ခုကို အသေးစားငွေကြေးလုပ်ငန်းများလုပ်ကိုင်နိုင်ရန် လိုင်စင်များချထားပေးခဲ့သည်။
- စီမံကွပ်ကဲမှုသည် တစ်ပိုင်းတစ်စဖြစ်ခြင်း။ ဘဏ်များသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ စီမံကြီးကြပ်မှု အောက်တွင်ရှိပြီး အသေးစားငွေရေးကြေးရေးလုပ်ငန်းကဏ္ဍရှိအသင်းအဖွဲ့ဆောင်ရွက်ချက်များသည် သမဝါယမဝန်ကြီးဌာန၏ ထိန်းချုပ်ကွပ်ကဲမှုအောက်တွင်ရှိသည်။ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများကို အသေးစားငွေရေးကြေးရေး ကြီးကြပ်မှုဆိုင်ရာလုပ်ငန်းက ကြီးကြပ်ပြီး ၎င်းကိုယ်တိုင်လည်း အသေးစားချေးငွေများ ထောက်ပံ့ပေးသည်။ (Duflos et al. 2013)
- အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများအတွက် အဓိကအခက်အခဲတစ်ခုမှာ ငွေကြေးပြန်လည်မတည်ထောက်ပံ့ခြင်းဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ၎င်းတို့သည် လက်ရှိစည်းမျဉ်းဥပဒေများအရ ပြည်တွင်းပြည်ပ ငွေရေးကြေးရေးအဖွဲ့အစည်းမှ ငွေကြေးအထောက်အပံ့ ရယူနိုင်မှုမရှိခြင်းကြောင့်ဖြစ်သည်။ ကုလသမဂ္ဂရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးရေးရန်ပုံငွေအဖွဲ့(UNCDF) အဆိုအရ မြန်မာနိုင်ငံတွင် အသေးစားငွေရေးကြေးရေးလုပ်ငန်းလိုအပ်ချက်သည် အမေရိကန်ဒေါ်လာ ၁ ဘီလီယံဖြစ်သည်။ အသေးစားငွေရေးကြေးရေးကြီးကြပ်မှုလုပ်ငန်းက ၂၀၁၃ ခုနှစ် အောက်တိုဘာလတွင် အစီရင်ခံတင်ပြသည်မှာ လိုင်စင်ရအသေးစားငွေရေးကြေးရေးအဖွဲ့အစည်း ၁၁၆ ခု၏ စုစုပေါင်းချေးငွေရင်းနှီးမြှုပ်နှံမှုမှာ အမေရိကန်ဒေါ်လာ ၁၁၈ သန်းသာရှိသည်ဟုဆိုသည်။ ထို့ကြောင့် ထောက်ပံ့ငွေကြေးကွာဟချက်မှာ ကြီးမားနေသေးပြီး အလားအလာရှိသော ချေးငွေဈေးကွက်၏ ၅ ပုံ ၁ ပုံထက်ပင် နည်းနေသေးကြောင်းတွေ့ရသည်။ (GIZ ၂၀၁၃)

ငါးလုပ်ငန်းအချို့နှင့် လုပ်ကိုင်ဆောင်ရွက်နေသော အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းအချို့ရှိသော်လည်း လက်ရှိဖြည့်ဆည်းဆောင်ရွက်ပေးမှုမှာ အကန့်အသတ်ဖြင့်သာရှိသည်။ ကဏ္ဍပေါင်းစုံမှအလှူရှင်များထည့်ဝင်ပံ့ပိုးသော ရန်ပုံငွေအစီအစဉ်တစ်ခုဖြစ်သည့် LIFT (စားဝတ်နေရေးလုပ်ငန်းများနှင့် စားနပ်ရိက္ခာဖူလုံရေး အကျိုးဆောင်ရန်ပုံငွေအဖွဲ့) က အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းအချို့ကို ငွေကြေးအထောက်အပံ့ပေးထားသည်။ ၎င်းသည် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘဏ္ဍာရေးဆိုင်ရာ အထောက်အပံ့ (FIND) စီမံကိန်းနှင့်ပတ်သက်ပြီး ကမ္ဘာ့ဘဏ်နှင့်အတူ ပူးတွဲလုပ်ဆောင်သည်။ စီမံကိန်းအနေဖြင့် အသေးစားငွေရေးကြေးရေး ကြီးကြပ်မှုလုပ်ငန်းကို နည်းလမ်းအချို့ဖြင့် ပံ့ပိုးကူညီပေးသည်။ ထိုနည်းလမ်းများတွင် အသေးစားငွေရေးကြေးရေးကြီးကြပ်မှုအတွက် စွမ်းဆောင်ရည်တည်ဆောက်ပေးခြင်း၊ ကြီးကြပ်မှုဆိုင်ရာလုပ်ငန်းတာဝန်များ ဆောင်ရွက်ခြင်းနှင့်ပတ်သက်၍ ဝန်ထမ်းများကိုသင်တန်းပေးခြင်း၊ ဘဏ္ဍာရေးဆိုင်ရာအခြေအနေများကို နားလည်သိမြင်စေခြင်း စသည်တို့ဖြစ်သည်။ မြန်မာနိုင်ငံတွင် Making Access Possible(MAP) အဖြေရှာဆောင်ရွက်ခြင်းအစီအစဉ်၊ MicroLead စီမံကိန်းတို့နှင့်ပတ်သက်၍ UNCDF နှင့်လည်း လုပ်ငန်းများဆောင်ရွက်နေပါသည်။

ဇယား ၁၃။ ငါးလုပ်ငန်းကဏ္ဍနှင့် ချိတ်ဆက်မှုအချို့ရှိသော အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ

| အသေးစားငွေရေးကြေးရေး အဖွဲ့အစည်း | ခန့်မှန်းချေးယူသူ အရေအတွက် | စုပေါင်းထားသောချေးငွေ ရင်းနှီးမြှုပ်နှံမှု(US$) | ပါဝင်သော နေရာများ | ချေးပေးသည့် နည်းလမ်း |
|---|---|---|---|---|
| PACT (UNDP) | ၄၀၀,၀၀၀ | $ ၅၅,၀၀၀,၀၀၀ | ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ၊ အပူပိုင်းဒေသ | အစုအဖွဲ့တူရာကို ချေးငှားခြင်း |
| PACT (non-UNDP) | ၅၀,၀၀၀ | $ ၂,၀၀၀,၀၀၀ | မကွေး | အစုအဖွဲ့တူရာကို ချေးငှားခြင်း |
| Save the Children/Dawn | ၂၀,၀၀၀ | $ ၅၀၀,၀၀၀ | ရန်ကုန်တိုင်း ဒေသကြီး | အစုအဖွဲ့တူရာကို ချေးငှားခြင်း |
| World Vision | ၁၀,၀၀၀ | $ ၁,၀၀၀,၀၀၀ | ရန်ကုန်၊ မန္တလေး ဧရာဝတီ | အစုအဖွဲ့တူရာကို ချေးငှားခြင်း |
| Groupe de Recherche et d'Échanges Technologiques (GRET) | ၅,၅၀၀ | $ ၅၀၀,၀၀၀ | ချင်းပြည်နယ် | ကျေးရွာချေးငွေ |

သတင်းရင်းမြစ် - ကျေးလက်ငွေရေးကြေးရေးနှင့်ပတ်သက်၍ USAID ရန်ပုံငွေအကူအညီဖြင့်ပြုလုပ်သော လေ့လာမှု/ မီချီဂန်ပြည်နယ်တက္ကသိုလ်နှင့် MDRI-CESD

၃။ ငါးလုပ်ငန်းကဏ္ဍတွင် ဝင်ငွေနည်းပါးစွာရရှိသည့်လူတစ်ဦးချင်းအနေဖြင့် ချေးငွေလွယ်ကူစွာရရှိနိုင်သည့်နေရာမှာ အပေါင်ဆိုင်များဖြစ်သည်။ ဒေသန္တရအစိုးရတွင် တရားဝင်မှတ်ပုံတင်ပြီး လုပ်ကိုင်နေသော ပုဂ္ဂလိကအပေါင်ဆိုင်မှာ ၁,၈၇၄ ခန့်ရှိပြီး နိုင်ငံပိုင်အပေါင်ဆိုင်မှာ ၁၈၄ ခုရှိသည်။ အပေါင်ပစ္စည်းများမှာ ရွှေ၊ လက်ဝတ်ရတနာ၊ နာရီနှင့် အဝတ်အစားများဖြစ်သည်။ အများအားဖြင့် ချေးငွေတန်ဖိုးမှာ ပစ္စည်းအမျိုးအစားရောင်းရတန်ဖိုး၏ ၅၀% မှ ၆၀% ခန့်နှင့်ညီမျှသည်။ ရွှေအပေါင်အတွက် ချေးငွေသည် ဈေးကွက်ပေါက်ဈေး၏ ၃ ပုံ ၂ ပုံ အထိရနိုင်ပြီး လစဉ်ပုံသေအတိုးမှာ ၂-၃% ဖြစ်သည်။ အခြားအပေါင်ပစ္စည်းများအားလုံးအတွက် ပစ္စည်းတန်ဖိုး၏ ၅၀% ခန့်ကို ချေးငွေရနိုင်ပြီး လစဉ်အတိုးနှုန်းမှာ ၁၅ % ဖြစ်သည်။

ရန်ကုန်တွင် လိုင်စင်ကြေးမှာ ကျပ် သိန်း ၅၀ မှ သိန်း ၂၀၀ ထိရှိနိုင်ပြီး ပြန်လည်ပေးချေမှုကာလကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ၄ လနှင့် ၁၀ ရက် သတ်မှတ်ထားသည်။ ကျေးလက်ဒေသများတွင် ပြန်လည်ပေးချေမှုကာလမှာ အမျိုးမျိုးရှိနိုင်ပြီး အပေါင်ဆိုင်တစ်ခုကိုလည်ပတ်နိုင်ရန်အတွက် လိုင်စင်ကြေးမှာ ကျပ် ၃၀၀,၀၀၀နှင့် ၅၀၀,၀၀၀ ကြားတွင်ရှိနိုင်သည်။

၄။ အရင်းအနှီးနည်းပါးသော တစ်နိုင်တစ်ပိုင် ငါးဖမ်းလှေပိုင်ရှင်အများစုအတွက် ထုတ်လုပ်မှုကုန်ကျစရိတ် (ဥပမာ။ ။ ငါးဖမ်းကိရိယာနှင့် လှေဝယ်ယူခြင်း/ပြင်ဆင်ခြင်း၊ ငါးဖမ်းကျဆင်းသောရက် အနည်းငယ်ကြာပြီးနောက်ပိုင်းတွင် ရင်းနှီးငွေလည်ပတ်သုံးစွဲမှု)၊ စားသုံးမှုနှင့်၊ အရေးပေါ်ချေးငွေများ(မိသားစုဝင် သို့မဟုတ် လှေပိုင်ရှင်/ရေလုပ်သား ဖျားနာခြင်း) ရှိသည့်အခါ ပုံစံတကျမရှိသောငွေချေးပေးသူများထံမှရယူကြရသည်။ ချေးငွေများကို လိုအပ်သည့် အခါ မြန်မြန်ဆန်ဆန်ရရှိနိုင်ပြီး ပုံမှန်အဖွဲ့အစည်းများတွင်ကဲ့သို့ သတ်မှတ်အပေါင်ပစ္စည်း များထားရန်မလိုအပ်ပါ။ သို့သော်လည်း အတိုးနှုန်းမှာ ၅ % မှ ၂၀% ထိရှိပြီး အဓိကအားဖြင့် ယုံကြည်မှုနှင့် ခင်မင်ရင်းနှီးမှုပေါ်တွင်မူတည်သည်။

၅။ ယေဘုယျအားဖြင့် ရေလုပ်သားနှင့် ငါးဖမ်းလုပ်ငန်းရှိ အလုပ်သမားသည် အရေးပေါ်ကိစ္စလိုအပ်ချက်များ (သို့) ၎င်းတို့ ပင်လယ်ပြင်တွင်ရှိနေစဉ် မိသားစုကိုထားခဲ့ရသည့် အခြေအနေများအတွက် ကြိုတင်ငွေကို အလုပ်ရှင်ထံမှ ရယူတတ်သည်။ ဤပုံစံက ၎င်းတို့ကို ဈေးညှိနိုင်မှုအနေအထားမှ လျော့ကျစေပြီး အကြွေးသံသရာတွင် တဝဲလည်လည်ရှိစေသည်။ သို့သော်လည်း အရင်းအနှီးအကန့်အသတ်ဖြင့်သာရှိသောပိုင်ရှင်များအနေဖြင့် ချေးငွေပံ့ပိုးမှုသည် ဝန်ထုပ်ဝန်ပိုးတစ်ရပ်အဖြစ်ရှိပြီး လုပ်ငန်းတွင် ပြန်လည်ရင်းနှီးမြှုပ်နှံရန် အခက်အခဲကြုံရသည်။

၆။ value chain ထိပ်ဆုံးပိုင်းတွင်ရှိသော ကုန်ချောထုတ်လုပ်ရောင်းချသူများက အောက်ပိုင်းအဆင့်တွင်ရှိသော ကုန်ကြမ်းအဆင့်လုပ်ကိုင်သူများကို ချေးငွေထောက်ပံ့ပေးသည်။ ထို့ကြောင့် စီးပွားရေးအတွင်းအထက်အောက်ဆက်ဆံရေးကို ဖြစ်ပေါ်စေသည်။ ကုန်သည် (သို့) ပြုပြင်ထုပ်လုပ်သည့်လုပ်ငန်းရှင်များက ကြွေးစာရင်း၊ အပေါင်ပစ္စည်းများမလိုဘဲ ချေးပေးကြသည်။ ပုံမှန်အားဖြင့် ချေးပေးခြင်းပုံစံသည် သင်္ဘောနှင့် ငါးဖမ်းပိုက်များကို ဝယ်ပေးခြင်း၊ပြင်ပေးခြင်းများဖြစ်သည်။ ငါးရရှိမှုကျဆင်းသည့်အခါ နေ့စဉ်အသုံးစရိတ်နှင့် အရေးပေါ်အခြေအနေအတွက် ကြိုတင်ငွေပေးသည်။ ငါးဖမ်းသူများသည် ဖမ်းဆီးရမိသည့်ငါးများနှင့်ပတ်သက်၍ ဆုံးဖြတ်ပိုင်ခွင့်ရှိသည်။ ငါးဖမ်းသူအများစုသည် ချေးငွေကို ရှောင်နိုင်အောင်ကြိုးစားကြသည်။ ချေးငွေမရှိလျှင် ၎င်းတို့ဖမ်းမိသောငါးများကို ဈေးကောင်းရရှိရန်အတွက် အိမ်ထောင်စုများသို့ တိုက်ရိုက်ရောင်းချနိုင်သည့်အခွင့်ရှိသည်။ ကုန်သည်များအလေးထားသည်မှာ ဖောက်သည်ကျေနပ်အောင် ငါးများကို ပုံမှန်နှင့်အလုံအလောက်ပေးသွင်းနိုင်ရန်နှင့် စီးပွားရေးတွက်ချေကိုက်ရန်ဖြစ်သည်။ တစ်ချို့ကုန်သည်များမှာ ငါးဖမ်းသူများနှင့် အမြတ်ဝေစုခွဲဝေယူခြင်းစနစ်တွင် ရင်းနှီးမြှုပ်နှံကြသည်။ အချို့မှာ ငါးများကို ဈေးပြိုင်ပေးရယူခြင်းနည်းလမ်းတစ်ခုအဖြစ် ချေးငွေများပံ့ပိုးပေးသည်။

၇။ မြန်မာနိုင်ငံတွင် ဘဏ္ဍာရေးအခြေအနေနှင့်ပတ်သက်၍ အမျိုးမျိုးသောအစီရင်ခံစာများအရ မြန်မာနိုင်ငံတွင် လုပ်ငန်းတူငွေစုအဖွဲ့များ (peer savings groups) များသည် ပုံစံတကျမဟုတ်သော ဘဏ္ဍာရေးဆိုင်ရာနည်းလမ်းဖြစ်သော်လည်း ငါးဖမ်းလုပ်ငန်းလုပ်ကိုင်သည့် လူမှုအသိုက်အဝန်းတွင် ကျင့်သုံးခြင်းမရှိသေးပေ။ အများအားဖြင့် လုပ်ငန်းတူငွေစုအဖွဲ့ကို လူမှုကွန်ရက်၊ ငွေကြေးအဆင့်နှင့် အလုပ်အကိုင်တူညီကြသောလူများဖြင့် ဖွဲ့စည်းလေ့ရှိသည်။ မြန်မာနိုင်ငံတွင်ရှိသော လုပ်ငန်းတူငွေစုအဖွဲ့ နမူနာအချို့ကို ဇယား ၁၅ တွင် ဖော်ပြထားပါသည်။ Proximity Designs ၏ Afford One, Eat Two ခေါင်းစဉ်တပ်ထားသောအစီရင်ခံစာမှ မှတ်တမ်းယူဖော်ပြခြင်းဖြစ်သည်။

ဇယား ၁၄။ မြန်မာနိုင်ငံတွင်ရှိသော လုပ်ငန်းတူငွေစုအဖွဲ့များ နမူနာ

| အစုအဖွဲ့ အမျိုးအစား | အဖွဲ့ဝင်ဦးရေ | ရှယ်ယာ | ကာလ | စုငွေတစ်ကြိမ် ပမာဏ (US$) | ကောက်ယူမှု အကြိမ်ရေ | ကောက်ယူသည့် နည်းလမ်း |
|---|---|---|---|---|---|---|
| လားရှိုးဈေးရှိ ဈေးသည်များ | ၂၀ | ၂၄ | ၂၄ လ | ကျပ် ၃,၀၀၀ (US$ 3) | နေ့စဉ် | အဖွဲ့ခေါင်းဆောင်သည် ဈေးဆိုင်တစ်ခုချင်းစီသို့ နေ့တိုင်း ညနေ ၂ နာရီနှင့် ၄း၃၀ ကြားတွင် သွားသည်။ |
| ကလောလမ်းရှိ ဈေးသည်များ | ၆၀ | ၉၃ | ၁၅ လ | ကျပ် ၅,၀၀၀ (US$ 5) | ၅ ရက်တစ်ခါ | ဈေးရက်အတွင်း (၅ရက်မြောက်နေ့တိုင်း) အဖွဲ့ခေါင်းဆောင်သည် မနက် ၁၀ နာရီနှင့် နေ့လယ် ၁၂နာရီကြားတွင် အစုဝင်ထားသောဈေးသည် တစ်ဦးချင်းစီသို့သွားသည်။ |
| မုံရွာသုံးဘီးဆိုင်ကယ် အမောင်းသမားများ | ၁၈ | ၁၈ | ၁၆.၈ လ | ကျပ် ၁၀,၀၀၀ (US$ 10) | အပတ်စဉ် | အပတ်တိုင်း အဆင်ပြေသည့်အချိန်တွင် သုံးဘီး ဆိုင်ကယ်အမောင်းသမား အဖွဲ့ခေါင်းဆောင်သည် အဖွဲ့ဝင်အမောင်းသမားများ ထံသွား၍ ပိုက်ဆံ ကောက်သည်။ |

သတင်းရင်းမြစ် - Afford One, Eat Two/ Proximity Designs

# ခ။ ဘဏ္ဍာရေးနှင့်မဆိုင်သော ဝန်ဆောင်မှုများ

ပင်လယ်ငါးဖမ်းလုပ်ငန်းနယ်ပယ်တွင် ပါဝင်သူများသည် အောက်ပါ နည်းလမ်းများဖြင့် လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဝန်ဆောင်မှုများကိုရရှိသည်။

၁။ **ပုံစံတကျမဟုတ်ခြင်း။** ။ ငါးဖမ်းသူများနှင့် Value Chain တွင်ပါဝင်သော အခြားသူများသည် လူမှုရေးဆက်ဆံမှုများမှတဆင့် သတင်းအချက်အလက်၊ ဗဟုသုတနှင့် အကြံဉာဏ်များကို သိရှိကြသည်။ ဈေးနှုန်း၊ ဈေးကွက်နှင့်နည်းပညာလမ်းကြောင်းများနှင့် ပတ်သက်၍ အချက်အလက်များပါဝင်ပြီး လူမှုကွန်ယက် (သို့) ယဉ်ကျေးမှုထုံးတမ်းစဉ်လာ နည်းလမ်းများဖြင့်သိရှိကြသည်။ ဥပမာအားဖြင့် မိဘများသည် ၎င်းတို့သားသမီးများကို လက်တွေ့လုပ်ငန်းခွင်တွင် သင်ကြားပြသခြင်းမျိုးဖြစ်သည်။ သို့သော်လည်း အားနည်းချက်မှာ အသက်ကြီးသူများသည် ယေဘုယျအားဖြင့် အသစ်ပေါ်ထွက်လာသော နည်းလမ်းကောင်းများနှင့် ကျင့်သုံးလုပ်ဆောင်မှုများကို သတိမမူမိကြခြင်းဖြစ်သည်။ သို့သော်လည်း ၎င်းတို့သည် ရိုးရာအစဉ်အလာများနှင့်ပတ်သက်၍ ဗဟုသုတအလွန်ကြွယ်ဝကြသူများဖြစ်ပြီး ပတ်ဝန်းကျင်တွင် လိုက်လျောညီထွေနေထိုင်တတ်သည့်အလျောက် ကုန်ကျစရိတ်လည်း ချွေတာနိုင်ကြသည်။ ဒေသတွင်းတွင်ရှိသော အသိအမှတ်ပြုထားသည့် ကျွမ်းကျင်သူများ၏စွမ်းဆောင်ရည်ကို တိုးတက်အောင်ပြုလုပ်ပေးလျှင် ပုံစံတကျမဟုတ်သည့် လေ့လာသင်ယူမှုစနစ်များသည်လည်း ပိုမိုတိုးတက်ကောင်းမွန်လာမည်ဖြစ်သည်။

၂။ **ပါရှိပြီးဖြစ်ခြင်း။** ။ အရောင်းအဝယ်ပြုလုပ်စဉ်အတွင်း ဝန်ဆောင်မှုအတွက်ကုန်ကျစရိတ်မှာ ကုန်ပေးသွင်းသူ၏ အလုံးစုံကုန်ကျစရိတ်တွက်ချက်မှုတွင် အစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်ပြီးဖြစ်သည်။ သို့သော်လည်း ဝန်ဆောင်မှုရရှိသူက ဝန်ဆောင်မှုအတွက် ငွေပေးရန်မလိုပါ။ အဓိကအရောင်းအဝယ်လုပ်ငန်းတွင် ဝန်ဆောင်မှုများမှာ ထပ်တိုးအင်္ဂါရပ်တစ်ခုဖြစ်သည်။

ဥပမာ-ပြုပြင်ထုပ်လုပ်သူ/ရေပေါ်ငါးချဆိပ်ပိုင်ရှင်က မှန်ကန်သော ငါးကိုင်တွယ်နည်းများနှင့်ပတ်သက်၍ နည်းပညာဆိုင်ရာ အကြံဉာဏ်နှင့် လမ်းညွှန်မှုများကို ငါးပေးသွင်းသူများအား သင်ကြားပြပြသည်။

၃။ **အခငွေအခြေပြုဝန်ဆောင်မှု။** ။ လုပ်ငန်းများကိုကမ်းလှမ်းလာသည့် ဝန်ဆောင်မှုအမျိုးအစားအလိုက် အခငွေပေးရသော ဝန်

ဆောင်မှုများရှိသည်။ ဇယား ၁၆ တွင် အစားအစာဘေးအန္တရာယ်ကင်းရှင်းရေး၊ အရည်အသွေးစံချိန်စံညွှန်း၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးများနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံရှိ ငါးပြုပြင်ထုပ်လုပ်သောလုပ်ငန်းများ/ပို့ကုန်လုပ်ငန်းများကို တစ်ဦးချင်း (သို့) အဖွဲ့အစည်းများက ကမ်းလှမ်းထားသောဝန်ဆောင်မှုများကို ဖော်ပြထားသည်။ ငါးပြုပြင်ထုပ်လုပ်သူများနှင့် ပို့ကုန်တင်ပို့သူများသည် ထိုကဲ့သို့သော ဝန်ဆောင်မှုများအတွက် ဝန်ဆောင်ခပေးလိုကြသည်။ အကြောင်းမှာ ထိုဝန်ဆောင်မှုများကို ရရှိပြီးလျှင် ဥရောပသမဂ္ဂနှင့် အမေရိကန်ပို့ကုန်ဈေးကွက်မှ သတ်မှတ်ချက်များကိုသိရှိပြီး လိုက်နာလုပ်ဆောင်နိုင်မည်ဖြစ်သည်။

၂၀၁၄ ခုနှစ်တွင် အိုင်အယ်လ်အိုကဦးဆောင်ပြုလုပ်သော စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဝန်ဆောင်မှုဆိုင်ရာဈေးကွက်အကဲဖြတ်ချက်အရစွန့်ဦးစီးပွားရေးနှင့်အသေးစားစီးပွားရေးလုပ်ငန်း စီမံခန့်ခွဲမှုသင်တန်း ဝန်ဆောင်မှုနယ်ပယ်တွင် ပုဂ္ဂလိကကဏ္ဍ ဝန်ဆောင်မှုပေးသူ ၅ ခုမှ ၆ ခုခန့်ရှိကြောင်းသိရသည်။ သင်တန်းအဖွဲ့အစည်း ၂ ခု ဖြစ်သည့် မြန်မာနိုင်ငံလူ့အရင်းအမြစ် စီမံခန့်ခွဲမှုအဖွဲ့ (Myanmar Human Resources Management Institute) နှင့် စီးပွားရေးလုပ်ငန်းစွမ်းဆောင်ရည် တည်ဆောက်ပေးခြင်းဌာန (Business Capacity Building Centre) တို့သည် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းကဏ္ဍတွင် အလုပ်အကိုင်ရှာဖွေနေသော လူငယ်လူရွယ်များနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို အလေးထားဦးတည်သော စွန့်ဦးစီးပွားရေးလုပ်ငန်းနှင့် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်း စီမံခန့်ခွဲမှုသင်တန်းများကိုပေးပြီးဖြစ်သည်။ သက်မွေးဝမ်းကျောင်းသင်တန်းဌာန၊ ADRA၊ World Vision၊ နှင့် Mercy Corps တို့ကလည်း စီမံခန့်ခွဲမှုသင်တန်းများကို ပံ့ပိုးပေးသည်။ အချို့သော အသေးစားငွေရေးကြေးရေးလုပ်ငန်းများကလည်း အသေးစားချေးငွေအစီအစဉ်တစ်ရပ်အနေဖြင့် အခြေခံစာရင်းအင်းပညာ၊ ဘဏ္ဍာရေးဆိုင်ရာအချက်အလက်များနှင့်ပတ်သက်သည့် သင်တန်းများပေးရန်ကမ်းလှမ်းသည်။ (ILO BDS ဈေးကွက်အကဲ ဖြတ်ချက်)

**ဇယား ၁၅။ မြန်မာနိုင်ငံရှိ အစားအစာဘေးကင်းလုံခြုံရေး၊ အရည်အသွေးဆိုင်ရာစံချိန်စံညွှန်းနှင့် ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာဝန်ဆောင်မှုများ ပံ့ပိုးပေးနိုင်သူများစာရင်း**

| တစ်ဦးချင်း/အဖွဲ့အစည်း | ဝန်ဆောင်မှု |
|---|---|
| GlobalGroup Myanmar<br>အမှတ် (၁၄၆)၊ ပထမထပ်၊<br>၄၇ လမ်း၊ ဗိုလ်တစ်ထောင်မြို့နယ်<br>ရန်ကုန်မြို့၊ မြန်မာ။ | - ISO 9001 အရည်အသွေးစီမံခန့်ခွဲမှုသင်တန်းနှင့် အကဲဖြတ်ချက်<br>- ISO 22000 အစားအစာဘေးအန္တရာယ်ကင်းရှင်းရေးသင်တန်းနှင့် အကဲဖြတ်ချက်<br>- အန္တရာယ်စိစစ်လေ့လာမှု အရေးပါထိန်းချုပ်မှတ်များ (HACCP) သင်တန်းနှင့် အကဲဖြတ်ချက်<br>- ISO 14001 သဘာဝပတ်ဝန်းကျင်ဆိုင်ရာစီမံခန့်ခွဲမှုသင်တန်းနှင့် အကဲဖြတ်ချက်<br>- OHSAS 18001 လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးသင်တန်းနှင့် အကဲဖြတ်ချက်<br>- ကုန်ထုတ်လုပ်မှုဆိုင်ရာအလေ့အကျင့်ကောင်းများ(GMP)သင်တန်းနှင့် အကဲဖြတ်ချက် |
| ဦးသိန်းထွဋ် | - ISO 9001 အရည်အသွေးစီမံခန့်ခွဲမှုသင်တန်းနှင့် အကဲဖြတ်ချက်<br>- အန္တရာယ်စိစစ်လေ့လာမှုအရေးပါထိန်းချုပ်မှတ်များ (HACCP) သင်တန်းနှင့် အကဲဖြတ်ချက်<br>- ကုန်ထုတ်လုပ်မှုဆိုင်ရာအလေ့အကျင့်ကောင်းများ (GMP) သင်တန်းနှင့် အကဲဖြတ်ချက် |
| Advantages Co., Ltd. | - ကုန်ထုတ်လုပ်မှုဆိုင်ရာအလေ့အကျင့်ကောင်းများ (GMP) သင်တန်းနှင့် အကဲဖြတ်ချက် |

၄။ **သီးခြားရပ်တည်သောအခမဲ့ဝန်ဆောင်မှု** - ယေဘုယျအားဖြင့် အစိုးရအေဂျင်စီများက ထောက်ပံ့ဖြည့်ဆည်းပေးသည်။ ဝန်ဆောင်မှုများမှာ အခမဲ့ဖြစ်သည်။

**ငါးလုပ်ငန်းဦးစီးဌာန (DOF)**

ငါးလုပ်ငန်းဦးစီးဌာနသည် ငါးလုပ်ငန်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက်တာဝန်ယူပြီး အောက်ပါအဓိကတာဝန်များရှိသည်။

- ငါးသယံဇာတ ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ပြန်လည်ထူထောင်ခြင်း။
- ငါးလုပ်ငန်းသုတေသနနှင့် စစ်တမ်းကောက်ယူခြင်းများကို မြှင့်တင်ဆောင်ရွက်ခြင်း
- ငါးလုပ်ငန်းစာရင်းဇယားများနှင့် သတင်းအချက်အလက်များကို ကောက်ယူခြင်းနှင့် မှတ်တမ်းများပြုစုခြင်း
- ဝန်ဆောင်မှုများတိုးချဲ့ခြင်း
- ငါးလုပ်ငန်းကဏ္ဍကိုကြီးကြပ်ခြင်း
- ငါးလုပ်ငန်းနှင့် ငါးသယံဇာတ ရေရှည်တည်တံ့ခိုင်မြဲမှု

ငါးလုပ်ငန်းဦးစီးဌာနက တည်ထောင်ထားသော အောက်ပါသင်တန်းဌာနများတွင် ဝန်ဆောင်မှုများပေးခြင်း။

- ကြို့ကုန်းငါးလုပ်ငန်းအတတ်သင်သိပ္ပံ (ရန်ကုန်တိုင်းဒေသကြီး)
- ဖျာပုံငါးလုပ်ငန်းသင်တန်းကျောင်း (ဧရာဝတီတိုင်းဒေသကြီး)
- အထက်မြန်မာပြည် ငါးလုပ်ငန်းသင်တန်းကျောင်း (စစ်ကိုင်းတိုင်းဒေသကြီး)

၂၀၁၃-၂၀၁၄ တွင် ငါးမွေးမြူရေး၊ ငါးလုပ်ငန်းစီမံခန့်ခွဲမှု၊ အင်္ဂလိပ်စာနှင့် ကွန်ပြူတာသင်တန်း၊ တရုတ်/အာဆီယံ ဈေးကွက်ဝင်ရောက်မှုအတွက်လိုအပ်ချက်များ စသည့်ခေါင်းစဉ် ၄ ခုဖြင့် ငါးလုပ်ငန်းသင်တန်းပေါင်း၄၀ပေးခဲ့သည်။ သင်တန်းတက်ရောက်သူ စုစုပေါင်း ၁၂၀၆ ဦးရှိခဲ့သည်။

ငါးလုပ်ငန်းဦးစီးဌာနရှိ ဝန်ထမ်းများနှင့် ငါးလုပ်ငန်းကဏ္ဍရှိ ပါဝင်သူများအတွက် နည်းပညာဆိုင်ရာအထောက်အပံ့နှင့် စွမ်းဆောင်ရည်တည်ဆောက်ပေးခြင်းများကို နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းနှင့် အစီအစဉ်များဖြင့် မိတ်ဖက်ပြု၍ဆောင်ရွက်သည်။

**ဇယား ၁၆။ ငါးလုပ်ငန်းဦးစီးဌာန၏ သင်တန်းကျောင်းကစီစဉ်ပြုလုပ်ပေးသည့် သင်တန်းများ ၂၀၁၃ - ၂၀၁၄**

| သင်တန်းခေါင်းစဉ် | သင်တန်းအကြိမ် အရေအတွက် | တက်ရောက်သူ ဦးရေ | နေရာ |
|---|---|---|---|
| ငါးမွေးမြူရေး | ၃၃ | ၉၄၄ | စစ်ကိုင်း၊ ဖျာပုံ၊ လှော်ကား |
| ငါးလုပ်ငန်းစီမံခန့်ခွဲမှု | ၃ | ၉၀ | ကြို့ကုန်း၊ စစ်ကိုင်း၊ ဖျာပုံ၊ |
| အင်္ဂလိပ်စာနှင့် ကွန်ပျူတာသင်တန်း | ၂ | ၂၃ | ကြို့ကုန်း၊ စစ်ကိုင်း |
| တရုတ်/အာဆီယံ ဈေးကွက်ဝင်ရောက်မှု အတွက်လိုအပ်ချက်များ | ၂ | ၁၄၉ | ကြို့ကုန်း |
| သတင်းရင်းမြစ် - ငါးလုပ်ငန်းဦးစီးဌာန | | | |

**ဇယား ၁၇။ ငါးလုပ်ငန်းဦးစီးဌာနနှင့် မိတ်ဖက်ပြုအကောင်အထည်ဖော်ဆောင်ရွက်သည့် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများ/အစီအစဉ်များ**

| စီမံကိန်း/ အစီအစဉ် | ရန်ပုံငွေထောက်ပံ့သည့် အေဂျင်စီအဖွဲ့ | ကာလ | နေရာ |
|---|---|---|---|
| ကမ်းရိုးတန်း ဒီရေတောသဘာဝပတ်ဝန်းကျင်ဂေဟာစနစ်တွင်ငါးမွေးမြူရေးသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် အသေးစားငါးလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲရေး | FAO | ၂၀၀၉ ခုနှစ် ဖွန်လမှ ၂၀၁၄ ခုနှစ်အထိ | ဧရာဝတီတိုင်းဒေသကြီး |
| မြန်မာနိုင်ငံရှိ ကျေးလက်လူ့အဖွဲ့အစည်းများ၏ သက်မွေးဝမ်းကျောင်းမြှင့်တင်ဆောင်ရွက်ခြင်းအတွက် အသေးစားငါးမွေးမြူရေးများကို ချဲ့ထွင်ဆောင်ရွက်ခြင်း | JICA | ၂၀၁၄ မှ ၂၀၁၈ အထိ | မြန်မာနိုင်ငံအလယ်ပိုင်း၊ အပူပိုင်းဒေသ |
| ဘင်္ဂလားပင်လယ်အော် ပင်လယ်သဘာဝဝန်းကျင် ဂေဟာစနစ် အစီအစဉ် (BOBLME) | World Bank, SIDA, NOAA, GEF, Norad | ၂၀၁၀ မှ ၂၀၁၄ အထိ | ဘင်္ဂလားပင်လယ်အော် ပင်လယ်သဘာဝပတ်ဝန်းကျင်ဂေဟာစနစ် အဖွဲ့ဝင်နိုင်ငံများ၏ ကမ်းရိုးတန်းဒေသများ |
| ဧရာဝတီလင်းပိုင် သုတေသနနှင့် ကာကွယ်ထိန်းသိမ်းဇရိယာ စီမံခန့်ခွဲမှု စီမံချက် | WCS | ၂၀၀၇ မှ ၂၀၁၇ အထိ | မန္တလေးနှင့် စစ်ကိုင်းဒေသရှိ ဧရာဝတီမြစ်ကြောင်းတစ်လျှောက် |

| ဇယား ၁၇။ ငါးလုပ်ငန်းဦးစီးဌာနနှင့် မိတ်ဖက်ပြုအကောင်အထည်ဖော်ဆောင်ရွက်သည့် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများ/အစီအစဉ်များ | | | |
|---|---|---|---|
| စီမံကိန်း/ အစီအစဉ် | ရန်ပုံငွေထောက်ပံ့သည့် အေဂျင်စီအဖွဲ့ | ကာလ | နေရာ |
| ငါးနှင့် ရေထွက်ကုန်များ ဈေးကွက်ဝင်ရောက်နိုင်မှုတိုးတက်ရန် စွမ်းဆောင်ရည်တည်ဆောက်ခြင်း | FAO | ၂၀၁၂ ခုနှစ် မတ်လ မှ ၂၀၁၄ ခုနှစ် ဇူလိုင်လအထိ | ရန်ကုန်တိုင်းဒေသကြီး |
| မြန်မာနိုင်ငံကုန်းတွင်းနှင့် ကမ်းရိုးတန်းငါးလုပ်ငန်းသုတေသနနှင့် ဖွံ့ဖြိုးရေးများ တိုးတက်ကောင်းမွန်ရေး | ACIAR/World Fish Center | ၂၀၁၂ ခုနှစ် ဒီဇင်ဘာလမှ ၂၀၁၆ ခုနှစ် နိုဝင်ဘာလအထိ | ဧရာဝတီမြစ်ဝကျွန်းပေါ်နှင့် မြန်မာနိုင်ငံအလယ်ပိုင်းရှိ အပူပိုင်းဒေသ |
| အရှေ့တောင်အာရှတွင် ငါးနှင့်ရေထွက်ကုန်များတွင် ဓာတုနှင့်ဆေးဝါးသုံးစွဲမှုလျှော့ချရေး | SEAFDEC / Japanese Trust Fund | ၂၀၁၃ မှ ၂၀၁၇ အထိ | တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ် |
| သတင်းရင်းမြစ် - ငါးလုပ်ငန်းဦးစီးဌာန | | | |

### အရှေ့တောင်အာရှငါးလုပ်ငန်း ဖွံ့ဖြိုးရေးဌာန (SEAFDEC)

အရှေ့တောင်အာရှ ငါးလုပ်ငန်းဖွံ့ဖြိုးရေးဌာန(SEAFDEC)သည် ၁၉၆၇ ခုနှစ်တွင်ဖွဲ့စည်းခဲ့သည့် အစိုးရအချင်းချင်း ပူးပေါင်းဆောင်ရွက်သော ကိုယ်ပိုင်အုပ်ချုပ်စီမံခန့်ခွဲခွင့်ရှိသည့် အဖွဲ့တစ်ခုဖြစ်သည်။ SEAFDECကောင်စီ၏၄၁ကြိမ်မြောက်အစည်းအဝေးတွင် အတည်ပြုထောက်ခံခဲ့သော လုပ်ငန်းတာဝန်တစ်ရပ်မှာ "နည်းပညာသစ်များမျှဝေပေးခြင်း၊ သုတေသနနှင့် သတင်းအချက်အလက်ဖြန့်ဝေခြင်းများမှတဆင့် ဆင်းရဲနွမ်းပါးမှုကိုလျှော့ချရန်၊ လူများအတွက် ဝမ်းစာဖူလုံရေးနှင့် အစားအစာဘေးအန္တရာယ်ကင်းရှင်းရေးကို ထောက်ကူပြုသည့်ဆည်းပေးရန်အတွက် သယံဇာတများကို ချင့်ချိန်သုံးစွဲခြင်းဖြင့် တိုးတက်မှုအလားအလာရှိသော ဒေသ၏ငါးလုပ်ငန်းကို ဖွံ့ဖြိုးတိုးတက်အောင် စီမံဆောင်ရွက်ရန်" ဖြစ်သည်။

SEAFDECကို အဖွဲ့ဝင် ၁၁ နိုင်ငံဖြင့် ဖွဲ့စည်းထားသည်။ ထိုနိုင်ငံများမှာ ဘရူနိုင်းဒါရုဆလန်၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ ဂျပန်၊ လာအို၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်္ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်တို့ဖြစ်သည်။ ထိုင်းနိုင်ငံတွင်ရှိသော အထွေထွေအတွင်းရေးမှူးဌာနမှတဆင့် လုပ်ငန်းတာဝန်များကိုဆောင်ရွက်ပြီး နည်းပညာပိုင်းဆိုင်ရာဌာန ၅ ခုရှိသည်။ ၎င်းတို့မှာ - သင်တန်းဌာန (TD)၊ ပင်လယ်ငါးလုပ်ငန်း သုတေသနနှင့်ဖွံ့ဖြိုးရေး (MFRD)၊ ငါးမွေးမြူရေးဌာန(AQD)၊ ပင်လယ်ငါးသယံဇာတ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲမှုဌာန(MFRDMD) နှင့် ကုန်းတွင်းငါးသယံဇာတ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စီမံခန့်ခွဲမှုဌာန (IFRDMD) တို့ဖြစ်သည်။

SEAFDEC သည် ငါးဖမ်းခြင်း၊ ငါးကိုင်တွယ်ခြင်း၊ ငါးဖမ်းသင်္ဘောများ ပင်လယ်ပြင်တွင် ဘေးအန္တရာယ်ကင်းရှင်းစွာ သွားလာရေးတို့နှင့်ဆိုင်သော သင်တန်းများကို ဆောင်ရွက်စီမံပေးသည်။

မြန်မာနိုင်ငံတွင် SEAFDEC ကပြုလုပ်သော သင်တန်းအများစုမှာ ငါးလုပ်ငန်းကဏ္ဍကိုအထောက်အကူပြုရန် ငါးလုပ်ငန်းဦးစီးဌာန၏ စွမ်းဆောင်ရည်ကို တည်ဆောက်ပေးခြင်းဖြစ်သည်။ လူမှုအဖွဲ့အစည်းအဆင့် ဆရာဖြစ်သင်တန်းများ၌ အိုင်အယ်လ်အိုစီမံကိန်းအနေဖြင့် SEAFDEC နှင့်ပူးပေါင်းဆောင်ရွက်ရန် အလားအလာရှိပါသည်။

### မြန်မာစားသုံးသူများသမဂ္ဂ

မြန်မာစားသုံးသူများသမဂ္ဂသည် အကျိုးအမြတ်မယူသော အဖွဲ့အစည်းဖြစ်ပြီး နိုင်ငံတကာစားသုံးသူအဖွဲ့၏အဖွဲ့ဝင်လည်းဖြစ်သည်။ အဖွဲ့သည် ပြီးခဲ့သည့်နှစ်များအတွင်းက အစားအစာ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ပတ်သက်ပြီး အသိပညာပေး စည်းရုံးလှုံ့ဆော်မှုများကို ဆောင်ရွက်ခဲ့သည်။ စေတနာ့ဝန်ထမ်းများဖြင့် စည်းရုံးလှုံ့ဆော်ပေးခြင်းနှင့် သင်တန်းများကိုလည်း ပြုလုပ်ခဲ့သည်။

### အစားအသောက်နှင့် ဆေးဝါး ကွပ်ကဲရေး (FDA) / ကျန်းမာရေးဌာန

FDA သည် အစားအစာဘေးအန္တရာယ်ကင်းရှင်းရေး၊ စားသောက်ကုန်အမျိုးမျိုးထုတ်လုပ်ရာတွင် ကုန်ထုတ်လုပ်မှုဆိုင်ရာ အလေ့အကျင့်ကောင်းများနှင့်ပတ်သက်၍ သင်တန်းများပေးခဲ့သည်။ အရင်းအမြစ်ဆိုင်ရာအခက်အခဲ အဟန့်အတားရှိသောကြောင့် ထောက်ပံ့ကူညီပေးမှုမှာ အကန့်အသတ်ဖြင့်ရှိသည်။

အထက်တွင်ဖော်ပြသကဲ့သို့ အစိုးရအေဂျင်စီအဖွဲ့များသည် ဝန်ဆောင်မှုပေးခြင်းတွင် ဦးဆောင်အခန်းကဏ္ဍမှ ရှိခဲ့သည်။ သမိုင်းအတွေ့အကြုံများအရ ပြည်သူ့ရန်ပုံငွေအများစုဖြင့် ဝန်ဆောင်မှုကိုပံ့ပိုးပေးရာတွင် ငွေကြေးအကျပ်အတည်းကြုံတွေ့ရပြီး ကျယ်ကျယ်ပြန့်ပြန့်နှင့် ထိထိရောက်ရောက်ထောက်ကူပေးရန် မတတ်နိုင်ခြင်းများကိုတွေ့ရသည်။ ဝန်ဆောင်မှု ပံ့ပိုးပေးခြင်းများအတွက် ပြင်ပအထောက်အပံ့ (သို့) အစိုးရငွေကြေး ထောက်ပံ့ပေးမှုအပေါ် မှီခိုရပြီး ငွေကြေးထောက်ပံ့မှုမရှိသောအခါ ပြိုလဲလေ့ရှိသည်။

လုပ်ငန်းပိုင်း (chain) ကို ကျယ်ကျယ်ပြန့်ပြန့် မြှင့်တင်ဆောင်ရွက်ရန်လိုအပ်သောအရင်းအမြစ်များ၊ ဝန်ဆောင်မှုများကိုရရှိရေးအတွက် တိုးမြှင့်လုပ်ဆောင်ရန်လိုအပ်ခြင်းအပြင် လုပ်ငန်းပိုင်း (chain) တွင်ရှိသော အလုပ်သမားများနှင့် ပါဝင်လုပ်ကိုင်သူများအားလုံးက ထုတ်လုပ်ခြင်း၊ ရယူသုံးစွဲခြင်းဆိုင်ရာ အလေ့အကျင့်ကောင်းများကို လက်ခံကျင့်သုံးရန် တိုက်တွန်းအားပေးခြင်းသည်လည်း အရေးကြီးပါသည်။

ဘဏ္ဍာရေးနှင့်မဆိုင်သော ဝန်ဆောင်မှုများကို အလွယ်တကူရယူနိုင်မည့်ပုံစံမရှိပါ။ ဆိုလိုသည်မှာ နေ့စဉ်လုပ်ငန်းလည်ပတ်မှုမှ ရရှိလာသောကျွမ်းကျင်မှုများနှင့် အသိပညာဗဟုသုတအသစ်များကို နောက်ဆက်တွဲကျင့်သုံးခြင်းနှင့် စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဝန်ဆောင်မှုများကို ဆည်းပူးရယူရန်လိုအပ်သည်။ ဝန်ဆောင်မှုများသည် ပါရှိပြီးသားဖြစ်စေ၊ အခငွေဖြင့်ဖြစ်စေ၊ အခမဲ့ဖြစ်စေလုပ်ငန်းများအနေဖြင့် ချက်ချင်းလက်ငင်း ဝင်ငွေအကျိုးသက်ရောက်မှုများရှိလာလျှင် ဝန်ဆောင်မှုများကို ပို၍လက်ခံလာမည်ဖြစ်သည်။ အရင်းအမြစ်နည်းပါးသော လုပ်ငန်းများအနေဖြင့် စွန့်စားလုပ်ဆောင်ရပြီး ရလဒ်အနေဖြင့် ကျင့်သုံးလုပ်ဆောင်ခြင်းနှင့် နည်းပညာပိုင်းနိမ့်ကျခြင်း၊ ဝယ်ယူနိုင်မှု/ရင်းနှီးမြှုပ်နှံမှုနည်းပါးခြင်းများ ဖြစ်ပေါ်လာသည်။ ထို့ကြောင့် အပြင်အဆင်ဒီဇိုင်းနှင့် ကုန်ပေးပို့ခြင်းဝန်ဆောင်မှုများသည် ဈေးကွက်ရှာဖွေခြင်း/ ဈေးကွက်ဝင်ရောက်ခြင်းနှင့် ချိတ်ဆက်မှုရှိသင့်ပါသည်။ ထို့အပြင် ပါဝင်လုပ်ကိုင်သူများ၏ ငွေသားစီးဆင်းမှုပုံစံ/စက်ဝန်းလည်ပတ်မှု၊ နည်းပညာအကျိုးကျေးဇူးကြောင့် ဝင်ငွေတိုးပွားရရှိခြင်းများကို သိမြင်နားလည်လာရန် လက်တွေ့ပြသဆောင်ရွက်သင့်ပါသည်။

# အပိုင်း (၆)
# ဝန်းကျင်ကို စွမ်းဆောင်နိုင်စွမ်းရှိစေခြင်း

အောက်ပါတို့မှာ ရေချိုငါးဖမ်းလုပ်ငန်းနယ်ပယ်၏ ဖွံ့ဖြိုးတိုးတက်မှုကို ဟန့်တားထားသည့် (သို့) မြှင့်တင်ဆောင်ရွက်ရန် အဓိကကိစ္စရပ်များ ဖြစ်သည်။

၁။ ၂၀၁၁ ခုနှစ် နိုဝင်ဘာလတွင် အပြည်ပြည်ဆိုင်ရာ ဥပဒေအကြံပေး (International Legal Consultant) ဖြစ်သူ Martin Tsamenyi သည် ရေချိုငါးလုပ်ငန်းဥပဒေ (၁၉၉၁) အား လေ့လာသုံးသပ်မှုကို ဆောင်ရွက်ခဲ့ပါသည်။ ၄င်းလေ့လာမှုအား FAO ၏စီမံကိန်းတစ်ရပ် ဖြစ်သော "ကမ်းရိုးတန်းဒေသ၊ ဒီရေတောဂေဟာစနစ်အတွင်း အသေးစားငါးဖမ်းဆီးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း" Sustainable Small Scale Fisheries and Aquaculture Livelihoods in Coastal Mangrove Ecosystems project (GCP/MYA/010/ITA) အနေဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ အောက်ပါအချက်အလက်များသည် ILO ၏ တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်းအစီအစဉ်အတွက် အဓိကကျသောတွေ့ရှိချက်များနှင့် အကြံပြုချက်များဖြစ်ပါသည်။

- ၄င်းဥပဒေသည် အခြေခံအားဖြင့် စီးပွားရေးလုပ်ငန်းများအတွက် လိုအပ်သောမူဘောင်များကို ရေးဆွဲထားပြီး ထိန်းသိမ်းရေး (conservation) နှင့် လူမှုရေးဆိုင်ရာ စဉ်းစားဆင်ခြင်ခြင်း (social consideration) ကဲ့သို့သော ခေတ်မီသည့် တာဝန်ခံမှုရှိသော ရေလုပ်ငန်း (modern responsible fishery) ဆိုင်ရာနှင့်ပတ်သက်သော အချက်အလက်အနည်းငယ်သာ ပါရှိပါသည်။ ၄င်းဥပဒေ အား FAO မှ ပြဋ္ဌာန်းထားသော တာဝန်ခံမှုရှိသော ရေလုပ်ငန်းအတွက် Code of Conduct မှ အဓိကကျသောအချက်အလက်များအား ပေါင်းစပ်ဖြည့်စွက်ခြင်းဖြင့် ပြုပြင်မွမ်းမံနိုင်ပါသည်။
- ရေချိုငါးလုပ်ငန်းဥပဒေသည် အခြေခံကျသောမူဘောင်များဖြင့် ရာထူးအဆင့်အလိုက် ဆောင်ရွက်ရမည့် အုပ်ချုပ်မှုလုပ်ငန်းများအား အသေးစိတ်ပြဋ္ဌာန်းထားပါသည်။ ၁၉၉၂ ခုနှစ် နောက်ပိုင်းတွင် ၁၉၉၉ ခုနှစ်တွင်ထုတ်ပြန်ထားသော ရေချိုငါးလုပ်ငန်းဆိုင်ရာလုပ်ထုံးလုပ်နည်း (နည်းဥပဒေ) တစ်ခုသာရှိပါသည်။ ၄င်းနည်းဥပဒေ (လုပ်ထုံးလုပ်နည်း) တွင် ငါးလုပ်ငန်းလိုင်စင်၊ အင်းဂရံလိုင်စင်နှင့် ငွေကြေးစီမံခန့်ခွဲမှုဆိုင်ရာတင်ပြလျှောက်ထားခြင်းဆိုင်ရာအခြေခံလုပ်ထုံးလုပ်နည်းများအား ဖေါ်ပြထားပါသည်။ အသေးစိတ်အကောင်အထည်ဖေါ်ဆောင်ရွက်ရေး လုပ်ထုံးလုပ်နည်းများအား အခါအားလျော်စွာထုတ်ပြန်ထားသော ငါးလုပ်ငန်းဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းနှင့် ကြေညာစာများအား လိုက်နာဆောင်ရွက်ရန် ရည်ညွှန်းထားပါသည်။
- ငါးလုပ်ငန်းဆိုင်ရာ ပူးတွဲစီမံခန့်ခွဲမှု နည်းစနစ် (Fishery Co-management) အား မိတ်ဆက်ပေးခြင်းဖြင့် လက်ရှိရေလုပ်ငန်းဆိုင်ရာ ပြဋ္ဌာန်းချက်များအား လိုက်နာကျင့်သုံးစေရေးအတွက် အထောက်အပံ့ရစေမည်ဖြစ်ပါသည်။ ငါးလုပ်ငန်းပူးတွဲစီမံခန့်ခွဲမှုနည်းစနစ်သည် ပိုမိုကောင်းမွန်သော အသုံးပြုသူအုပ်စု (User Groups) နှင့် အရင်းအမြစ်များဖေါ်ထုတ်ရေးနှင့် အထူးသဖြင့် ပိုမိုကောင်းမွန်သော ကာကွယ်စောင့်ရှောက်မှုနှင့် တည်ဆဲဥပဒေများအား လိုက်နာကျင့်သုံးတတ်သောသဘောထားအမြင်တို့ကို ရရှိစေမည်ဖြစ်ပါသည်။

၂။ ကျေးလက်လူထုနှင့်ပူးပေါင်းပြီး ရေလုပ်ငန်းပူးတွဲစီမံခန့်ခွဲရေးနည်းစနစ်အား အကောင်အထည်ဖေါ်ဆောင်ရွက်ရန် ရေချိုငါးလုပ်ငန်းဥပဒေနှင့် အခြားသောလုပ်ထုံးလုပ်နည်းများတွင် ပြဆိုထားခြင်းမရှိသေးသော်လည်း ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသအတွင်းရှိ အချို့သောငါးလုပ်ငန်း တင်ဒါပိုက်ချက်ရေပြင်များအား "အထူးစီမံခန့်ခွဲမှုဧရိယာများ" (Secial Management Area – SMAs) များအဖြစ် ငါးလုပ်ငန်းဦးစီးဌာနမှ သတ်မှတ်ပြဋ္ဌာန်းပြီး၊ ကျေးလက်လူထုနှင့် ပူးပေါင်းစီမံခန့်ခွဲစေခြင်းအား LIFT စီမံကိန်းအစီအစဉ်ဖြင့် ဆောင်ရွက်နိုင်ခဲ့ပါသည်။ ၄င်းနေရာများတွင် တည်ဆဲရေချိုငါးလုပ်ငန်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ငါးလုပ်ငန်းဦးစီးဌာနမှထုတ်ပြန်ထားသော လုပ်ထုံးလုပ်နည်းများ၊ နည်းဥပဒေများအား လိုက်နာသည့်အပြင် သီးခြားထပ်မံသတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများကိုပါ ထည့်သွင်းထားပါသည်။ ၄င်းသဘောတူညီချက်အရ ကျေးလက်လူထုသည် ၄င်းတို့၏ကျေးရွာပိုင်နက်အတွင်းရှိ ငါးလုပ်ငန်းအရင်းအမြစ်များအား စီမံခန့်ခွဲရန် လုပ်ပိုင်ခွင့်ရရှိကြပါသည်။ "အထူးစီမံခန့်ခွဲမှုဧရိယာများ" (Secial Management Area – SMAs) များအနေဖြင့် စီမံကိန်းမှပံ့ပိုးကူညီမှုများဖြင့် ၄င်းဧရိယာများအတွင်းနေထိုင်သော ကျေးလက်လူထုမှ ၄င်းဧရိယာများအား စီမံအုပ်ချုပ်ရန် ငါးလုပ်ငန်းဦးစီးဌာနမှ တရားဝင်ကြေညာနိုင်ပါသည်။ (နောက်ဆက်တွဲ (က): LIFT စီမံကိန်း၏ ရေလုပ်ငန်းဆိုင်ရာအစီရင်ခံစာ (Fishery Working Paper, LIFT Project)

၃။ အမေရိကန်နှင့် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများကဲ့သို့သော ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ရေရှည်တည်တံ့ခိုင်မြဲသော ပင်လယ်ရေထွက်ကုန်များဖြစ်ရန် လိုလားတောင်းဆိုမှုများ မြင့်တက်လျက်ရှိသည်။ ရာသီဥတုပြောင်းလဲမှု၊ ဝယ်ယူသူများအတွက် လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တာဝန်ယူမှုအတွက် တိုက်တွန်းဖိအားပေးလာခြင်းများအရ ကျယ်ပြန့်သောဧရိယာအတွင်း သဘာဝပတ်ဝန်းကျင် ဂေဟာစနစ်များကိုအလေးထားသော ရေရှည်တည်တံ့ခိုင်မြဲသည့် ငါးဖမ်းခြင်းအလေ့အကျင့်များ ဖြစ်လာစေရေးသည် အလွန်အရေးကြီးပါသည်။ အသေးစားလုပ်ငန်းများသည် ဈေးကွက်ဝင်ရောက်ရန်လိုအပ်ချက်များ၊ စံနှုန်းများနှင့်ကိုက်ညီရန် သေချာလုပ်ဆောင်သင့်ပါသည်။ ဦးဆောင်စီးပွားရေးလုပ်ငန်းများနှင့် မိတ်ဖက်ပြုခြင်းအပါအဝင် ဈေးကွက်အခြေပြု ကုန်ပစ္စည်းပေးပို့ခြင်း ယန္တရားများနှင့် ဘက်စုံဖြည့်ဆည်းထောက်ပံ့ပေးခြင်း ပုံစံများကို ကျင့်သုံးရန်လိုအပ်ပါသည်။ စံနှုန်းများ၊ ရေရှည်တည်တံ့ခိုင်မြဲသော ထုတ်လုပ်ခြင်းများကို လိုက်နာဆောင်ရွက်ခြင်းတွင် တိုးတက်ကောင်းမွန်သော အခြေခံအဆောက်အအုံများနှင့် ဘဏ္ဍာရေးဝန်ဆောင်မှုရရှိခြင်းသည်လည်း အလွန်အရေးကြီးပါသည်။

၄။ ၂၀၁၃ ခုနှစ်တွင် အနည်းဆုံးအခကြေးငွေဥပဒေကို အတည်ပြုပြီးခဲ့သော်လည်း အနည်းဆုံးအခကြေးငွေကို သတ်မှတ်နိုင်ခြင်းမရှိသေးပါ။ ဥပဒေအနေဖြင့်ကဏ္ဍ (သို့) လုပ်ငန်းနယ်ပယ်အနည်းဆုံးအခကြေးငွေကို ခွင့်ပြုသော်လည်း ထိုချဉ်းကပ်ဆောင်ရွက်မှုကို

ကြိုတင်ကောက်ချက်ချခြင်းမပြုပေ။ အခြားပေါင်းစပ်ခြင်းများနှင့် အတူ မြို့ပြနှင့်ကျေးလက်ဒေသအနည်းဆုံးအခကြေးငွေမှာနှုန်းထားတစ်ခုတည်းလည်းဖြစ်နိုင်ပါသည်။ ၂ နှစ်တစ်ခါ ခေတ်နှင့်လျော်ညီအောင် မွမ်းမံပြင်ဆင်မည့်ဥပဒေအရ မြန်မာအစိုးရသည် အမျိုးမျိုးကွဲပြားသော လုပ်ငန်းနယ်ပယ်များအတွက် အနည်းဆုံးအခကြေးငွေညှိနှုန်းကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ပါသည်။

မြန်မာနိုင်ငံတွင် အလုပ်သမားနှင့်ပတ်သက်သော ဥပဒေအများအပြားရှိပါသည်။ သို့သော် ဥပဒေအများစုမှာ ပြည့်စုံမှုမရှိသလို ခေတ်နှင့်မလျော်ညီပါ။ အချို့ဥပဒေများကို ဆက်လက်ကျင့်သုံးနေသေးသော်လည်း အစိုးရသည် မြန်မာနိုင်ငံတွင် စီးပွားရေးနှင့် အလုပ်အကိုင်အခြေအနေများတွင် ပြောင်းလဲဆောင်ရွက်မှုများကို ထင်ဟပ်ဖော်ပြနိုင်ရန် ထိုဥပဒေများကို ခေတ်နှင့်လျော်ညီအောင် ပြင်ဆင်ရေးဆွဲခြင်းများကို စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ အလုပ်အကိုင်အခြေအနေများ တိုးတက်ကောင်းမွန်ခြင်းသည် ကုန်ထုတ်စွမ်းအားတိုးတက်ခြင်းကို ဖြစ်ပေါ်စေပြီး အကျိုးဆက်အားဖြင့် ဈေးကွက်ယှဉ်ပြိုင်မှုကို တိုးတက်စေပါသည်။

၅။ မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းလုပ်ကိုင်ရန်လမ်းညွှန်(အတွဲ ၅/၂၀၁၃)မှ ဆောင်းပါးတစ်ခုအရ မြန်မာနိုင်ငံတွင် အထူးသဖြင့် အောက်ခြေအဆင့်တွင် အလုပ်သမားထွက်နှုန်းမှာ အလွန်မြင့်မားသည်။ အကြောင်းမှာ လုပ်ခလစာနိမ့်ပြီး အချိန်ကြာမြင့်စွာ လုပ်ကိုင်ရခြင်းကြောင့်ဖြစ်သည်။ အလုပ်ထွက်နှုန်းကို လျှော့ချရန်ကြိုးပမ်းရာတွင် ငါးလုပ်ငန်းကဏ္ဍတွင်ရှိသော အချို့ကုမ္ပဏီများသည် ကာလရှည်လုပ်ကိုင်လာသော အလုပ်သမားများကို အသိအမှတ်ပြုအစီအစဉ် စတင်ဆောင်ရွက်ပေးနေပြီး သင်တန်းအစီအစဉ်အပါအဝင် အစားအစာနှင့် သွားလာရေးထောက်ပံ့စရိတ်များလည်း ဖြည့်ဆည်းပေးသည်။

ငါးဖမ်းရေလုပ်သားများ၊ ပြုပြင်ထုပ်လုပ်သည့်စက်ရုံရှိ အလုပ်သမားများ၊ အစားအသောက်ကိုင်တွယ်လုပ်ကိုင်သူများအတွက် သင်တန်းပေးမည့်အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍနှစ်ခုလုံးတွင်ထောက်ပံ့ပေးသူများနှင့် အသက်မွေးမှုသင်တန်းကျောင်းများ မရှိခြင်းကြောင့် ကျွမ်းကျင်အလုပ်သမားမရှိခြင်း၊ အလုပ်သမားများကို အရေးပါသည့်နေရာများ မပေးနိုင်ခြင်းဖြစ်ပေါ်စေသည်။ ကုမ္ပဏီနှင့် ပညာရေးဆိုင်ရာအဖွဲ့အစည်းများတွင်ရှိသော အလုပ်သင်အစီအစဉ်များမှာ လက်တွေ့နည်းလမ်းမကျပါ။ အလုပ်လုပ်ကိုင်နေသော အသက်အရွယ်အုပ်စုအများစုမှာ လိုအပ်သောအရည်အချင်းများမရှိခြင်းကြောင့် အလုပ်အကိုင်ခန့်အပ်မှုအဆင့်တွင် အောက်ခြေအဆင့်မှ စတင်လုပ်ကိုင်ရသည်။ ကုမ္ပဏီများသည် ၎င်းတို့အလုပ်သမားများအတွက် သင်တန်းပေးခြင်းကို တာဝန်ယူဆောင်ရွက်သည်။

၆။ အရှေ့တောင်အာရှနိုင်ငံများအသင်း (ASEAN) နှင့် ကုန်သွယ်မှုမိတ်ဖက်ခြောက်နိုင်ငံသည် ဤနှစ်အတွင်းတွင် ဒေသတွင်းစီးပွါးရေးလုပ်ငန်းများအတွက် ပိုမိုကြီးမားသော ဈေးကွက်အသစ်ပွင့်လင်းရန်ရည်ရွယ်ချက်ဖြင့် ကုန်သွယ်မှုလွတ်လပ်ခွင့်သဘောတူ

| ဇယား ၁၈။ မြန်မာနိုင်ငံရှိအလုပ်သမားများ၏ လစဉ်ပျမ်းမျှလုပ်ခလစာရရှိမှု ၊ ၂၀၁၃ | |
|---|---|
| ရာထူးအဆင့် | လစဉ်ပျမ်းမျှလုပ်ခလစာ (US$) |
| ကျွမ်းကျင်မှုမလိုသောအလုပ်သမားများ (အတွေ့အကြုံမရှိ) | ၇၀ - ၁၂၀ |
| ကျွမ်းကျင်မှုမလိုသောအလုပ်သမားများ (အတွေ့အကြုံရှိ) | ၁၂၀ - ၃၂၀ |
| ရုံးဝန်ထမ်း (အတွေ့အကြုံမရှိ) | ၁၂၀ - ၃၂၀ |
| ရုံးဝန်ထမ်း (အတွေ့အကြုံရှိ) | ၂၀၀– ၅၀၀ |
| သတင်းရင်းမြစ် - Sai Tip, မြန်မာနိုင်ငံရှိ အလုပ်သမားဈေးကွက် (မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းလုပ်ကိုင်ရန်လမ်းညွှန်) (အတွဲ ၅/၂၀၁၃) | |

စာချုပ်တစ်ခုဖြစ်သော ဒေသတွင်း ပြည့်စုံကောင်းမွန်သော စီးပွါးရေးမိတ်ဖက်ပြုမှု ( Regional Comprehensive Economic Partnership (RCEP)) ကို သဘောတူလက်မှတ်ရေးထိုးရန် ဦးတည်ရည်မှန်းထားကြသည်။ အာဆီယံစီးပွားရေးပေါင်းစည်းမှု၏ အလုံးစုံသောရည်မှန်းချက်မှာ အာဆီယံစီးပွားရေးအသိုက်အဝန်း (AEC) အပြည့်အဝပေါ်ထွန်းလာရေးဖြစ်သည်။ အာဆီယံစီးပွါးရေးအသိုက်အဝန်းဟုဆိုရာ၌ ဒေသသည် တစ်ခုတည်းသောဈေးကွက်နှင့် ထုတ်ကုန်အခြေပြု ယှဉ်ပြိုင်မှုရှိသောဒေသ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု သာတူညီမျှရှိသောဒေသနှင့် ကမ္ဘာလုံးစီးပွားရေးအတွင်းသို့ အပြည့်အဝပေါင်းစည်းဝင်ရောက်နိုင်သည့် ဒေသဖြစ်လာမည်။ AEC စတင်သည့်အခါ စီးပွားရေးမှာ အလွန်အမင်းပွင့်လန်းသွားမည်ဖြစ်ပြီး ကုန်သွယ်မှုအတားအဆီးဖြစ်သည့် အကောက်ခွန်နှင့် အခြားကန့်သတ်မှုများ ကင်းလွတ်သွားမည်ဖြစ်သည်။ အာဆီယံသည် တစ်ခုတည်းသောဈေးကွက်နှင့် ထုတ်ကုန်အခြေပြုသည့် ရည်ရွယ်ချက်ပန်းတိုင်အောင်မြင်ရန် စီးပွါးရေးကို ဖြေလျှော့ရမည်ဖြစ်သည်။ သို့သော် အာဆီယံဒေသတွင်းရှိ ရေချိုငါးထုတ်လုပ်သောနိုင်ငံများအကြားတွင် ယှဉ်ပြိုင်မှုတိုးပွါးလာမည်ဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံရှိ ရေချိုငါးလုပ်ငန်းကဏ္ဍ၏ဈေးနှုန်းနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုကို တိုးတက်အောင်လုပ်ဆောင်ရန် အလွန်လိုအပ်ပါသည်။

# အပိုင်း (၇)
# ယှဉ်ပြိုင်မှုလမ်းညွှန်များ

## က။ အဟန့်အတားနှင့် အခွင့်အလမ်းများ

ရေချိုငါးဖမ်းလုပ်ငန်းကဏ္ဍငယ်၏ စီးပွားရေးဆိုင်ရာ အလားအလာရှိသော စွမ်းဆောင်ရည်များအား အပြည့်အဝရရှိခံစားနိုင်ရန် ရေလုပ်ငန်းဆိုင်ရာအရင်းအမြစ်များအား ရေရှည်တည်တံ့သော ဖမ်းဆီးထုတ်လုပ်မှုနှင့် ဈေးကွက်တင်ရောင်းချရေးတို့အတွက် တာဝန်ယူနိုင်စွမ်းအားကို မြင့်မားလာအောင် ဘက်စုံမြှင့်တင်ပေးရန်လိုအပ်ပါသည်။ လူမှုဘဝနှင့် လုပ်သားများအားလည်း ပိုမိုလုံခြုံမှုရှိစေခြင်းဖြင့် ရေလုပ်ငန်းလုပ်ကိုင်နေသော ပြည်သူများအနေဖြင့် ၎င်းကိုယ်တိုင် သဘာဝအခြေခံအရင်းအမြစ်များ တိုးပွားမြင့်မားလာစေရန် ရင်းနှီးလာကြမည်ဖြစ်သည့်အတွက် အရင်းအနှီးများ တိုးပွားလာမည်ဖြစ်ပါသည်။ အခြားတဖက်တွင်လည်း ပြုပြင်ထုတ်လုပ်ရေးစက်ရုံများအနေဖြင့် လက်ရှိရရှိထားသော ပြည်တွင်းဈေးကွက်သာမက ပြည်တွင်း/ပြည်ပဈေးကွက်နှစ်မျိုးလုံးအား တိုးမြှင့်တင်ပို့နိုင်ခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုတိုးတက်ရရှိလာမည့်အပြင် စက်ရုံများအနေဖြင့် အပြည်ပြည်ဆိုင်ရာစံနှုန်းများနှင့်ကိုက်ညီသော ထုတ်ကုန်များထုတ်လုပ်ရန် တွန်းအားဖြစ်ပေါ်လာမည်ဖြစ်ပြီး၊ ကုန်းတွင်းပိုင်း ရေချိုငါးလုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် သင့်တင့်လျောက်ပတ်သော အလုပ်များအား ပိုမိုစွဲမြဲစွာလက်ခံကျင့်သုံးရေးအတွက်အထောက်အပံ့ဖြစ်စေမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် ရေလုပ်ငန်းကဏ္ဍမှ စီးပွါးရေးပိုမိုမြှင့်တင်ဆောင်ရွက်နိုင်ရန်မှာ အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းများနှင့်ကိုက်ညီသော ရေထွက်ပစ္စည်းများအား ထုတ်လုပ်ပြီး ဈေးကွက်အသစ်များသို့ဝင်ရောက်ရန်နှင့် လက်ရှိရရှိထားသောဈေးကွက်များအား တိုးချဲ့ရန်လိုအပ်မည်ဖြစ်ပါသည်။ ထိုသို့ဈေးကွက်ချဲ့ထွင်ခြင်းကြောင့် လုပ်သားလိုအပ်ချက်များ ပိုမိုလာမည်ဖြစ်ပြီး၊ လုပ်သားဈေးကွက် ခိုင်မြဲလာစေမည်ဖြစ်ပါသည်။ ထိုသို့လုပ်သားဈေးကွက် ခိုင်မြဲကြပ်တည်းလာခြင်းကြောင့် ကျွမ်းကျင်မှုအသင့်အတင့်ရှိသော လုပ်သားများနှင့် ကျွမ်းကျင်မှုမရှိသော လုပ်သားများအတွင်း ပြိုင်ဆိုင်မှုမြင့်မားလာပြီး လစာနှုန်းမြင့်မားသော ရာသီစားလုပ်သားများနှင့် သာမန်နေ့စားလုပ်သားများအား ခွဲခြားခန့်ထားရေးဆိုင်ရာ ဝန်ထမ်းဖွဲ့စည်းပုံဖြစ်ပေါ်လာရေးအတွက် ပံ့ပိုးတွန်းအားပေးသွားမည်ဖြစ်ပါသည်။ ကြီးမားသောပြည်ပပို့ကုန်ထုတ်လုပ်သည့် လုပ်ငန်းများအနေဖြင့်လည်း လစာနှုန်းမြင့်မားသော အလုပ်အကိုင်များ ပိုမိုချဲ့ထွင်နိုင်လာမည့်အပြင် ပိုမိုကောင်းမွန်သော လုပ်ငန်းခွင်အခြေအနေအားလည်း ဖန်တီးပေးနိုင်မည်ဖြစ်ပါသည်။ အကြောင်းမှာ လက်ရှိတွင် လုပ်ခလစာအတွက် ကုန်ကျစရိတ်သည် စုစုပေါင်းထုတ်လုပ်မှုကုန်ကျစရိတ်၏ အနည်းငယ်သောအချိုးအစားသာ ရှိနေသည့်အတွက် ကြုံတွေ့လာနိုင်သည့် ပြင်ပအဖွဲ့အစည်းများမှ အသေးစိတ်စစ်ဆေးခြင်းကိုခံယူရာတွင် မြင့်မားသောဂုဏ်သတင်းရရှိမှုကို ပျက်ပြယ်စေနိုင်သည့်အတွက် ဖြစ်ပါသည်။

<table>
<tr><th colspan="2">ဇယား ၁၉။ အဟန့်အတားများနှင့် အခွင့်အလမ်းများ</th></tr>
<tr><th>အခွင့်အလမ်းများ</th><th>အဟန့်အတားများ</th></tr>
<tr><td colspan="2">သွင်းအားစုဖြည့်ဆည်းမှုများ</td></tr>
<tr><td>ရေခဲဖြန့်ဖြူးခြင်းနှင့်လက်လီရောင်းခြင်းတွင် လုပ်ငန်းခွင်အခြေအနေနှင့် ကျွမ်းကျင်မှုများတိုးတက်မှုရှိလျှင် ညစ်ညမ်းမှုနှင့် အလေအလွင့်ဖြစ်မှုကိုလျှော့ချနိုင်ပြီး ရေခဲရိုက်/အေးခဲသည့်စနစ်များလည်း အကျိုးရှိ တိုးတက်ကောင်းမွန်လာမည်ဖြစ်သည်။</td><td>ရေခဲဖြန့်ဖြူးခြင်းနှင့်လက်လီရောင်းချခြင်းများတွင် ကောင်းမွန်သော အလုပ်သမားရေးရာ အလေ့အကျင့်များ(GLP)၊ အစားအစာ ဘေးအန္တရာယ် ကင်းရှင်းရေး စံနှုန်းစသည်တို့ကို သိရှိလိုက်နာမှုမရှိခြင်း၊ အားနဲခြင်း။ အလုပ်သမား အများစုသည် ရေခဲကိုသန့်ရှင်းစွာ ကိုင်တွယ်နည်း၊ လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့်ကျန်းမာရေး (OSH)သင်တန်းများ မတက်ရောက်ဖူးခြင်း</td></tr>
<tr><td colspan="2">လုပ်ငန်းခွင်အခြေအနေညံ့ဖျင်းခြင်းနှင့် သန့်ရှင်းမှုမရှိသော ရေခဲကိုင်တွယ်ခြင်းများသည် ညစ်ညမ်းမှုနှင့် အလေအလွင့်ကိုဖြစ်ပေါ်စေပြီး ထုတ်လုပ်မှုကုန်ကျစရိတ်လည်း မြင့်တက်စေကာ လုပ်ငန်းတွင်ပါဝင်လုပ်ကိုင်သူများနှင့် အလုပ်သမားများ၏ဝင်ငွေရှာဖွေမှုကို အလွန်ထိခိုက်စေသည်။ လုံခြုံသန့်ရှင်းစွာမကိုင်တွယ်ထားသည့် ရေခဲများသည် ရေခဲ၏တာရှည်မပျက်ဆီးအောင် ထိန်းသိမ်းထားနိုင်သည့်ဂုဏ်သတ္တိအား ပြောင်းလဲစေပြီး ငါးများ၏အရည်အသွေး လျှင်မြန်စွာကျဆင်းစေရန် အားပေးမည်ဖြစ်သည်။ ရေခဲကိုင်တွယ်ဖြန့်ဖြူးရာတွင် ဘေးအန္တရာယ်ရှိသော ညံ့ဖျင်းသည့်လုပ်ငန်းခွင်အခြေအနေသည် စက်ရုံလုပ်သားများ၊ ရေခဲကိုင်တွယ် အသုံးပြုသူများနှင့် စားသုံးသူများအား ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာလုံခြုံမှုတွင် ချို့ယွင်းအားနည်းမှုများဖြစ်ပေါ်စေပြီး ဘေးအန္တရာယ်ကျရောက်လာစေနိုင်ပါသည်။<br><br>လုပ်ငန်းခွင်ဘေးကင်းရေးနှင့် ကျန်းမာရေး (OSH) အား အကောင်အထည်ဖေါ်ဆောင်ရွက်ခြင်းဖြင့် စီးပွားရေးစွမ်းဆောင်ရည်မြင့်မားခြင်းနှင့် ရေခဲလက်လီရောင်းချသူများအနေဖြင့် အောက်ပါအချက်များပါဝင်သော အကျိုးအမြတ်များကို ရရှိကြမည်ဖြစ်ပါသည်။<br>- လုပ်ငန်းခွင်အတွင်း ဖျားနာမှုကျဆင်းလာခြင်း။<br>- လုပ်ငန်းခွင်အတွင်း မတော်တဆဖြစ်မှုများကြောင့် ကုန်ကျရသည့်ကုန်ကျစရိတ်များ လျော့နည်းလာခြင်း။<br>- လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်ရန်အတွက် စွဲဆောင်မှုဆိုင်ရာ ကုန်ကျစရိတ်များအားလျော့ချနိုင်ခြင်း။</td></tr>
</table>

<table>
<tr><th colspan="2">ဇယား ၁၉။ အဟန့်အတားများနှင့် အခွင့်အလမ်းများ</th></tr>
<tr><th>အခွင့်အလမ်းများ</th><th>အဟန့်အတားများ</th></tr>
<tr><td colspan="2">သွင်းအားစုဖြည့်ဆည်းမှုများ</td></tr>
<tr><td colspan="2">- လုပ်ငန်းခွင်ဝင်ရောက်ရန်ပျက်ကွက်မှုနှင့် အစားထိုးခန့်ထားရခြင်းဆိုင်ရာ လုပ်သားစရိတ်များအားလျှော့ချနိုင်ခြင်း။<br>- လုပ်သားများ၏စိတ်ဓါတ်၊ တွန်းအားပေးမှု၊ ကတိကဝတ်နှင့် ထိတွေ့ဆက်ဆံမှုမြင့်မားလာပြီး၊ အဆင့်မြင့်မားသော လုပ်သားတို့၏ကုန်ထုတ်လုပ်မှုစွမ်းအား ရရှိလာခြင်း။<br>- more efficient work processes ပိုမိုစွမ်းအားရှိသော လုပ်ငန်းအဆင့်များ။<br>- ပိုမိုကောင်းမွန်သည့် ပျက်ဆီးဆုံးရှုံးစေမည့် အလားအလာများအား ကိုင်တွယ်စီမံခန့်ခွဲမှု ။<br>- ပိုမိုမြင့်မားလာသော စီးပွားရေးဆိုင်ရာ ဂုဏ်သတင်းကျော်ဇောမှု။</td></tr>
<tr><td>အဆင့်မြင့်မားသော ပြုပြင်မွမ်းမံထားသည့် ငါးဖမ်းကိရိယာများကြောင့် စက်သုံးဆီစရိတ်လျှော့ကျခြင်း၊ ဘေးကင်းလုံခြုံမှုရှိခြင်းနှင့် ကုန်းတွင်းပိုင်း ငါးလုပ်ငန်းသယံဇာတများအား အလွန်အကျွံဖမ်းဆီးထုတ်ယူခြင်းများအား လျှော့ချနိုင်မည်ဖြစ်ပါသည်<br><br>SEAFDEC အဖွဲ့အနေဖြင့် အဖွဲ့ဝင်နိုင်ငံများအတွက် ဆရာဖြစ်သင်တန်းများအား ပို့ချပေးနိုင်ပါသည်။</td><td>ရေလုပ်သားများအနေဖြင့် လက်ငင်းငွေချေစနစ်ဖြင့်ဝယ်ယူပြီး ငါးဖမ်းကိရိယာများအား အစားထိုးရန် မတတ်နိုင်ကြပါ။<br><br>ငါးဖမ်းပိုက်နှင့် ငါးဖမ်းကိရိယာ ဖြန့်ဖြူးသူများနှင့် (အမျိုးသမီးများအပါအဝင်) ငါးဖမ်းပိုက် တပ်ဆင်ချုပ်လုပ်သူများအနေဖြင့် လက်ရှိငါးဖမ်းကိရိယာများအတွက် ထုတ်ပြန်ထားသော စည်းမျဉ်းစည်းကမ်းများနှင့် ငါးဖမ်းကိရိယာများ၏ ရွေးချယ်ထိမိစေရန် ပုံစံထုတ်တည်ဆောက်ထားမှု အနှစ်သာရများအား နားလည်သိရှိမှုအားနည်းခြင်း။<br><br>အမျိုးသမီးများ၏ ငါးဖမ်းပိုက်တပ်ဆင်၊ ပြုပြင်၊ ဖာထေးခြင်းလုပ်ငန်းများအား တန်ဖိုးထားမှုမရှိခြင်း။<br><br>ရေလုပ်ငန်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများအား လိုက်နာခြင်းဖြင့် ငွေကြေးအကျိုးအမြတ်ရရှိကြောင်းကို ရေလုပ်သားများနှင့် ငါးဖမ်းပိုက်တတ်ဆင်သူများမှ နားလည်သဘောပေါက်မှုမရှိခြင်း။</td></tr>
<tr><td colspan="2">ပိုမိုသေးငယ်အောင် ပြုပြင်လာကြခြင်းဖြစ်သည်။ တံငါသည်များ၊ ငါးဖမ်းကိရိယာ တင်သွင်းဖြန့်ဖြူးသူများနှင့် ကျေးရွာအဆင့် ပိုက်ဆင်/ပိုက်ဖာ ပြုပြင်သူအများအပြားသည် ငါးပိုမိုထိမိစေရေးကိုသာ အဓိကထားပြီး ငါးလုပ်ငန်းသယံဇာတများအပေါ်တွင် ဖြစ်ပေါ်လာမည့် သက်ရောက်မှုများအား ဂရုပြုစဉ်းစားခြင်းမရှိဘဲ ငါးဖမ်းကိရိယာများအား အဆင့်မြှင့်တင်ကြပါသည်။ ထိုသို့ဆောင်ရွက်ခြင်းသည် ငါးဖမ်းကိရိယာများအတွက်ထုတ်ပြန်ထားသော စည်းမျဉ်းစည်းကမ်းများအား သိရှိနားလည်လိုက်နာမှုမရှိခြင်း၊ ငါးဖမ်းကိရိယာများ၏ ရွေးချယ်ဖမ်းဆီးနိုင်မှုကြောင့် ရရှိမည့်အကျိုးအမြတ်များအား သိရှိမှုအားနည်းခြင်း၊ သဘာဝပတ်ဝန်းကျင်အား ထိခိုက်ပျက်စီးမှုနည်းပါးသောငါးများအား ရွေးချယ်ဖမ်းဆီးခြင်းဆိုင်ရာ နည်းပညာမြှင့်တင်ဆောင်ရွက် ထားသော ငါးဖမ်းကိရိယာများကို သိရှိမှုမရှိခြင်းများသို့ ရောက်ရှိသွားစေပါသည်။<br><br>ငါးဖမ်းကိရိယာအသစ်များကို ဝယ်ယူရာတွင် လက်ငင်းငွေခြေစနစ်ဖြင့်သာ ဝယ်ယူရရှိနိုင်ပါသည်။ တံငါသည်အများစုသည် ထိုကဲ့သို့သော ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန် ငွေကြေးအရင်းအနှီး မတတ်နိုင်ကြသည့်အပြင် ၄င်းတို့အား ငွေချေးငှားပေးနိုင်မည့် တရားဝင်ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများထံမှလည်း ရယူနိုင်စွမ်းမရှိကြပါ။ အများအားဖြင့် ၄င်းတို့သည် အတိုးနှုန်းမြင့်မားစွာရယူလေ့ရှိသော တရားမဝင် ငွေချေးငှားသူများထံသို့ ငွေချေးယူရန် ချဉ်းကပ်ကြလေ့ရှိပါသည်။ သို့ဖြစ်ရာ ငါးဖမ်းကိရိယာ၏တန်ဖိုးမှာ ပေါက်ဈေးထက် ၂ ဆခန့် ပိုမိုမြင့်တက်သွားသည့်အပြင် တံငါသည်များအနေဖြင့် ငါးပိုမိုဖမ်းဆီးရမည့်ဖိအားလည်း မြင့်တက်လာပါသည်။<br><br>ငါးဖမ်းကိရိယာများအား ပြုပြင်၊ ပြင်ဆင်၊ ဖာထေးပေးသော အမျိုးသမီးများအနေဖြင့် တခါတရံတွင် ၄င်းတို့အား လုပ်ငန်းအထောက်အကူပြုသူများ(supportive) အဖြစ်မှ လျစ်လျူရှုခံရခြင်း၊ (ignore)၊ သို့မဟုတ် အရေးမပါသော (insignificant) သူများအဖြစ် သတ်မှတ်ခံရလေ့ရှိပြီး ၄င်းတို့စိုက်ထုတ်ရသောလုပ်အားကို ငွေကြေးဖြင့်သာ တန်ဖိုးဖြတ်ပေးခြင်း ခံရလေ့ရှိပါသည်။ တခါတရံတွင် ၄င်းတို့၏ဆုံးဖြတ်ချက်ချမှတ်ခြင်းအပိုင်းကို သင့်လျော်သော အကဲဖြတ်သုံးသပ်ခြင်းများ နည်းပါးသည်ကို တွေ့ရပါသည်။ အမျိုးသမီးများသည် မိသားစုဝင်များနှင့် အိမ်နီးနားချင်းများ၏ ပြုမူဆောင်ရွက်ချက်အပေါ် သိသိသာသာလွှမ်းမိုးမှုရှိပြီး ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်သော ငါးဖမ်းကိရိယာများ ပြုပြင်ဆောင်ရွက်ရာတွင် တွဲဖက်အသုံးပြုနိုင်ပါသည်။<br><br>ငါးဖမ်းကိရိယာများအား နည်းပညာဆိုင်ရာ ပြုပြင်ဆောင်ရွက်မှုသည် ဈေးကွက်မဝင်သော စွန့်ပြစ်ငါးများ ရောထွေးထိမိမှုအား လျှော့ချနိုင်ပြီး မလိုအပ်သော စွမ်းဆောင်ရည်ကျဆင်းမှုများအား လျှော့ချနိုင်ပါသည်။ ဥပမာအားဖြင့် ထိမိသောငါးများမှ ဈေးကွက်ဝင်ငါးများအား ပြန်လည်ရွေးချယ်ရသော မလိုလားအပ်သည့် အချိန်ကုန်ဆုံးမှုအား လျှော့ချနိုင်ပါသည်။</td></tr>
</table>

## ဇယား ၁၉။ အဟန့်အတားများနှင့် အခွင့်အလမ်းများ

| အခွင့်အလမ်းများ | အဟန့်အတားများ |
| --- | --- |
| **ငါးဖမ်းဆီးခြင်း** | |
| ရေရှည်တည်တံ့သော ငါးလုပ်ငန်းအလေ့အကျင့်သည် ရာသီဥတုပြောင်းလဲခြင်းအား လိုက်လျောညီထွေရှိစေပြီး ပိုမိုကောင်းမွန်သော ဈေးကွက်ရရှိရန်နှင့် အထွေထွေကုန်ထုတ်စွမ်းအားကို တိုးတက်စေနိုင်ပါသည်။<br>အပြည်ပြည်ဆိုင်ရာဝယ်လက်များသည် ရေရှည်တည်တံ့သော အခြေအနေဆိုင်ရာ အသိအမှတ်ပြုခံထားရသည့် ကုန်တင်ပို့သူများအား တိုးမြှင့်ရှာဖွေပြီး ဝယ်ယူလာကြပါသည်။<br>ကုန်သည်များနှင့် ပြည်ပပို့ကုန်လုပ်ငန်းရှင်များသည် ရေရှည်တည်တံ့သော ငါးထုတ်ကုန်များအား အမြတ်အစွန်းရရှိသည့် အနေအထားအား ထိန်းသိမ်းပြီးတင်ပို့ခြင်းအားဖြင့် စီပွါးရေးအရ ဆွဲဆောင်မှုအားကောင်းစွာ ရရှိမည်ဖြစ်ပါသည်။ | ရေလုပ်သားများအနေဖြင့် ရေရှည်တည်တံ့ပြီး ရာသီဥတုနှင့် ကိုက်ညီသော ငါးဖမ်းဆီးမှုနည်းပညာများအား ရယူနိုင်မည့် ဝန်ဆောင်မှုများနှင့် အရင်းအမြစ်များအား ရရှိခြင်းမရှိကြပါ။<br>ရေရှည်တည်တံ့သော ငါးလုပ်ငန်းအလေ့အကျင့်အား လိုက်နာကျင့်သုံးခြင်းဖြင့် ရရှိမည့်အကျိုးအမြတ်များအား မသိရှိခြင်း / တံငါသည်များအနေဖြင့် စီးပွါးရေးဆိုင်ရာ လုပ်ငန်းစီမံခန့်ခွဲမှု အတွေ့အကြုံမရှိကြခြင်း။<br>အလုပ်အကိုင်ဆိုင်ရာလုံခြုံရေးနှင့် ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များအား အကောင်အထည်ဖော်မှုအားနည်းခြင်း။<br>အမျိုးသမီးများ၏ပတ်ဝန်းကျင်ဆိုင်ရာလေ့လာမှုဗဟုသုတများအား ငါးလုပ်ငန်းစီမံခန့်ခွဲရေးတွင် အသုံးချမှုအနည်းငယ်သာရှိခြင်း။ |

ငါးဖမ်းဆီးရရှိမှုတွင် အရေအတွက်သာမက အရည်အသွေးပိုင်းတွင်ပါကျဆင်းခြင်းသည် ငါးဖမ်းဆီးသူတံငါသည်များသာမက တန်ဖိုးမြှင့်ဖြစ်စဉ် (Value Chain) တွင် ပါဝင်ပတ်သက်သူအားလုံး (အမျိုးသမီးများအပါအဝင်) နှင့် ပြုပြင်ထုတ်လုပ်မှုနှင့် ဈေးကွက်ဆိုင်ရာများတွင်ပါ ထိခိုက်ကျဆင်းစေပါသည်။ ရာသီဥတု၊ သဘာဝပတ်ဝန်းကျင်နှင့် လုပ်ငန်းဆိုင်ရာပျက်ဆီးစေမည့်အလားအလာများ (work risks) များအား ရှောင်ရှားတားဆီးခြင်းနှင့် စီမံခန့်ခွဲခြင်းများသည် လုပ်ငန်းကဏ္ဍအတွက် တိုးတက်မြင့်မားစေရန် လိုအပ်သော အခြေခံအချက်အလက်များဖြစ်ပါသည်။ ကျန်းမာသန်စွမ်းသော ဂေဟဗေဒ စနစ်နှင့် လူသားများသည် တည်တံ့ကောင်းမွန်သော ငါးဖမ်းဆီးရေးလုပ်ငန်း၏ အခြေခံလိုအပ်ချက်များဖြစ်ပါသည်။

ကုန်းတွင်းပိုင်း ငါးလုပ်ငန်းရေပြင်၏ ကျန်းမာသန်စွမ်းသော ဂေဟဗေဒစနစ်သည် အောက်ပါအချက်အလက် ၂ ခုအား ဖြစ်ထွန်းပေါ်ပေါက်စေပါသည်။ ပထမအချက်မှာ ရေရှည်တည်တံ့သော ငါးထုတ်လုပ်မှုစနစ်အတွက် ငါးအရေအတွက် အများအပြားရရှိစေခြင်းနှင့် ဒုတိယအချက်မှာ ပေါကြွယ်ဝသော ငါးအရေအတွက်ကြောင့် လိုအပ်သောငါးအရေအတွက်အား ရှာဖွေရန်နှင့် ဖမ်းဆီးရမိရန်ကုန်ကျသော ကုန်ကျစရိတ်နည်းပါးခြင်းတို့ဖြစ်ပါသည်။ ငါးသယံဇာတရှားပါးလာပါက ဖမ်းဆီးရမိနိုင်သည့် ငါးအရေအတွက် ကျဆင်းလာမည့်အပြင် ငါးထိမိနိုင်သောငါးဖမ်းကွက်သို့ ပိုဝေးဝေးသွားလာရပြီး ငါးရရှိရန်ရှာဖွေရမည့်အချိန်လည်း ပိုမိုကြာမြင့်မည်ဖြစ်ပါသည်။ ထို့အတူ ရာသီဥတုပြောင်းလဲခြင်းကြောင့်လည်း ရေလုပ်ငန်းကဏ္ဍတွင်ပါဝင်သော အမျိုးသမီးများနှင့် အမျိုးသားများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအား ထိခိုက်လာနိုင်ပြီး ၊ ရာသီဥတုနှင့်ပတ်သက်သော ဘေးအန္တရာယ်များအား ပိုမိုထိခိုက်ခံစားလွယ် (more vulnerable) မည်ဖြစ်ပါသည်။ အလယ်အလတ်အဆင့် အနေဖြင့် ရေရှည် တည်တံ့စေမည့် တာဝန်ယူမှု ရှိသော ရေလုပ်ငန်းအလေ့အကျင့်များအား လိုက်နာဆောင်ရွက်ခြင်းမရှိပါက ၎င်းလုပ်ငန်းကဏ္ဍအနေဖြင့် ကမ္ဘာ့တန်ဖိုးမြှင့်ဖြစ်စဉ်တွင် ပူးပေါင်းပါဝင်ရန် ချန်လှပ်ထားခြင်းခံရနိုင်ပါသည်။

ကုန်းတွင်းပိုင်းဆိုင်ရာ ဂေဟဗေဒစနစ်ဆိုင်ရာ အမျိုးသမီးများ၏ ဗဟုသုတများအား ငါးလုပ်ငန်းဆိုင်ရာစီမံခန့်ခွဲမှုတွင် အသုံးချရန်မှာ အမှန်တကယ်လိုအပ်သော်လည်း ယခုအချိန်အထိ အနည်းငယ်သာ အသုံးချနိုင်ပါသေးသည်။ အမျိုးသမီးများ၏ အဖွဲ့အစည်းဆိုင်ရာနှင့် ပူးပေါင်းဆောင်ရွက်တတ်သော အရည်အသွေးများသည် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲမှု လုပ်ငန်းများဆောင်ရွက်ရာတွင် အရေးပါသောအရည်အသွေးများဖြစ်ပါသည်။ သင်တန်းပေးခြင်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းအားဖြင့် အမျိုးသမီးများသည် စောင့်ကြည့်စီစစ်ရေး (monitoring) လုပ်ငန်းများ အထူးသဖြင့် အရေးပါသော ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုအား လျော့နည်းသက်သာစေရေး (mitigating) အပိုင်းများတွင် ပူးပေါင်းပါဝင်နိုင်ကြမည်ဖြစ်ပါသည်။ သို့ရာတွင် ၎င်းအလုပ်များသည် အမျိုးသမီးများ၏ လက်ရှိအလုပ်အပေါ်တွင် ထပ်တိုးဝန်ထုတ်ဝန်ပိုးများမဖြစ်ရန် အရေးကြီးပါသည်။

ငါးလုပ်ငန်းကဏ္ဍတွင် လက်ရှိဆောင်ရွက်နေသော တိုးချဲ့ပညာပေးရေးဝန်ဆောင်မှု / ဝန်ဆောင်မှုပေးသည့်ပုံစံများသည် အောက်ခြေအထိ ပြန့်နှံ့စွာရောက်ရှိခြင်းမရှိပါ။ ရေလုပ်သားတံငါသည်များအတွက် ၎င်းတို့၏ ငါးဖမ်းဆီးမှုအလေ့အကျင့်အား တိုးတက်စေမည့် လုပ်ငန်းခွင်အရောက် လာရောက်ပညာပေးမည့် ပံ့ပိုးပေးသူများမရှိပါ။ ရေလုပ်သားအစုအဖွဲ့၏ လက်ရှိအခြေခံရှိပြီးသော ဗဟုသုတများအား သိပ္ပံနည်းကျသော ခေတ်မီနည်းပညာများနှင့်ပေါင်းစပ်ပြီး အားလုံးလက်ခံနိုင်ပြီး ရေလုပ်သားများကိုယ်တိုင် ဖန်တီးပိုင်ဆိုင်သော ရေရှည်တည်တံ့သည့် ငါးလုပ်ငန်းဆိုင်ရာ စီမံခန့်ခွဲမှုစနစ်တစ်ရပ်အား ပြောင်းလဲကျင့်သုံးနိုင်မည်ဖြစ်ပါသည်။

တံငါသည်အများစုသည် ၎င်းတို့၏ငါးဖမ်းလုပ်ငန်းအား စီးပွားရေးလုပ်ငန်းတစ်ခုအဖြစ်သို့ ပြောင်းလဲနိုင်မည့် စီမံခန့်ခွဲမှုတစ်ခုအား ပြုလုပ်နိုင်သော ကျွမ်းကျင်မှုနှင့် ဗဟုသုတများ မပြည့်စုံကြသေးပါ။ ယင်းကဲ့သို့ စီပွားရေးလုပ်ငန်းအသွင်သို့ မပြောင်းလဲနိုင်ခြင်းသည် ကျေးရွာသားအများအနေဖြင့် ကိုယ်ထူကိုယ်ထ စီးပွါးရေးလုပ်ငန်ရှင်များအဖြစ် မပြောင်းလဲနိုင်ခြင်းအား ဖြစ်ပေါ်စေပါသည်။ ၎င်းတို့အားလုံးသည် စီပွားရေးသမားများ မဖြစ်လာနိုင်သော်လည်း အခြေခံစီးပွားရေးစီမံခန့်ခွဲမှုအား ကျွမ်းကျင်လာသူများနှင့် စီပွားရေးသမားများ၏ အတွေးအခေါ်အား လက်ခံရရှိကြသော အချို့သော ဖွံ့ဖြိုးလာသူများသည် ၎င်းတို့၏လုပ်ငန်းများအား တိုးတက်လာစေရန် ဆောင်ရွက်နိုင်ကြပြီး ရေရှည်တည်တံ့သော ကုန်းတွင်းပိုင်း ရေချိုငါးလုပ်ငန်းရေပြင်၏ သယံဇာတများအား ညှိနှိုင်းမှုမရှိဘဲ ငါးဖမ်းလုပ်ငန်း၏ အကျိုးအမြတ်များအား ရယူကြမည်ဖြစ်ပါသည်။

နိမ့်ကျသောလုပ်ငန်းခွင်အခြေအနေသည် ထုတ်လုပ်မှုအတွက် ဆိုးကျိုးအနေဖြင့် သက်ရောက်မှုရှိပါသည်။ ထိခိုက်ဒဏ်ရာရခြင်းနှင့် ဖျားနာခြင်းများသည် ရေလုပ်ငန်းဆိုင်ရာမိသားစုအတွက် အားနည်းစေသော သက်ရောက်မှုတစ်ခုဖြစ်ပါသည်။ အောက်ခြေအဆင့်ရှိ တံငါသယ်များအနေဖြင့် ဘေးကင်းလုံခြုံရေးဆိုင်ရာ အချက်အလက်များအား တိကျစွာ ဂရုတစိုက် လိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည်။ ယင်းသို့ဆောင်ရွက်ခြင်းဖြင့် ယခင်နှင့်လက်ရှိ ရေလုပ်သားများကျင့်သုံးနေကြသော မှားယွင်းသည့်အကျင့်ဆိုးများအား ရပ်တန့်စေနိုင်မည်ဖြစ်ပါသည်။

| ဇယား ၁၉။ အဟန့်အတားများနှင့် အခွင့်အလမ်းများ | |
|---|---|
| **အခွင့်အလမ်းများ** | **အဟန့်အတားများ** |
| **အရောင်းအဝယ်ပြုလုပ်ခြင်း** | |
| အစားအစာဘေးကင်းလုံခြုံရေးဆိုင်ရာ စံနှုန်းများနှင့်ကိုက်ညီအောင် ထွက်ကုန်များအားထုတ်လုပ်နိုင်ရန် တံငါသည်များနှင့် ကုန်သည်များ၏ အရည်အသွေးကိုမြှင့်တင်ပေးခြင်းဖြင့် ပြည်ပပို့ကုန်တင်ပို့နိုင်မှုစွမ်းအားကို မြင့်မားစေပြီး မမျှော်လင့်သော ကုန်ဈေးနှုန်းကျဆင်းခြင်းနှင့် ပြုပြင်ထုတ်လုပ်ပြီး ကုန်ချောများဆုံးရှုံးခြင်းတို့ကို လျှော့ချနိုင်မည်ဖြစ်ပါသည်။<br><br>ကုန်ထုတ်လုပ်မှုစွမ်းရည်အား ထုတ်လုပ်မှုကွင်းဆက်အားလုံးတွင် မြှင့်တင်ပေးခြင်းဖြင့် ငါးဖမ်းဆီးမှုကုန်ကျစရိတ်အား လျှော့ချနိုင်ပြီး၊ ဈေးကွက်ဆိုင်ရာကွင်းဆက်များသို့ ငါးများကိုတင်ပို့နိုင်ကာ အမျိုးသားများနှင့် အမျိုးသမီးများပါဝင်သော တံငါသည်များနှင့်ကုန်သည်များအနေဖြင့် အကျိုးအမြတ်များ ပိုမိုရရှိစေမည်ဖြစ်ပါသည်။ | အရည်အသွေးထိန်းသိမ်းရေးဆိုင်ရာနှင့် အစာအစာဘေးကင်းလုံခြုံရေးဆိုင်ရာချို့ယွင်းချက်များ၊ ငါးစုဆောင်းသည့်ငါးဒိုင်များ၏ အရည်အသွေးအာမခံချက်ဆိုင်ရာ ဗဟုသုတမရှိမှုများသည် ၎င်းတို့၏ထုတ်ကုန်ပစ္စည်းများ၏ အရည်အသွေးနှင့် အစာအစာဘေးကင်းလုံခြုံရေး စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ရာတွင် အကန့်အသတ်ရှိနေပါသည်။<br><br>အစားအစာဘေးကင်းလုံခြုံရေး စံချိန်စံညွှန်းများအား လိုက်နာဆောင်ရွက်ရန်နှင့် ထုတ်လုပ်မှုစွမ်းရည်မြှင့်တင်ရန်အတွက် ဝန်ဆောင်မှုနှင့် အရင်းအမြစ်များအားမရရှိခြင်း။<br><br>ရေထွက်ကုန်ပစ္စည်းများကိုင်တွယ်ခြင်းနှင့် သိုလှောင်ထိန်းသိမ်းခြင်းဆိုင်ရာ စိန်ခေါ်ချက်များအား သဘောပေါက်နားလည်မှုအားနည်းခြင်း။ |

မြန်မာနိုင်ငံအနေဖြင့် ရေလုပ်ငန်းအားအခြေခံသော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိစေရန်အတွက် အပြည်ပြည်ဆိုင်ရာစံသတ်မှတ်ချက်များနှင့်ကိုက်ညီသော တန်ဖိုးမြှင့်ရေထွက်ကုန်ပစ္စည်းများထုတ်လုပ်ပြီး ဈေးကွက်သစ်များရှာဖွေခြင်း၊ ရရှိပြီးဈေးကွက်များအားလည်း တန်ဖိုးမြှင့်ရေထွက်ပစ္စည်းများ တိုးမြှင့်တင်ပို့ခြင်းများကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ပြည်ပပို့ကုန်လုပ်ငန်းများအနေဖြင့် ၎င်းတို့၏ပြုပြင်ထုတ်လုပ်ရေးစက်ရုံများတွင် GMP နှင့် HACCP ဆိုင်ရာ လုပ်ထုံးလုပ်နည်းများအား လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ သို့ရာတွင် ၎င်းစံချိန်စံညွှန်းများအား ငါးဖမ်းဆီးသူတံငါသည်များ၊ ငါးဒိုင်များနှင့် လက်ကားဒိုင်များ၊ ကုန်တင်ကုန်ချဆိပ်ကမ်းများအဆင့်ထိ လိုက်နာဆောင်ရွက်မှုမရှိကြပါ။ တံငါသည်များနှင့် ကြားခံအဆင့်များတွင် အစာအစာဘေးကင်းလုံခြုံရေးဆိုင်ရာ အချက်အလက်များအား မသိရှိကြသည့်အပြင် ကုန်တင်ကုန်ချဆိပ်ကမ်းများတွင် အခြေခံအဆင့်လိုအပ်သော (အကာအကွယ် - shade ; စတီးငါးရွေးခုံများ - stainless sorting table ; ငါးသိုလှောင်ပုံးများ - containers စသည်များ) လုပ်ဖက်ကိရိယာများ (facilities) မရှိသည့်အတွက် ဘေးကင်းလုံခြုံသော ငါးကိုင်တွယ်မှုနည်းစနစ် (proper/safe handling of fish) အရလိုအပ်ချက်များ ဖြစ်ပေါ်လျက်ရှိပါသည်။ ငါးလုပ်ငန်းထွက်ကုန်များအား အပြည်ပြည်ဆိုင်ရာ အစားအစာဘေးကင်းလုံခြုံရေးနှင့် အရည်အသွေးဆိုင်ရာ စံချိန်စံညွှန်းများနှင့် ကိုက်ညီစေရန်မှာ ၎င်းစံချိန်စံညွှန်းများအတိုင်း ငါးဖမ်းဆီးရမိချိန်မှ စတင်လိုက်နာကျင့်သုံးရမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ အနာဂတ်ရေလုပ်ငန်းထွက်ကုန်ပစ္စည်းများအား ဖွံ့ဖြိုးပြီးနိုင်ငံများသို့ တင်ပို့ရေးအတွက် အစားအစာဘေးကင်းလုံခြုံရေး စံချိန်စံညွှန်းများနှင့်ကိုက်ညီမှု၊ ရေရှည်တည်တံ့သောငါးလုပ်ငန်းနှင့် အခြားသောနည်းပညာဆိုင်ရာ အချက်အလက်များနှင့် ကိုက်ညီမှုများအပေါ် အဓိကမူတည်နေပြီး အဓိကငါးတင်သွင်းသော ဖွံ့ဖြိုးပြီးနိုင်ငံများအနေဖြင့် ၎င်းအချက်အလက်များအား တဖြေးဖြေး ပိုမိုတိုးတက်တောင်းဆိုလာနေကြပါသည်။ ၎င်းတောင်းဆိုချက်များအား မလိုက်နာမကိုက်ညီပါက တင်သွင်းသည့်ငါးများအား နိုင်ငံဈေးကွက်အတွင်းသို့တင်သွင်းမှုအား ပိတ်ပင်တားဆီး (banned) ခြင်းခံရမည်ဖြစ်ပြီး၊ ထိုသို့ ပိတ်ဆို့တားဆီးခြင်းခံရပါက လူအများအပြားသည် အလုပ်အကိုင်များ လက်လွတ်ဆုံးရှုံးသည့်အကျိုးဆက်အား ရရှိမည်ဖြစ်ပါသည်။ တံငါသည်များနှင့် အလယ်အလတ်ကြားအဆင့် ငါးလုပ်ငန်းလုပ်ကိုင်သူများသည် ၎င်းအစားအစာဘေးကင်းလုံခြုံရေးစံညွှန်းများအား လိုက်နာဆောင်ရွက်ခြင်းမရှိပါက မြန်မာနိုင်ငံပြင်ပရှိ တန်ဘိုးမြှင့်ဖြစ်စဉ် ကွင်းဆက်အတွင်းသို့ ပါဝင်ခွင့်ဆုံးရှုံးမည်ဖြစ်ပါသည်။

အလယ်အလတ်ကြားအဆင့် ရေလုပ်ငန်းလုပ်ကိုင်သူများ ကျင့်သုံးလျက်ရှိသော ဖြုန်းဈေး (all-in) ဖြင့်ဝယ်ယူခြင်း (အရည်အသွေးကိုမကြည့်ဘဲ အနိမ့်ဆုံးဈေးဖြင့် ဈေးဖြတ်ဝယ်ယူခြင်း) အလေ့အထသည် တံငါသည်များအနေဖြင့် ၎င်းတို့၏ငါးဖမ်းနည်းစနစ်အား အစားအစာဘေးကင်းလုံခြုံရေး စံချိန်စံညွှန်းများနှင့်ကိုက်ညီပြီး အရည်အသွေးဆိုင်ရာစံညွှန်းများနှင့်ပါ ကိုက်ညီရန်အတွက် အဆင့်မြှင့်တင်ရန် လုံလောက်သောမက်လုံးတစ်ခု ဖြစ်မလာပါ။ ၎င်းအလေ့အထသည် ငါးများ၏အရည်အသွေးအား နည်းလမ်း ၂ သွယ်ဖြင့် ကျဆင်းစေပါသည်။ ပထမတစ်ခုမှာ အရည်အသွေးအား ယျှဉ်ပြိုင်မှုနည်းဗျူဟာအဖြစ် အသုံးပြုနိုင်ခွင့်အား တားဆီးထားပါသည်။ ဒုတိယအချက်မှာ ကုန်တင်သွင်းသူများ၏ ကွင်းဆက်ချိတ်ဆက်မှုတွင်ပါဝင်သူများအား ဈေးနှုန်းအချက်ပြမှုများ (price signals) မပေးပို့နိုင်ပါ။ မှန်ကန်သောဈေးနှုန်းအချက်ပြမှုသည် အရည်အသွေးမြင့်ငါးများအား ထုတ်လုပ်ရန်အားပေးပါသည်။

လုပ်ငန်းဆိုင်ရာစွမ်းရည်မြှင့်တင်ခြင်း၊ အရည်အသွေးနှင့် ငါးကိုင်တွယ်ရာတွင် သန့်ရှင်းစင်ကြယ်မှုများသည် ဈေးကွက်အခွင့်အလမ်းကောင်းမွန်စေရေးအတွက် အရေးပါသောအချက်များဖြစ်ပြီး၊ အရည်အသွေးဆိုင်ရာစံချိန်စံညွှန်းများသည် ငါးများအား ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချရေးအတွက် အရေးကြီးသောလိုအပ်ချက်ဖြစ်ပါသည်။ တန်ဖိုးမြှင့်ဈေးကွက်တွင်ပါဝင်သော အချက်အလက်များအားလုံးအား စွမ်းဆောင်ရည်မြှင့်တင်ခြင်းသည် စံချိန်စံညွှန်းနှင့် အရည်အသွေးဆိုင်ရာတိုးတက်ရေးအတွက် အရေးကြီးသော အစိတ်အပိုင်းတခုဖြစ်ပါသည်။

<table>
<tr><th colspan="2">ဇယား ၁၉။ အဟန့်အတားများနှင့် အခွင့်အလမ်းများ</th></tr>
<tr><th>အခွင့်အလမ်းများ</th><th>အဟန့်အတားများ</th></tr>
<tr><td colspan="2">ပြုပြင်ထုတ်လုပ်ရေး</td></tr>
<tr><td>ကုန်ထုတ်စွမ်းအားတိုးတက်ခြင်းသည် နိုင်ငံတကာဈေးကွက်တွင် ပြုပြင်ထုတ်လုပ်သော ငါးထုတ်ကုန်ဈေးနှုန်းယှဉ်ပြိုင်ခြင်းတွင် ကောင်းကျိုးသက်ရောက်စေသည်။</td><td>အလုပ်သမားများ၏ကုန်ထုတ်စွမ်းအားနိမ့်ကျခြင်းနှင့် လျှပ်စစ်ဓါတ်အား ပုံမှန်မရရှိခြင်းကြောင့် ထုပ်လုပ်မှုကုန်ကျစရိတ်မြင့်မားခြင်း။<br><br>လုပ်ငန်းများ အထူးသဖြင့် ပြုပြင်ထုတ်လုပ်သောကုမ္ပဏီများ၏ ကုန်ထုတ်စွမ်းအားနှင့် လုပ်ငန်းခွင်ဘေးကင်းရေးနှင့် ကျန်းမာရေး(OSH) တို့ကို တိုးတက်အောင်ကူညီပေးမည့် ဝန်ဆောင်မှုများအားနည်းခြင်း။</td></tr>
<tr><td colspan="2">လျှပ်စစ်ဓါတ်အားအတွက် ကုန်ကျစရိတ်မြင့်မားခြင်း (ဂျင်နရေတာအပေါ်တွင်မှီခိုနေရခြင်း) ကြောင့် ဈေးနှုန်းယှဉ်ပြိုင်နိုင်မှုရှိရန် ငါးပြုပြင်ထုတ်လုပ်သောကုမ္ပဏီများအနေဖြင့် ဆောင်ရွက်နိုင်သောကာလတို/ရေတိုနည်းလမ်းမှာ ကုန်ထုတ်စွမ်းအားကို မြှင့်တင်ရန်ဖြစ်သည်။ ၂၀၁၃ ခုနှစ် Mckinsey Global Institute (MGI) ၏အစီရင်ခံစာအရ၊ မြန်မာနိုင်ငံရှိ အလုပ်သမားတစ်ယောက်သည် တစ်နှစ်အလုပ်လုပ်ရာတွင် စီးပွားရေးတန်ဖိုးအရ ပျမ်းမျှအမေရိကန် ဒေါ်လာ ၁,၅၀၀  သာရရှိသည်။ အလုပ်သမားတစ်ယောက် ထုတ်လုပ်သော ထွက်ကုန်ပမာဏမှာ ၂၀၁၀ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံ၏ ၇၀% ၊ တရုတ်နှင့် ထိုင်း၏ ၂၀ %နှင့် မလေးရှားထက် ၁၅ % နိမ့်ကျသည်။ မြန်မာနိုင်ငံ၏လုပ်သားအတွက် ကုန်ကျစရိတ်မှာ ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံတို့နှင့်ယှဉ်လျှင် နိမ့်ကျနေခြင်းက ငါးပြုပြင်ထုတ်လုပ်သောလုပ်ငန်းများအနေဖြင့် ထုတ်ကုန်မြှင့်တင်ရန် အခွင့်အလမ်းတစ်ရပ်လိုဖြစ်နေသည်။ အခြေခံအောက်ခြေအဆင့် ငါးပြုပြင်ထုတ်လုပ်သောကုမ္ပဏီများ၊ အထူးသဖြင့် အမျိုးသမီးများပိုင်ဆိုင်ပြီး ကိုယ်တိုင်ထုတ်လုပ်နေသူများအနေဖြင့် စွမ်းရည်ပိုင်း၊ အရည်အသွေးပိုင်းနှင့် စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာများအား သေချာစေသော ပြုပြင်ထုတ်လုပ်မှုနည်းစနစ်များအားရယူပြီးတိုးမြှင့်သင့်ပါသည်။ အလားတူ အောက်ခြေအဆင့် ငါးပြုပြင်ထုတ်လုပ်သောလုပ်ငန်းများမှ အစားအစာဘေးကင်းလုံခြုံရေးဆိုင်ရာ အဆင့်မြှင့်တင်ထုတ်လုပ်ထားသော တန်ဖိုးနည်းထုတ်ကုန်များသည် ဈေးကွက်အတွင်း ယှဉ်ပြိုင်နိုင်စွမ်း ပိုမိုအားကောင်းပြီး ၎င်းတို့၏မိသားစုများနှင့် ဝယ်ယူစားသုံးသူများအတွက်ပါ ဘေးကင်းလုံခြုံစေမည်ဖြစ်ပါသည်။<br><br>အောက်ခြေအဆင့်နှင့် ပြည်ပပို့ကုန်ထုတ်လုပ်သော ပြုပြင်ထုတ်လုပ်ရေးကုမ္ပဏီများ၏ စွမ်းအားကိုမြှင့်တင်ပေးခြင်းဖြင့် လုပ်ငန်းခွင်အတွင်း လုပ်ငန်းခွင်ဘေးကင်းလုံခြုံရေးနှင့် ကျန်းမာရေးဆိုင်ရာပြုပြင်မှုများ ဆောင်ရွက်လာနိုင်ပြီး ကုန်ထုတ်စွမ်းအား မြင့်မားလာခြင်းနှင့် လုပ်ငန်းအတွင်း အဓိကကျသောအလုပ်သမားများ အထူးသဖြင့် အမျိုးသမီးများ လုပ်ငန်းခွင်အတွင်း အစဉ်ပြေချမ်းမြေ့စွာလုပ်ငန်းများလုပ်ကိုင်နိုင်မည်ဖြစ်ပါသည်။</td></tr>
<tr><td colspan="2">လက်လီဖြန့်ဖြူးရောင်းချရေး</td></tr>
<tr><td>သန့်ရှင်းပြီး အညစ်အကြေးကင်းစင်သော ငါးကုန်စည်များသည် ပြုပြင်ထုတ်လုပ်ပြီး ကုန်ချောများဆုံးရှုံးခြင်းနှင့် ကျန်းမာရေးဆိုင်ရာ ဘေးအန္တရာယ်ဖြစ်စေမည့် အလားအလာများအား လျှော့ကျစေသည်။</td><td>အမျိုးသမီးများအများစုဖြစ်သော လက်လီဈေးသည်များအနေဖြင့် လုံခြုံစိတ်ချရပြီး ကျန်းမာရေးနှင့်ညီညွတ်သော ရေထွက်ပစ္စည်းများအား ကိုင်တွယ်နည်းများအား လက်ခံရရှိစေမည့် ဝန်ဆောင်မှုများနှင့် လိုအပ်သော အခြေခံအဆောက်အအုံများမရှိခြင်း။</td></tr>
<tr><td colspan="2">ငါးရောင်းချသောနေရာများသည် ကျန်းမာရေးဆိုင်ရာ သန့်ရှင်းမှုစံချိန်စံညွှန်းများနှင့် ကိုက်ညီမှုမရှိသေးပါ။ ၎င်းအခြေအနေသည် ဈေးနှုံးကျဆင်းစေရုံသာမက ကျန်းမာရေးဆိုင်ရာဘေးအန္တရာယ်များကိုပါ ကျရောက်စေပါသည်။ အကန့်အသတ်ရှိသော နည်းပညာဆိုင်ရာ နားလည်သဘောပေါက်မှုနှင့် ကြိုတင်ပြင်ဆင်မှုများသည် တစ်ပိုင်းတစ်စ - အဆင့်မြင့်ငါးထုတ်လုပ်မှုနှင့် ဆက်စပ်နေသော ပြုပြင်ကိုင်တွယ်မှု နှစ်မျိုးလုံးအတွက် ကုန်ထုတ်လုပ်မှုပမာဏလျော့နည်းခြင်းနှင့် ကျန်းမာရေးဆိုင်ရာ ဘေးအန္တရာယ်များကို ဖြစ်ပေါ်စေပါသည်။ လက်ရှိကျင့်သုံးနေသော ကုန်သွယ်ရေးဆိုင်ရာအလေ့အကျင့်များသည် ထုတ်ကုန်များ၏ ယိုယွင်းပျက်ဆီးမှုများအားဖြစ်ပေါ်စေရန်အားပေးလျှက်ရှိပြီး၊ အစားအစာဘေးကင်းလုံခြုံရေးအနေဖြင့် အနည်းငယ်သာ အာမခံချက်ပေးနိုင်ပါသည်။ ငါးအရည်အသွေးနှင့် အစားအစာဘေးကင်းလုံခြုံရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများအတွက် အထောက်အပံ့ပေးရန်သင်တန်းများနှင့် တိုးချဲ့ပညာပေးမှုများအား ဖြစ်နိုင်သမျှနှင့် ထိရောက်နိုင်သမျှ မြင့်တင်ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။</td></tr>
</table>

<table>
<tr><th colspan="2">ဇယား ၁၉။ အဟန့်အတားများနှင့် အခွင့်အလမ်းများ</th></tr>
<tr><th>အခွင့်အလမ်းများ</th><th>အဟန့်အတားများ</th></tr>
<tr><td colspan="2">ပတ်ဝန်းကျင်အားအထောက်အကူပြုခြင်း</td></tr>
<tr><td>ခိုင်မာပြီးထိရောက်သော အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများနှင့် စံချိန်စံညွှန်းများအား စနစ်တကျ - လိုက်ဖက်ညီစွာ နားလည်သဘောပေါက်မှုများသည် ပြောင်းလဲမှုဖြစ်စဉ်များအားတိုးတက်စေခြင်း၊ ဆန်းသစ်တီထွင်ခြင်းနှင့် လုပ်ငန်းပိုင်းအလိုက် သဘောတူညီမှုများရရှိစေပြီး တာဝန်ခံမှုရှိသော ရေလုပ်ငန်းဆိုင်ရာ စီးပွားရေးလုပ်ငန်းတစ်ခု တည်ဆောင်နိုင်လာစေမည်ဖြစ်ပါသည်။</td><td>ရေချိုငါးလုပ်ငန်းဆိုင်ရာ ဆက်စပ်လုပ်ငန်းအားလုံးတွင် (all function in chain) အစားအစာ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုပ်ငန်းခွင်ဘေးကင်းလုံခြုံရေးနှင့် ကျန်းမာရေး (OSH) အစရှိသောစံနှုန်းများအတွက် ကိုက်ညီမှုမရှိသော အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် နည်းဥပဒေများအားလိုက်နာစေရန် အရေးယူဆောင်ရွက်မှုများအားနည်းခြင်း။</td></tr>
<tr><td colspan="2">တန်ဖိုးမြှင့်ဖြစ်စဉ် အဆင့်မြှင့်တင်ခြင်းသည် ပူးပေါင်းတာဝန်ယူသည့် လုပ်ငန်းစဉ်တစ်ခုဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဈေးကွက်အတွင်းသို့ရောက်ရှိမည့် နောက်ဆုံးအဆင့် ထုတ်လုပ်မှုကုန်ချော၏ ဈေးကွက်ဆိုင်ရာအောင်မြင်မှုသည် လုပ်ငန်းဝွင်းဆက်အတွင်းရှိ အစိတ်အပိုင်းတစ်ခုချင်းစီ၏ ထုတ်ကုန်အရည်အသွေးများအပေါ်တွင်မြဲငုံပြီး အကျိုးသက်ရောက်မှု ဖြစ်ပေါ်လာခြင်းကြောင့်ဖြစ်ပါသည်။ ငါးလုပ်ငန်းစီမံခန့်ခွဲမှု၊ အစားအစာဘေးကင်းလုံခြုံရေးနှင့် လုပ်ငန်းခွင်ဘေးကင်းလုံခြုံရေးနှင့် ကျန်းမာရေး (OSH) ဆိုင်ရာစံချိန်စံညွှန်းများအား လိုက်နာဆောင်ရွက်မှုမရှိခြင်းအပြင် အရေးအကြီးဆုံးဖြစ်သော စံချိန်စံညွှန်းများနှင့် နည်းဥပဒေများအပေါ် နားလည်သဘောပေါက်မှုမရှိခြင်းသည် လုပ်ငန်းပိုင်းတစ်ခုခြင်းအလိုက် ပွင့်လင်းမြင်သာမှု အားလျော့ကျစေကာ လုပ်ငန်းဝွင်းဆက်အတွင်း ပူးပေါင်းပါဝင်သူများအနေဖြင့် တစ်ဦးအပေါ်တစ်ဦး ယုံကြည်မှုကင်းမဲ့လာစေကာ၊ ကုန်ထုတ်လုပ်သူနှင့် ဝယ်ယူသူတို့၏ ဆက်ဆံရေးမပျက်ပြားစေရန် ကာကွယ်သောအားဖြင့် ၎င်းတို့၏ ကိုယ်ပိုင်စံချိန်စံညွှန်းများကို သီးခြားစီသတ်မှတ်လာစေနိုင်ပါသည်။ သို့ဖြစ်ရာ ငါးလုပ်ငန်းဆိုင်ရာ တန်ဖိုးမြှင့်ဖြစ်စဉ်၏ လုပ်ငန်းပိုင်းများအားထိန်းကွပ်ထားသော အခြေခံစံချိန်စံညွှန်းများနှင့် နည်းဥပဒေများအား ဟန်ချက်ညီစွာ အကောင်အထည်ဖော်ဆောင်ရွက်မှုအား ဖော်ဆောင်ခြင်းသည် အဆင့်မြင့်ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းအားနှင့် ပူးပေါင်းပါဝင်သူအားလုံး၏ အကျိုးအမြတ်ရရှိမှုနှင့် ကုန်ကျစရိတ်များအား လျှော့ချဖြတ်တောက်နိုင်စေသောတွန်းအားနှင့် ချောမောလွယ်ကူမှုတို့ကို ဖြစ်ပေါ်စေပါသည်။</td></tr>
<tr><td>ရှေ့ပြေးဆောင်ရွက်ခဲ့သော ငါးလုပ်ငန်းပူးပေါင်းစီမံခန့်ခွဲမှုနှင့် မကြာမီစတင်အကောင်အထည်ဖော်ဆောင်ရွက်တော့မည့် LIFT နှင့် DOF တို့၏ ပူးပေါင်းစီမံခန့်ခွဲမှု စီမံကိန်းများသည် ပိုမိုကျယ်ပြန့်သော ရေလုပ်ငန်းအစုအဖွဲ့တွင်ပါဝင်သည့် အမျိုးသမီးများနှင့် အမျိုးသားများ အားလုံးပါဝင်စေနိုင်သည့် ငါးလုပ်ငန်းပူးပေါင်းစီမံခန့်ခွဲမှုစနစ်တစ်ရပ် ဖေါ်ထုတ်နိုင်ရေးအတွက် လမ်းပြပေးနိုင်မည်ဖြစ်ပါသည်။<br><br>ကျေးရွာတစ်ခုအတွင်းရှိ ရေလုပ်သားများမှာ တစ်ဦးနှင့်တစ်ဦး သိကျွမ်းခင်မင်ရင်းစွဲရှိကြပြီး လုပ်ငန်းအား အတူအကွလုပ်ကိုင်သည့်အလေ့အကျင့်နှင့် အတွေ့အကြုံရှိကြပြီးဖြစ်ပါသည်။ ၎င်းတို့အား သဘာဝကျသော လူထုအစုအဖွဲ့တစ်ရပ်အသွင်ဖွဲ့စည်းပြီး ဆောင်ရွက်မည်ဆိုပါက လုပ်ငန်းများကို ညီညွတ်မျှတစွာအတူတကွပြုလုပ်နိုင်မည်ဖြစ်ပါသည်။</td><td>လက်ရှိကျင့်သုံးလျက်ရှိသော ငါးလုပ်ငန်းစီမံခန့်ခွဲမှုနည်းစနစ်သည် ကျယ်ပြန့်စွာသဘောတူညီမှုရရှိသော တာဝန်ခံယူမှုရှိသည့် ရေလုပ်ငန်းစနစ်တစ်ခုအားဖေါ်ဆောင်ရန် အဟန့်အတားဖြစ်လျှက်ရှိပါသည်။<br><br>ငါးလုပ်ငန်းပူးတွဲစီမံခန့်ခွဲမှု စနစ်တစ်ရပ်အားထူထောင်ရန် လုံလောက်သောမူဝါဒနှင့် တရားဝင်မူဘောင်များ၏ အထောက်အပံ့မရှိခြင်း။<br><br>အစုအဖွဲ့တစ်ခုအား ၎င်းတို့ကိုယ်တိုင် စည်းရုံးတည်ထောင်နိုင်ရန်အတွက် ရေလုပ်သားများအတွင်း စွမ်းဆောင်နိုင်ရည်အားနည်းခြင်း / တရားဝင်အဖွဲ့အစည်းတစ်ခုအား တည်ထောင်သည့်အတွေ့အကြုံမရှိခြင်း။</td></tr>
<tr><td colspan="2">ကုန်းတွင်းပိုင်း ရေချိုငါးလုပ်ငန်း ရေပြင်တွင် အဓိကလုပ်ကိုင်နေကြသူများ၏ အားနည်းသောပူးပေါင်းပါဝင်မှုသည် ရေရှည်တည်တံ့စေမှုမရှိဘဲ သဘာဝပတ်ဝန်းကျင်အားယိုယွင်းစေသော ငါးလုပ်ငန်းအလေ့အကျင့်များအား တိုးမြင့်လုပ်ဆောင်လာစေပါသည်။ ငါးလုပ်ငန်းဆိုင်ရာစီမံခန့်ခွဲမှုတွင် ရေလုပ်သားများပါဝင်သော ကျေးလက်လူထုများပါဝင်လာခြင်းဖြင့် စီမံခန့်ခွဲမှုအားအားကောင်းလာစေခြင်းဖြင့် သယံဇာတများထိန်းသိမ်းရေးနှင့် ပြင်ပမှဝင်ရောက်ထိန်းသိမ်း စီမံဆောင်ရွက်ပေးရမှုများကို လျှော့ချနိုင်သည့် တာဝန်ယူမှုရှိသော စီးပွါးရေးဆိုင်ရာမက်လုံးတစ်ခုအား ဖန်တီးနိုင်မည်ဖြစ်ပါသည်။<br><br>သို့သော် ရေလုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် ကုန်းတွင်းပိုင်း ရေချိုငါးလုပ်ငန်းရေပြင်အား အစိုးရနှင့် ပူးတွဲစီမံခန့်ခွဲရန်မှာ ငါးလုပ်ငန်းကဏ္ဍတွင်ပါဝင်လျှက်ရှိသော အမျိုးသားများနှင့် အမျိုးသမီးများ ပူးပေါင်းပါဝင်သည့် ကျေးရွာအခြေပြု ရေလုပ်ငန်းအဖွဲ့အစည်းများကို ခိုင်မာစွာဖွဲ့စည်းရန် လိုအပ်မည်ဖြစ်ပါသည်။ တစ်ရွာတည်းသား ရေလုပ်သားများအနေဖြင့် တစ်ဦးနှင့်တစ်ဦးကူညီမှုဖြင့်ဆောင်ရွက်ကြမည်ဖြစ်သော်လည်း၊ ပြောဆိုဆွေးနွေးညှိနှိုင်းအား ၊ ချေးငွေရယူခြင်း၊ ပြုပြင်ထုတ်လုပ်ရေး အထောက်အကူပြုကိရိယာများနှင့် စီးပွါးရေးတွက်ခြေကိုက်မှု စသည့်အခွင့်အလမ်းများရရှိရန် အနည်းငယ် အားစိုက်ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။</td></tr>
</table>

# ၁။ ဝင်ရောက်ဆောင်ရွက်ခြင်းမဟာဗျူဟာများနှင့် အဖြေရှာဆောင်ရွက်နည်းများ

လုပ်ငန်းနယ်ပယ်တွင် ပါဝင်သက်ဆိုင်သူ/ဆောင်ရွက်သူအားလုံးဖြင့် ဖော်ထုတ်ထားသော အဓိကအလေးထားလုပ်ဆောင်ချက်၊ တန်ဖိုးမြှင့် ဖြစ်စဉ် (value chain) အကဲဖြတ်ခြင်း၊ နောက်ဆုံးဈေးကွက်များမှ တွေ့ရှိခြင်းများပေါ် မူတည်၍ ရေချိုငါးဖမ်းဆီးထုတ်လုပ်မှုလုပ်ငန်းနယ်ပယ်၏ ဈေးကွက်ယှဉ်ပြိုင်နိုင်မှုကို တိုးတက်စေရန်အဆိုပြုသည့် ဝင်ရောက်ဆောင်ရွက်ခြင်း မဟာဗျူဟာများနှင့် ချဉ်းကပ်နည်းများကို အောက်တွင်ဖော်ပြထားပါသည်။ တစ်ချိန်တည်းတွင် သင့်လျော်ကောင်းမွန်သော အလုပ်အကိုင်အခြေအနေများကို ဟန့်တားထားသည့်အရာများကို ဖြေရှင်းခြင်းနှင့် ကုန်းတွင်းပိုင်း ရေချိုငါးသယံဇာတများ ရေရှည်တည်တံ့ခိုင်မြဲနိုင်ရန် သေချာဆောင်ရွက်သွားမည်ဖြစ်သည်။

## သွင်းအားစုများ

**၁။ ငါးဖမ်းသူများနှင့် ကြားခံလုပ်ငန်းများ (intermediaries) သို့ ပေးပို့တင်သွင်းသည့်ရေခဲများသည် အစားအစာဘေးအန္တရာယ်ကင်းရှင်းရေး၊ အရည်အသွေး စသည့်စံနှုန်းများနှင့် ကိုက်ညီစေရန် သင့်တော်သောရေခဲကိုင်တွယ်မှုနည်းလမ်းများ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေး (OSH) နှင့်ပတ်သက်၍ လက်လီဖြန့်ဖြူးရောင်းချသူများကိုသင်တန်းပေးရန် ရေခဲစက်ရုံများ၏စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်ရေး။**

က) ရေခဲစက်ရုံများသို့ သွားရောက်လည်ပတ်ပြီး မှန်ကန်သော ရေခဲကိုင်တွယ်မှုနည်းလမ်းများ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေး (OSH) နှင့်ပတ်သက်၍ လမ်းညွှန်ပြောကြားခြင်းအပါအဝင် ရေခဲလက်လီဖြန့်ဖြူးရောင်းချသူများအတွက် စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း အစီအစဉ်ပံ့ပိုးပေးခြင်း။ သင့်တော်သော ရေခဲကိုင်တွယ်မှုနည်းလမ်းများ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးများနှင့်ပတ်သက်၍ ဖျာပုံနှင့်ပတ်ဝန်းကျင်ဒေသများတွင်ရှိသော စိတ်ပါဝင်စားသည့် ရေခဲစက်ရုံအားလုံးကို စီမံကိန်းအနေဖြင့် သွားရောက်လည်ပတ်ဆောင်ရွက်မည်ဟု အဆိုပြုထားပါသည်။ သို့သော်လည်း လက်လီရောင်းချသူများအတွက် စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း ရှေ့ပြေးအစီအစဉ်သည် ပထမတစ်နှစ်အတွင်း ကုမ္ပဏီ ၂ ခုခန့်သာ ပြီးစီးနိုင်မည်ဖြစ်ပါသည်။ OSH နှင့် မှန်ကန်သော ရေခဲကိုင်တွယ်မှုနည်းလမ်းများအတွက် အသေးစိတ်လမ်းညွှန်ပေးခြင်းအား ရွေးချယ်ထားသော ရှေ့ပြေး ရေခဲစက်ရုံများသို့ ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါသည်။

ခ) ရေခဲလက်လီရောင်းချသူများကို ရေခဲစက်ရုံများက ထောက်ပံ့ပေးနိုင်သည့် ပိုစတာများနှင့် သင်တန်းဗီဒီယို၊ ထောက်ကူပစ္စည်းများဖွံ့ဖြိုးရေးအစီအစဉ်အနေဖြင့် သင်တန်းထောက်ကူပစ္စည်းများနှင့် ပိုစတာများကို ကနဦးထောက်ပံ့ပေးနိုင်သော်လည်း နောက်ဆက်တွဲ ထပ်မံကူးယူခြင်း / ထုတ်ဝေခြင်းများကို ရေခဲစက်ရုံများက တာဝန်ယူသင့်ပါသည်။ သင်ထောက်ကူပစ္စည်းအတွက် ကုန်ကျစရိတ်များကို လက်လီရောင်းသူများကပေးရန် ရေခဲစက်ရုံများက ပြောဆိုနိုင်ပါသည်။

ဂ) လက်လီရောင်းသူများက  စံနှုန်းများကိုလိုက်နာကြောင်း ပြသနိုင်ရန် အသိအမှတ်ပြုခြင်းစနစ် (ဥပမာ။  ။ ရေခဲစက်ရုံ အမှတ်တံဆိပ်ကပ်ခြင်း) ဖွံ့ဖြိုးတိုးတက်ရေး။ စားသုံးသူများသမဂ္ဂနှင့် ဆေးဝါးကွပ်ကဲရေး/ကျန်းမာရေးဌာန၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၊ ငါးလုပ်ငန်းဦးစီးဌာနများသည် အသိအမှတ်ပြုခြင်းစနစ် အကောင်အထည်ဖော်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ခြင်းတွင် ပါဝင်ဆောင်ရွက်ရန် အကြံပြုထားပါသည်။ ရေခဲ supply chain နှင့် စားသုံးသူများအကြား သိမြင်နားလည်မှုများတိုးပွါးစေရန် အသိအမှတ်ပြုခြင်းစနစ်ကို ရေဒီယို/ရုပ်မြင်သံကြား စသည့်မီဒီယာများဖြင့် စည်းရုံးလှုံ့ဆော်မှုပြုလုပ်နိုင်ပါသည်။

ဃ) လက်လီဖြန့်ဖြူးရောင်းချသူများအနေဖြင့် စံပြအနေဖြင့်ရှိလာမည့် ၎င်းတို့၏ဆိုင်ခန်းများကို အဆင့်မြှင့်ရန် အထောက်အပံ့ပေးခြင်း။ အစီအစဉ်အထောက်အပံ့သည် အကာအကွယ်ကိရိယာများ၊ အသေးစားပစ္စည်းကိရိယာများကို အလုပ်သမားများ အသုံးပြုနိုင်ရန်အတွက် ပြည်ပထောက်ပံ့ရန်ပုံငွေရယူခြင်း ပုံစံမျိုးလည်းဖြစ်နိုင်ပါသည်။ စံပြအနေဖြင့် အသုံးပြုမည့်ဆိုင်ခန်းများသည် ငါးချဆိပ် သို့မဟုတ် လက်ကားဈေး၏ အနီးဝန်းကျင်တွင်ရှိသင့်ကြောင်း အဆိုပြုထားသည်။

**၂။ ငါးဖမ်းကိရိယာများဆိုင်ရာ နည်းဥပဒေများအားလိုက်နာခြင်းဖြင့် ကုန်ကျစရိတ်သက်သာသည့် အကျိုးအမြတ်ရရှိနိုင်ကြောင်းကို ရေလုပ်သားများ သဘောပေါက်နားလည်မှုအား မြှင့်တင်ပေးခြင်းနှင့် အဆင့်မြှင့်တင်ထုတ်လုပ်ထားသော ပိုမိုအထိအမိကောင်းပြီး ရွေးချယ်ဖမ်းဆီးနိုင်သော ငါးဖမ်းကိရိယာများကို လက်ခံသုံးစွဲမှု မြှင့်တင်ရေး ကျေးရွာအဆင့်ဆောင်ရွက်မှုများနှင့် ရေလုပ်သားများနှင့် ငါးဖမ်းကိရိယာဖြန့်ဖြူးသူများအကြား ချိတ်ဆက်မှုအား မြှင့်တင်ပေးခြင်း။**

က) ဖျာပုံဒေသအတွင်းရှိ ကျွမ်းကျင်သော ငါးဖမ်းကိရိယာပြုပြင်ထုတ်လုပ်သူများ အထူးသဖြင့် အမျိုးသမီးများအား ပိုမိုအထိအမိကောင်းပြီး ရွေးချယ်ဖမ်းဆီးနိုင်သည့် ငါးဖမ်းကိရိယာများအကြောင်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် အလားအလာရှိသော လက်ကားဈေးကွက်အစီအစဉ်များနှင့် ၎င်းတို့၏ ငါးဖမ်းကိရိယာထုတ်ကုန်ပစ္စည်းများအကြောင်း ငါးဖမ်းကိရိယာ တင်သွင်းဖြန့်ဖြူးသူများမှ ရှင်းလင်းတင်ပြခြင်း။

ခ) ပိုမိုထိမိမှုကောင်းပြီး ရွေးချယ်ဖမ်းဆီးနိုင်သော ငါးဖမ်းကိရိယာများအား သရုပ်ပြဖမ်းဆီးပြသခြင်းနှင့် အသုံးပြုသူအဖွဲ့များ၏ ထိမိမှုများအား အကဲဖြတ်စေခြင်းဖြင့် ၎င်း ငါးဖမ်းကိရိယာများကြောင့် ကျန်ကျစရိတ်ကို ထိရောက်စွာလျှော့ချနိုင်မှုကို သတင်းအချက်အလက်ရရှိစေရန်နှင့် နားလည်သဘောပေါက်စေရန် မြှင့်တင်ဆောင်ရွက်ပေးခြင်း။

ဂ) ပိုမိုထိမိမှုကောင်းပြီး ရွေးချယ်ဖမ်းဆီးနိုင်သော ငါးဖမ်းကိရိယာများအား ဖွံ့ဖြိုးတိုးတက်စေရန် ကျေးရွာများအား ယှဉ်ပြိုင်စေခြင်း၊ ထိုသို့ယှဉ်ပြိုင်မှုများအား ကျား/မ မရွေး ပါဝင်စေခြင်းနှင့် ထိုသို့ယှဉ်ပြိုင်ရာတွင် လိုအပ်သောပစ္စည်းများအား စီမံကိန်းမှထောက်ပံ့ပေးရန်  အဆိုပြုတင်ပြထားပါသည်။ အနိုင်ရရှိသော ငါးဖမ်းကိရိယာပုံစံများအား အချက်အခြာကျသောနေရာ (ဆိပ်ကမ်းများ၊ ဘုန်းကြီးကျောင်းများ၊ ငါးစုဆောင်းသည့် ငါးရွှဲဒိုင်များ၊ လက်ကားငါးဒိုင်များ) များတွင် ပိုစတာများ၊ တာပေါ်လင်စများပေါ်တွင် ရိုက်နှိပ်ထားသော ကြော်ငြာများဖြင့်ပြသထားခြင်း။

ဃ) ငါးဖမ်းလှေငယ်ပိုင်ရှင်များ၏ ဝင်ငွေနှင့်ဆီလျော်သော ငွေကြေးအထောက်အကူပြု စနစ်တရပ်ပေါ်ထွန်းလာစေရန်အတွက် ငွေကြေးဆိုင်ရာအဖွဲ့အစည်းများနှင့် ငါးဖမ်းကိရိယာဖြန့်ဖြူးသူများနှင့် ၎င်းတို့၏ လက်လီရောင်းချသူများအား

အကူအညီပေးသွားမည်ဖြစ်ပါသည်။ စီမံကိန်းအနေဖြင့် ရေလုပ်သားများအတွင်း တန်ဖိုးနည်းငါးဖမ်းကိရိယာများအား ငွေချေးဝယ်ယူနိုင်စေမည့် အချိုးတူငွေစုဆောင်းခြင်း အစီအစဉ်တစ်ရပ် ဖြစ်ပေါ်လာစေရန်လည်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(င) ငါးဖမ်းကိရိယာများ လက်လီရောင်းချခြင်း၊ ပိုက်ထိုးခြင်းနှင့် ပိုက်ဖာထေးပြုပြင်ခြင်းဆိုင်ရာ အမျိုးသမီးများစီမံခန့်ခွဲသော ကျေးရွာအခြေပြုအဖွဲ့ငယ်များ ပေါ်ပေါက်လာစေနိုင်မည့် ဖြစ်နိုင်ခြေရှိသည့် အလားအလာများအားလည်း လေ့လာသွားမည်ဖြစ်ပါသည်။

## ငါးဖမ်းဆီးရေး

**၃။ ရေလုပ်သားတံငါသည်များအနေဖြင့် ၎င်းတို့၏ငါးဖမ်းလုပ်ငန်းအား ရေရှည်တည်တံ့သော စီးပွားရေးလုပ်ငန်းတစ်ရပ်အဖြစ် စီမံခန့်ခွဲတတ်စေရန်နှင့် ရေရှည်တည်တံ့ပြီး ရာသီဥတုနှင့်ကိုက်ညီသော ငါးဖမ်းနည်းစနစ်များအား လက်ခံရရှိရေးအတွက် ဒေသဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ပေးသော ဝန်ဆောင်မှုများပေးရန်။**

(က) ကျေးရွာအလိုက် စီမံခန့်ခွဲမှု အရည်အသွေးတိုးတက်ရေး၊ အတွေ့အကြုံများနှင့် စိတ်ဝင်စားမှုများအပေါ်မူတည်သည့် ပံ့ပိုးပေးသူများ (တက်ကြွသောအမျိုးသမီးနှင့် အများသားခေါင်းဆောင်များ) ပါဝင်သော လေ့လာသင်ယူရေးကွန်ယက် (Village Learning Networks) များအား တည်ထောင်ပေးရန်။ ပံ့ပိုးပေးသူများအား ရေရှည်တည်တံ့သော ငါးလုပ်ငန်း၊ ရာသီဥတုနှင့်ကိုက်ညီသော စနစ်ကျသည့် ငါးဖမ်းနည်းစနစ်များ၊ ပင်လယ်ပြင်လုံခြုံရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေး (OSH)၊ ရေရှည်တည်တံ့သော လုပ်ငန်းဆိုင်ရာစီမံခန့်ခွဲမှု၊ ကျား/မ တန်းတူ ပါဝင်ဆောင်ရွက်ခွင့်ရရှိရေးအတွက် အသိပညာပေးလှုံ့ဆော်ခြင်းဆိုင်ရာ အသေးစိတ်သင်တန်းများ ပို့ချပေးမည်ဖြစ်ပါသည်။ ၎င်းကျေးရွာလေ့လာသင်ယူရေးကွန်ယက်များတွင် အိမ်ထောင်ရှင်အမျိုးသားရော ဇနီးအမျိုးသမီးပါ ပူးပေါင်းပါဝင်ကြရန် အကြံပြုမည်ဖြစ်ပါသည်။ စီမံကိန်းမှ အောက်ပါတို့ကို ထောက်ပံ့ပေးမည်ဖြစ်ပါသည်။

- မြန်မာဘာသာသို့ အသင့်ဆီလျော်အောင် ဘာသာပြန်ထားသော သင်ခန်းစာများနှင့် အလေ့အထပြောင်းလဲခြင်းဆိုင်ရာ ဆောင်ရွက်ခြင်းများ။
- သင်တန်းဆိုင်ရာစနစ်အားဖေါ်ထုတ်ခြင်း
- လက်တွေ့သင်တန်းအတွက် ငါးဖမ်းကိရိယာများနှင့် အုပ်စုဝင်အသင်းသားများ အလှည့်ကျသုံးစွဲနိုင်ပြီး ဖမ်းဆီးရမိသည့် ငါးကုန်တက်မှ အချိုးကျပေးသွင်းစေနိုင်မည့် အစီအစဉ်များ (ဥပမာ - ထောက်ပံ့ပစ္စည်းများ၊ လက်ကမ်းစာစောင်၊ ပံ့ပိုးသူများအတွက် တိုကင်များ)
- ပံ့ပိုးသူများအတွက်သင်တန်းများ
- စတင်အကောင်အထည်ဖေါ်ချိန်တွင် လိုအပ်မည့် အဖွဲ့အစည်းတိုးတက်ခိုင်မာစေရေးပံ့ပိုးမှုများ။

(ခ) ကျေးလက်လူထုအဆင့် ရေရှည်တည်တံ့သော ငါးလုပ်ငန်းအတွက် လှုံ့ဆော်ခြင်းများ ဆောင်ရွက်ခြင်းနှင့် ရည်ရွယ်ထားသောအလေ့အကျင့်ကို အမှတ်ရစေသည့် အောင်မြင်မှုအကြောင်း (success stories) များအား ဖြန့်ဝေခြင်းများ။ ၎င်းလုပ်ငန်းများအား မိတ်ဖက်အဖွဲ့အစည်းများဖြစ်သော ငါးလုပ်ငန်းဦးစီးဌာန၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့နှင့် ဘုန်းတော်ကြီးကျောင်းများ၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖေါ်ဆောင်ရွက်ခြင်း။

(ဂ) ငါးလုပ်ငန်းအရင်းအမြစ်ဆိုင်ရာ အဓိကစခန်းများအား ကျေးရွာဘုန်းတော်ကြီးကျောင်းများတွင် ထူထောင်ခြင်းနှင့် ဖျာပုံတွင် ငါးလုပ်ငန်းသင်တန်းကျောင်း (Fishery Training Center)ထူထောင်ခြင်း။ အစပိုင်းတွင် ကျေးရွာဘုန်းတော်ကြီးကျောင်းများအတွင်း နေရာငယ်တစ်ခုသတ်မှတ်ပြီး ကျေးရွာသားများအနေဖြင့် သင်တန်းဆိုင်ရာပစ္စည်းများ၊ ငါးလုပ်ငန်းဆိုင်ရာ မှီငြမ်းပြုစရာများ မိတ္တူရယူခြင်း၊ ယှဉ်ပြိုင်ခြင်းမှ ငါးဖမ်းကိရိယာများ၊ လုပ်ငန်းစီမံချက်ဆိုင်ရာပိုစတာများ (အဖွဲ့အစည်းတိုးတက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲမှရရှိသော)၊ စသည်တို့ကို ထားရှိပေးမည်ဖြစ်ပါသည်။ စီမံကိန်းအနေဖြင့် IEC များ၊ မှီငြမ်းပြုစရာ စာရွက်စာတမ်းများအပြင် စားပွဲနှင့်ကုလားထိုင်များ၊ စင်နှင့်ဘုတ်များ (shelves and boards) ပံ့ပိုးပေးမည်ဖြစ်ပါသည်။

## ရောင်းဝယ်ရေး

**၄။ ငါးစုဆောင်းသောနေရာ (ငါးဒိုင်) များ၏ စွမ်းဆောင်ရည်အား အဆင့်မြှင့်တင်ပေးခြင်းဖြင့် အခြေခံအစားအစာ ဘေးကင်းလုံခြုံရေးနှင့် မှန်ကန်သောငါးကိုင်တွယ်ခြင်းနည်းစနစ်များအား အလုပ်သမားများနှင့် ဖောက်သည်များသို့ ညွှန်ကြားပြသပေးနိုင်ပါသည်။**

(က) ငါးလုပ်ငန်းဆိုင်ရာသင်တန်းကျောင်း၏ စွမ်းဆောင်ရည်အားမြှင့်တင်ပေးပြီး၊ သင်တန်းများပို့ချခြင်းနှင့် သင်ကြားပြသခြင်းဆိုင်ရာ ပံ့ပိုးမှုများကိုဆောင်ရွက်ပေးခြင်းဖြင့် အဆိုပြုထားသော ကျေးရွာလေ့လာသင်ယူရေးကွန်ယက်များနှင့် ငါးစုဆောင်းသောနေရာ (ငါးရှဲဒိုင်) များအနေဖြင့် အစားအစာဘေးကင်းလုံခြုံရေးနှင့် မှန်ကန်သောငါးကိုင်တွယ်နည်းစနစ်များအား ဆရာဖြစ်သင်တန်းများမှတဆင့် ဖြန့်ဝေခြင်းနှင့် သင်တန်းဆိုင်ရာသင်ခန်းစာများနှင့် သင်ကြားမှုအထောက်အကူပစ္စည်းများအား ပံ့ပိုးပေးနိုင်မည်ဖြစ်ပါသည်။

(ခ) ငါးစုဆောင်းသောနေရာ (ငါးရှဲဒိုင်) ၂ ခု သို့မဟုတ် ၃ ခုအား စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းဖြင့် ညွှန်ပြအကြံပေးခြင်း၊ နည်းပြခြင်းဆိုင်ရာ လုပ်ငန်းများအား အလုပ်သမားများနှင့် ငါးပေးသွင်းသူဖောက်သည်များသို့ ပြသပေးနိုင်မည်ဖြစ်ပါသည်။ စီမံကိန်းအနေဖြင့် အောက်ပါတို့ကို ပံ့ပိုးပေးနိုင်မည်ဖြစ်ပါသည်။

- အနိမ့်ဆုံး အစားအစာဘေးကင်းလုံခြုံရေးဆိုင်ရာ လိုအပ်ချက်များနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး (OSH) ဆိုင်ရာအချက်အလက်များနှင့် ကိုက်ညီစေရန် ၎င်းတို့၏လုပ်ငန်းများအား ပံ့ပိုးပေးခြင်းနှင့် ကိရိယာငယ်များ (ငါးရွေးခုံ-sorting table၊ သန့်ရှင်းသောကုန်သေတ္တာများ - clean containers၊ စသည်များ) ထောက်ပံ့ပေးခြင်း။
- မြန်မာဘာသာသို့ပြန်ဆိုထားသော ငါးစုဆောင်းသည့်လုပ်ငန်းဆိုင်ရာသင်တန်း၏ သင်ခန်းစာများ။
- ညွှန်းကြားပြသခြင်းနှင့် နည်းပြခြင်းဆိုင်ရာ စနစ်တစ်ခုအား ဖေါ်ထုတ်ခြင်း။
- စတင်ဦးဆောင်ဆောင်ရွက်စဉ်ကာလအတွင်း လမ်းညွှန်ပြသခြင်း။

## လက်လီဖြန့်ဖြူးရောင်းချခြင်း

**၅။ လက်လီရောင်းချသူ ဈေးသည်များအတွက် ပိုမိုထိရောက်သော ဈေးရောင်းနည်းအလေ့အထများကို လက်ခံဆောင်ရွက်နိုင်ရန်နှင့် တပြိုင်တည်းတွင် အရောင်းမြှင့်တင်မှုမက်လုံးများဖြင့် ဈေးကွက်မြင့်တင်ဆောင်ရွက်သွားတတ်စေရန်။**

က) ဖျာပုံဒေသအတွင်းရှိ တက်ကြွစိတ်ဝင်စားသော လက်လီဈေးသည်များ၊ ကုန်သည်များနှင့် ဈေးရုံအုပ်ချုပ်သူများ သို့မဟုတ် ဈေးကော်မတီများနှင့် မြန်မာနိုင်ငံစားသုံးသူများအဖွဲ့ တို့ပါဝင်သော ပံ့ပိုးသူများအစုအဖွဲ့ ကိုဖေါ်ထုတ်ခြင်းနှင့် သင်တန်းများပေးခြင်း။

ခ) မြန်မာဘာသာသို့ ဆီလျော်အောင်ဘာသာပြန်ဆိုထားသော အောက်ပါဘာသာရပ်များဆိုင်ရာသင်တန်းအတွက် သင်ခန်းစာများ

- အစားအစာဘေးကင်းလုံခြုံရေးနှင့် အရည်အသွေး (လက်လီဈေးသည်များနှင့် အလယ်အလတ်အဆင့် ငါးပြုပြင်ထုတ်လုပ်သူများအတွက်)
- ထင်သာမြင်သာအောင်ဖေါ်ပြပြီးအရောင်းမြှင့်တင်ခြင်း။
- လုပ်ငန်း / ငွေကြေး စီမံခန့်ခွဲမှု
- လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေး

ဂ) သင်တန်းပို့ချချက်များနှင့် ငွေကြေးဆိုင်ရာ အောင်မြင်စေရေး အစီအစဉ်များအား တိုးတက်အောင်ဖေါ် ထုတ်တည်ဆောက်ခြင်းနှင့် လုပ်ကိုင်လည်ပတ်စေခြင်း။ အောက်ပါတို့မှာ သင်ကြားမှုကုန်ကျစရိတ်များ (တိုကင်/ သင်တန်းပို့ချသည့် ဆရာစရိတ်နှင့် ထောက်ပံ့မှုများ) အားကာမိစေမည့် ဖြစ်နိုင်သည့် ငွေပေးချေမှု အစီအစဉ်များဖြစ်ပါသည်။

- သင်တန်းကုန်ကျစရိတ် (တိုကင် / သင်တန်းဆရာအတွက် ဉာဏ်ပူဇော်ခနှင့် ထောက်ပံ့မှုများ) အား လက်ရှိဈေးသည်များထံမှ အသုံးဝင်မှုအတွက် ငွေပေးသွင်းစေခြင်းနှင့် အသစ်ဝင်ရောက်လာသူများထံမှ မျက်နှာစာကြေးပေးသွင်းမှုများမှ ကျခံသုံးစွဲခြင်း။
- အနိမ့်ဆုံးဝင်ကြေး (upfront fees) နှင့် တိုးပွားလာသော သင်တန်းကုန်ကျစရိတ်မှရငွေများ၊ ထုတ်ပိုးပစ္စည်းများ၊ လုပ်ငန်းခွင်သုံး ကိုယ်ရုံအကာအကွယ်ဝတ်ရုံများ၊ ငါးဖမ်းပိုက်နှင့် စားပွဲခုံငှားခများ စသောရရှိငွေများ။

ဃ) မျက်နှာစာနှင့် စားပွဲများ အဆင့်မြှင့်တင်ခြင်း။ ၄င်းတွင် အောက်ပါတို့ပါဝင်နိုင်ပါသည်။

- အစားအစာ ဘေးကင်းလုံခြုံရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး (OSH) ဆိုင်ရာ အချက်အလက်များကိုက်ညီပြီး အမြင်အားဖြင့် လှပသော တန်ဖိုးနည်းလုပ်ငန်းသုံးစားပွဲနှင့် မျက်နှာစာများအား ဆောက်လုပ်နိုင်ရန်အတွက် တည်ဆောက်သူများအား ပုံစံထုတ်ခြင်းနှင့် တည်ဆောက်မှုတွင်ကူညီပေးခြင်း။
- ဆန်းသစ်ဖေါ်ထုတ်ရရှိထားသော မျက်နှာစာအဆင့်မြှင့်တင်ခြင်းများအား အားပေးအားမြှောက်နိုင်ရန် စီမံကိန်းအနေဖြင့် အောက်ပါတို့အား ရွေးချယ်ဆောင်ရွက်ပေးနိုင်ပါသည်။ (က) လုပ်ငန်းသဘောသဘာဝအားဖြင့် ဈေးကွက်မြှင့်တင်ရန် ကြေညာဆိုင်းဘုတ်များ ဆောင်ရွက်လေ့ရှိသည့်ကုမ္ပဏီများ (ဥပမာ - Oppo; တယ်လီနော၊ ကိုကာကိုလာ၊ မြန်မာဘီယာ စသည်များ) နှင့် ဈေးအုပ်ချုပ်ရေးအဖွဲ့ များနှင့် မိတ်ဖွဲ့ ချိတ်ဆက်ပေးခြင်း။ (ခ) ဘဏ်များနှင့် အခြားငွေကြေးအဖွဲ့ အစည်းများနှင့်ချိတ်ဆက်ပေးခြင်း။ (ဂ) ရေလုပ်သားများအတွင်း တည်ထောင်ထားသော ငွေစု / ငွေချေးအဖွဲ့ များအား လက်ရှိစာပွဲခုံများအား အဆင့်မြှင့်တင်ရန်နှင့် အသစ်ဝယ်ယူရန် ပံ့ပိုးပေးနိုင်ရေးအတွက် ပံ့ပိုးမြှင့်တင်ပေးခြင်း။
- သင်တန်းပြုလုပ်ရာနေရာတွင် စံပြမျက်နှာစာတစ်ခုအား တပ်ခြင်ပြသခြင်း။

င) အစိုးရအဖွဲ့ အစည်းများနှင့် စားသုံးသူများမှမှတ်မိစေမည့် စနစ်တစ်ခုအားဖေါ်ထုတ်ခြင်း။ ၄င်းစနစ်တွင် ယှဉ်ပြိုင်ခြင်းပုံစံ (၃ လတစ်ကြိမ် စားသုံးသူများမှ လှပပြီးအန္တရာယ်ကင်းသော မျက်နှာစာအား အမှတ်ပေးရွေးချယ်ခြင်းအစီအစဉ်) ဖြင့် ယှဉ်ပြိုင်စေနိုင်ပါသည်။ မှတ်မိစေမည့်အစီအစဉ်သည် အစားအစာဘေးကင်းလုံခြုံရေးနှင့် လုပ်ငန်းခွင်ဘေး အန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး (OSH) များအား သိရှိနားလည်စေရန် ထောက်ပံ့ပေးမည်ဖြစ်ပါသည်။

စ) စားသုံးသူများထံမှ သဘောထားပြန်လည်ကောက်ယူခြင်း အစီအစဉ်အား နှစ်ဝက်တစ်ကြိမ် သို့မဟုတ် တစ်နှစ်တစ်ကြိမ် ဆောင်ရွက်ရန်အတွက် အထောက်အပံ့ပေးရန်။ စားသုံးသူများထံမှ သဘောထားကောက်ယူခြင်းလုပ်ငန်းအား ရည်ရွယ်ချက် ၂ ရပ် ဖြင့် ဆောင်ရွက်ရန်ဖြစ်ပါသည်။ (က) ထောက်ခံသူများလာစေရန် လုပ်ဆောင်ရမည့်အချက်အလက်များအား စီမံကိန်းရေးဆွဲနိုင်ရန်။ (ခ) ငါးလက်လီဒိုင်များအနေဖြင့် လိုက်ပါလုပ်ဆောင်လာစေရန်နှင့် စဉ်ဆက်မပြတ် အဆင့်မြှင့်တင်ဆောင်ရွက်လာစေရန် အရင်းခံအကြောင်းတရားအား မျှဝေပေးရန်။ သဘောထားကောက်ခံရယူမှုအား “Dot Survey” နည်းစနစ်ဖြင့်ဆောင်ရွက်ရန်။ ၄င်းနည်းစနစ်သည် ရိုးရှင်းပြီးထိရောက်သော စာရင်းဇယားကောက်ခံသည့် နည်းစနစ်တစ်ရပ်ဖြစ်ပြီး၊ အရေအတွက်ကန့်သတ်ထားသော မေးခွန်းများအား ဘုတ်ပြားပေါ်တွင်ပြသထားပြီး၊ စားသုံးသူများမှ ၄င်းတို့၏တုံ့ပြန်ဖြေကြားချက်များအား ကိုယ်စားပြုသော အရောင်ဆိုးထားသည့် ကတ်ပြား သို့မဟုတ် အစက်များအသုံးပြုပြီး ဖြေကြားခြင်းဖြစ်ပါသည်။ ရရှိသောဖြေကြားချက်များအား ခွဲခြမ်းစိပ်ဖြာသုံးသပ် (analysis) ရာတွင် ငါးလက်လီရောင်းချသူများနှင့် အခြားပါဝင်ပတ်သက်သူများ (stakeholders) ရှေ့မှောက်တွင်ဆောင်ရွက်ရန်။ အပြုသဘောဆောင်သောရလာဒ် (positive results) များအား အခြားလုပ်ငန်းများအနေဖြင့် အဆင့်မြှင့်တင်မှုလုပ်ငန်းအား အားကျပါဝင်လာစေရန်အတွက် သတင်းမီဒီယာများဖြန့်ဖြူးပေးရန်။

## ပြုပြင်ထုတ်လုပ်မှုလုပ်ငန်းများ

**၆။ စီးပွားရေးအရ ပေးအပ်ချက်တစ်ခုဖြစ်သော ထုတ်လုပ်မှုစွမ်းရည်မြှင့်တင်မည့်အစီအမံအားဆောင်ရွက်နိုင်ရန် ဒေသခံများ၏ စွမ်းရည်အား ဖေါ်ထုတ်ပေးရန်နှင့် ရေချိုငါးလုပ်ငန်း ကဏ္ဍငယ်တွင်ပါဝင်သည့်လုပ်ငန်းများ အထူးသဖြင့် ပြုပြင်ထုတ်လုပ်ရေးလုပ်ငန်းများ လုပ်ဆောင်သည့် ကုမ္ပဏီများအား ပတ်သက်ဆက်စပ်သော ဝန်ဆောင်မှုများပေးရန်။**

က) ပံ့ပိုးသူများ၏သင်တန်းများနှင့် ဆီလျော်အောင်ဘာသာပြန်ဆိုထားသော ရေလုပ်ငန်းဆိုင်ရာသင်ခန်းစာများ။

ခ) မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် (MFF) နှင့် တက္ကသိုလ် များသို့ ကုန်ထုတ်လုပ်မှုတိုးတက်ရေးအစီအစဉ်များ တိုးတက်ပြောင်းလဲရန်သေချာသော နည်းပညာဆိုင်ရာပံ့ပိုးမှုနှင့် အခြားဆက်စပ်သော ဝန်ဆောင်မှုများပေးခြင်း။

ဂ) ကုန်ထုတ်လုပ်မှုတိုးတက်ရေး အစီအစဉ်များနှင့် အခြားဆက်စပ်သော ဝန်ဆောင်မှုများအတွက် ဈေးကွက်ဝယ်လိုအားလှုံ့ဆော်ရန်အတွက် ဈေးရောင်းပွဲတော်များဆောင်ရွက်ခြင်း။

## ပတ်ဝန်းကျင်ဆိုင်ရာစွမ်းဆောင်မှုရှိစေခြင်း / ထုတ်လုပ်ရေးလုပ်ငန်းများဆက်စပ်မှု

**၇။ ဖျာပုံဒေသရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် (MFF) နှင့် လက်တွဲပြီး ငါးလုပ်ငန်းစီမံခန့်ခွဲမှု (fisheries management)၊ အစားအစာဘေးကင်းလုံခြုံရေးနှင့် အရည်အသွေး (food sagety and quality)၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး (OSH) ဆိုင်ရာများတွင် စံသတ်မှတ်ချက်များနှင့် လုပ်ထုံးလုပ်နည်းများနှင့်ကိုက်ညီစေရန် အချိတ်အဆက်မိမိ အကောင်အထည်ဖေါ်ဆောင်ရွက်မည့် ဆောင်ရွက်ချက်များအား ဖွံ့ဖြိုးတိုးတက်စေခြင်း။**

က) အများပူးပေါင်းပါဝင်သော ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖေါ်ဆောင်ရွက်ချက်များ/ ငါးလုပ်ငန်း စီမံခန့်ခွဲမှု၊ အစားအစာဘေးကင်းလုံခြုံရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး (OSH) များတွင် ကောင်းမွန်သောအလေ့အကျင့်စနစ် (Good Practices) နှင့်ကိုက်ညီစေခြင်း။

- ကောင်းမွန်သောအလေ့အကျင့်စနစ် (Good Practices) မှုကြမ်းရရှိရေးနှင့် အပြီးသတ်စီမံခန့်ခွဲမှုစနစ်ထွက်ပေါ်လာစေရန် လိုအပ်သည့် နည်းပညာအထောက်အပံ့များပေးရန်။
- သွင်းအားစု (Inputs) များအားစုစည်းရန်နှင့် တုံ့ပြန်ချက်များအား သိရှိစေရန်အတွက် အလုပ်ရုံဆွေးနွေးပွဲများဆောင်ရွက်ရန်နှင့် အကြံဉာဏ်ရယူ ညှိနှိုင်းဆွေးနွေးပွဲများဆောင်ရွက်ရန်။
- ထွက်ပေါ်လာသည့် ကောင်းမွန်သော အလေ့အကျင့်စနစ် (Emerging Good Practices) အား ဖျာပုံဒေသရှိ ရေလုပ်ငန်းဆိုင်ရာ စက်မှုလုပ်ငန်းများနှင့် ပတ်သက်ဆက်နွယ်သူများအားလုံးက လက်ခံကျင့်သုံးကြောင်း တရားဝင်အသိအမှတ်ပြုချက် ရရှိစေရန် ပံ့ပိုးကူညီခြင်း။

ခ) ပတ်သက်ဆက်နွယ်သူများအားလုံးက ထွက်ပေါ်လာသည့် ကောင်းမွန်သောအလေ့အကျင့်စနစ်အား လက်ခံကျင့်သုံးလာစေရန် လှုံ့ဆော်ရေးအစီအစဉ်များအားဆောင်ရွက်ရန်။ ၄င်းလှုံ့ဆော်ရေးအစီအစဉ်အား လူထုအများပါဝင်သောအခမ်းအနားများနှင့် ထုတ်ဝေဖြန့်ချိသော မီဒီယာများတွင် ထည့်သွင်းဖေါ်ပြရန်။

ဂ) ဖျာပုံတွင် အသိပညာဝေမျှရန်နှင့် ထွက်ပေါ်လာသောကောင်းမွန်သည့်အလေ့အကျင့်စနစ်အား ပြန်လည်သုံးသပ်ရန်အပါအဝင် သတ်မှတ်ထားသောလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အဖွဲ့အစည်းအတွင်း စုံရပ် (platform) တစ်ခုဖန်တီးရန်။ ၄င်းစကြန်တွင် ပူးပေါင်းပါဝင်နိုင်သူများမှာ ဖျာပုံဒေသရှိ ရေချိုငါးလုပ်ငန်းကဏ္ဍငယ်၏ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် (MFF)၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့၊ ရေချိုငါးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များတွင် ပါဝင်ပတ်သက်နေသောအလှူရှင်များ၊ ငါးလုပ်ငန်းဦးစီးဌာန (DOF) နှင့် လုပ်ငန်းခြင်းပတ်သက်ဆက်နွယ်မှုရှိသည့် အခြားသောအစိုးရအဖွဲ့အစည်းများ ဖြစ်နိုင်ပါသည်။

**၈။ နက်ရှိုင်းစွာပါဝင်မှု (more inclusion) နှင့် အများပူးပေါင်းပါဝင်မှုရှိပြီး ရေရှည်တည်တံ့သောပတ်ဝန်းကျင်အား ရရှိစေပြီး ရေလုပ်သားများအနေဖြင့်လည်း ၄င်းတို့၏ လူမှုရေးနှင့် စီးပွါးရေးဆိုင်ရာရည်မှန်းချက်ပန်းတိုင်များအား ရောက်ရှိစေနိုင်မည့် ငါးလုပ်ငန်းစီမံခန့်ခွဲမှုပုံစံတစ်ခု ထွက်ပေါ်လာစေရန် လိုအပ်သော အထောက်အပံ့များပေးရန်။**

က) အဖွဲ့တစ်ဖွဲ့ သို့မဟုတ် နှစ်ဖွဲ့အား ဖွဲ့စည်းနိုင်ရေးအတွက် ပံ့ပိုးပေးရန်နှင့် ၄င်းအဖွဲ့များ၏ ဖွဲ့စည်းပုံဆိုင်ရာ တိုးတက်ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ပေးရန်။

ခ) ၄င်းအဖွဲ့များအနေဖြင့် ငါးလုပ်ငန်း ပူးတွဲစီမံခန့်ခွဲမှုဆိုင်ရာမူဘောင် (fishery co-management scheme) အတွင်းမှ ငါးလုပ်ငန်း သယံဇာတအရင်းအမြစ်များအား ရရှိနိုင်ရေးအတွက် အထောက်အကူပြုနိုင်သော အလားအလာများအား ရှာဖွေဖေါ်ထုတ်ရန်။

ဂ) ရရှိသောအတွေ့အကြုံ များအား အခြေခံပြီး၊ LIFT စီမံကိန်းနှင့် ပူးပေါင်းဆောင်ရွက် အကောင်အထည်ဖေါ်လျှက်ရှိသော ပူးတွဲစီမံခန့်ခွဲမှု (co-management) ဆိုင်ရာ မူဝါဒချမှတ်နိုင်ရေး ပြင်ဆင်မှုလုပ်ငန်းများအား အထောက်အပံ့ပေးရန်။

# ဂ။ အဆိုပြုလုပ်ငန်းစီမံချက်

ပထမနှစ်တွင် အကောင်အထည်ဖော်နိုင်ချေရှိသော ဆောင်ရွက်မှုနယ်ပယ်နှင့်ပတ်သက်၍ စီမံကိန်းကိုလမ်းညွှန်ပေးရန် ဒီဇိုင်းပုံဖော်ထားသည့် လုပ်ငန်းစီမံချက်နှင့် အဆိုပြုဝင်ရောက်ဆောင်ရွက်ခြင်းအစီအစဉ်များကို ဇယား ၂၀ တွင် ဖော်ပြထားပါသည်။

**ဇယား ၂၀။ အဆိုပြုလုပ်ငန်းစီမံချက်**

| ကြားဝင်ဆောင်ရွက်ခြင်း | လ | | | | | | | | ဒုတိယနှစ် |
|---|---|---|---|---|---|---|---|---|---|
| | May | Jun | Jul | Aug | Sep | Oct | Nov | Dec | |
| **လက်လီရောင်းသည်များနှင့် ဖြန့်ဖြူးသူများအား မှန်ကန်သောရေခဲကိုင်တွယ်နည်းနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာသင်တန်းများ ပေးနိုင်ရေးအတွက် ရေခဲစက်ရုံများ၏ စွမ်းဆောင်ရည်မြင့်တင်ပေးခြင်း** | | | | | | | | | |
| ဖျာပုံနှင့်ပတ်ဝန်းကျင်ရှိ စိတ်ပါဝင်စားသော ရေခဲစက်ရုံများသို့သွားရောက်ပြီး မှန်ကန်သောရေခဲကိုင်တွယ်မှုနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး ဆိုင်ရာအခြေအနေအား အကဲခတ်လေ့လာခြင်း | | | | | | | | | |
| ရေခဲလက်လီဖြန့်ဖြူးသူများ၏ အရည်အသွေးမြင့်တင်ပေးမည့် အစီအစဉ်တွင် ရှေ့ပြေးအဖြစ်ဆောင်ရွက်မည့် ရေခဲစက်ရုံများအား ရွေးချယ်သတ်မှတ်ခြင်း။ | | | | | | | | | |
| သင်တန်းအထောက်အကူပစ္စည်းများဖြစ်သော ဗီဒီယိုနှင့် ပိုစတာများ ဖေါ်ထုတ်သတ်မှတ်ခြင်း။ | | | | | | | | | |
| အရည်အသွေးမြင့်တင်ရေးအစီအစဉ် စတင်ဆောင်ရွက်ချိန်တွင် ရေခဲစက်ရုံများအား စောင့်ကြည့်အကဲခတ်လေ့လာခြင်း။ | | | | | | | | | |
| အသိအမှတ်ပြုခြင်းစနစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကောင်အထည်ဖော်ခြင်း | | | | | | | | | |
| အများဆုံးလက်ကားရောင်းသည် ၂ ဦးအား ၎င်းတို့၏ ဆိုင်ခန်းမျက်နှာစာအား စံပြအဖြစ် အဆင့်မြင့်တင်ရာတွင် အကူအညီပေးခြင်း။ | | | | | | | | | |
| အောင်မြင်သူများအကြောင်းကို ဖြန့်ဝေခြင်း / ဝေမျှခြင်း။ | | | | | | | | | |
| တိုးချဲ့မြင့်တင်ဆောင်ရွက်ခြင်း။ | | | | | | | | | |
| **ပိုမိုကောင်းမွန်ပြီး ရွေးချယ်ဖမ်းဆီးနိုင်သော ငါးဖမ်းကိရိယာများအား တံငါသည်များမှ ပိုမိုရရှိလာစေခြင်း** | | | | | | | | | |
| ငါးဖမ်းကိရိယာတင်သွင်းဖြန့်ဖြူးသူများနှင့် ရှေ့ပြေးအစည်းအဝေး / ရှင်းလင်းခြင်းနှင့် ညှိနှိုင်းခြင်းများဆောင်ရွက်ခြင်း။ | | | | | | | | | |
| ငါးဖမ်းကိရိယာဖြန့်ဖြူးသူများမှ ၎င်းတို့၏ ပိုမိုအထိအမိကောင်းပြီး ရွေးချယ်ဖမ်းဆီးနိုင်သော ငါးဖမ်းကိရိယာများအား တံငါသည်များနှင့် ပိုက်ပြုပြင်ဖာထေးသူများအား ရှင်းလင်းပြသခြင်း။ | | | | | | | | | |
| ပိုမိုအထိအမိကောင်းပြီး၊ ရွေးချယ်ဖမ်းဆီးနိုင်စွမ်းရှိသော ငါးဖမ်းကိရိယာများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကျေးရွာအလိုက် ယှဉ်ပြိုင်စေခြင်း။ | | | | | | | | | |
| အနိုင်ရရှိသော ငါးဖမ်းကိရိယာတည်ဆောက်မှုပုံစံအား ဖြန့်ဝေ- ပြန့်ပွါးစေခြင်း။ | | | | | | | | | |
| ငွေကြေးဆိုင်ရာထုတ်ကုန်ပစ္စည်းများ တိုးတက်အောင်ဆောင်ရွက်ရန်။ | | | | | | | | | |
| ငါးဖမ်းကိရိယာများအား လက်လီရောင်းချခြင်းနှင့် ပြုပြင်ဖာထေးခြင်းများတွင် ကျွမ်းကျင်မှုရှိသော အမျိုးသမီးများကိုယ်တိုင်ဦးစီးသော ကျေးရွာအခြေပြုလုပ်ငန်းများ ထူထောင်ရေးအတွက် ဖြစ်နိုင်ခြေအလားအလာများအား ရှာဖွေခြင်း။ | | | | | | | | | |

## ဇယား ၂၀။ အဆိုပြုလုပ်ငန်းစီမံချက်

| ကြားဝင်ဆောင်ရွက်ခြင်း | လ | | | | | | | | ဒုတိယနှစ် |
|---|---|---|---|---|---|---|---|---|---|
| | May | Jun | Jul | Aug | Sep | Oct | Nov | Dec | |
| ရေရှည်တည်တံ့ပြီး ရာသီဥတုနှင့်ကိုက်ညီသော ငါးဖမ်းနည်းစနစ်များအား တံငါသည်များမှ လက်ခံကျင့်သုံးလာစေရန်နှင့် ငါးဖမ်းလုပ်ငန်းအား ရေရှည်တည်တံ့အောင် တံငါသည်များကိုယ်တိုင် စီမံခန့်ခွဲလာစေရန်အတွက် လိုအပ်သောဝန်ဆောင်မှုများပေးနိုင်ရန် ဒေသခံများ၏စွမ်းဆောင်ရည်အား ဖွံ့ဖြိုးတိုးတက်စေခြင်း။ | | | | | | | | | |
| ရေ့ပြေးအဖြစ်ဆောင်ရွက်မည့် အဖွဲ့ ၂ ဖွဲ့အားရွေးချယ်ခြင်း။ | | | | | | | | | |
| ရွေးချယ်ထားသောအဖွဲ့များအား အဖွဲ့အစည်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပေးခြင်း။ | | | | | | | | | |
| သင်ယူမည့်ပံ့ပိုးပေးမည့်သူများအား ရွေးချယ်ခြင်း။ | | | | | | | | | |
| ပူးပေါင်းပါဝင်ဆောင်ရွက်မှုကို ဖွံ့ဖြိုးတိုးတက်စေခြင်း/သင်ယူမည့်ပံ့ပိုးသူများနှင့် သင်တန်းသင်ခန်းစာများအား လိုက်လျောညီထွေမှုရှိရန် ပြင်ဆင်ညှိနှိုင်းခြင်း။ | | | | | | | | | |
| သင်ယူမည့်ပံ့ပိုးသူများအား သင်တန်းပို့ချခြင်း။ | | | | | | | | | |
| ရေ့ပြေးအုပ်စုများအား သင်ကြားရေး စတင်ဆောင်ရွက်ချိန်တွင် လမ်းညွှန်ပြသခြင်း | | | | | | | | | |
| ရေရှည်တည်တံ့မည့် ငါးလုပ်ငန်းအကြောင်း စည်းရုံးလှုံ့ဆော်ရေးအား အကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်စေခြင်း | | | | | | | | | |
| ငါးလုပ်ငန်းဆိုင်ရာအရင်းအမြစ် အချက်အချာကျသောနေရာ (Fishery Resource Hup) များထူထောင်ခြင်း | | | | | | | | | |
| တိုးချဲ့ဆောင်ရွက်ခြင်း။ | | | | | | | | | |
| အခြေခံအစားအစာ ဘေးကင်းလုံခြုံရေးနှင့် မှန်ကန်သော ငါးကိုင်တွယ်ထိန်းသိမ်းခြင်းများအား အလုပ်သမားများနှင့် ဖေါက်သည်များအား လမ်းညွှန်ပြသပေးမည့် ငါးစုဆောင်းသည့် ငါးဒိုင်များ၏ လုပ်ငန်းဆောင်ရွက်မှုစွမ်းအား မြှင့်တင်ခြင်း။ | | | | | | | | | |
| သင်တန်းအတွက် သင်ခန်းစာများအား ဆီလျော်အောင်ပြုပြင်ခြင်း။ | | | | | | | | | |
| ငါးလုပ်ငန်းဆိုင်ရာ သင်တန်းခန်းမတွင် တာဝန်ယူမည့်ဝန်ထမ်းများအား ဆရာဖြစ်သင်တန်းပို့ချရေးဆောင်ရွက်ခြင်း။ | | | | | | | | | |
| ငါးလုပ်ငန်းဆိုင်ရာ သင်တန်းခန်းမရှိ ဝန်ထမ်းများအား ငါးဒိုင်များသို့ သင်တန်းများပို့ချရာတွင် လမ်းညွှန်ပြသပေးခြင်း။ | | | | | | | | | |
| ငါးစုဆောင်းသည့် ငါးဒိုင်များအား အဆင့်မြှင့်တင်မှုလုပ်ငန်းများအား အထောက်အပံ့ပေးခြင်း (တံငါသည်များနှင့် အလုပ်သမားများ နည်းပြပန်ဆောင်မှုပေးရာတွင် ရှေ့ပြေးဆောင်ရွက်ခြင်း။ | | | | | | | | | |
| နည်းပြစနစ်အားဖေါ်ထုတ်ခြင်း/ သင်ခန်းစာများအား ဖျာပုံဒေသနှင့်ကိုက်ညီအောင် ညှိနှိုင်းပြင်ဆင်မွမ်းမံခြင်း။ | | | | | | | | | |
| နည်းပြအစီအစဉ် စတင်ချိန်တွင် လမ်းညွှန်ပြသခြင်း။ | | | | | | | | | |
| အောင်မြင်မှုများအားဖြန့်ဝေခြင်း | | | | | | | | | |
| တိုးချဲ့မြှင့်တင ဆောင်ရွက်ခြင်း | | | | | | | | | |

## ဇယား ၂၀။ အဆိုပြုလုပ်ငန်းစီမံချက်

| ကြားဝင်ဆောင်ရွက်ခြင်း | လ | | | | | | | | ဒုတိယနှစ် |
|---|---|---|---|---|---|---|---|---|---|
| | May | Jun | Jul | Aug | Sep | Oct | Nov | Dec | |
| ပိုမိုကောင်းမွန်သော ဈေးကွက်ဆိုင်ရာအလေ့အကျင့်များ ကျင့်သုံးရေးအတွက် ဝန်ဆောင်မှုများပေးရာတွင် လက်လီဈေးသည်များ၏ လက်ခံရရှိနိုင်မှုအား မြင့်တင်ပေးခြင်း။ | | | | | | | | | |
| ဖြစ်နိုင်သောပွဲပိုးသူများအား သတ်မှတ်ရွေးချယ်ခြင်း။ | | | | | | | | | |
| သင်တန်းစနစ်အားဖော်ထုတ်ခြင်းနှင့် လက်ရှိသင်တန်း သင်ခန်းစာများအား ကိုက်ညီအောင် ပြင်ဆင်မွမ်းမံခြင်း။ | | | | | | | | | |
| ပွဲပိုးသူများအား သင်တန်းပို့ချခြင်း။ | | | | | | | | | |
| ဆိုင်ခန်းတည်ဆောက်သူများအား ပုံစံထုတ်လုပ်ခြင်းနှင့် ဈေးသက်သာသောစားပွဲနှင့် ဆိုင်ခန်းမျက်နှာစာများကို အစားအစာဘေးကင်းလုံခြုံရေး၊ လုပ်ငန်းခွင်ဘေးကင်းလုံခြုံရေးနှင့် ကျန်းမာရေး (OSH) ဆိုင်ရာ စံချိန်စံညွှန်းများနှင့်ကိုက်ညီစွာ တည်ဆောက်နိုင်ရေးအတွက် အထောက်အကူပေးခြင်း | | | | | | | | | |
| ဆိုင်မျက်နှာစာအား အဆင့်မြင့်တင်ခြင်း အစီအစဉ်ရေးဆွဲခြင်း။။ | | | | | | | | | |
| နမူနာပြဆိုင်ခန်းမျက်နှာစာတည်ဆောက်ခြင်း။. | | | | | | | | | |
| သင်တန်းများစတင်ဆောင်ရွက်ရာတွင် နည်းလမ်းပြသခြင်း၊ | | | | | | | | | |
| အသိအမှတ်ပြုခြင်းဆိုင်ရာစနစ်အား ဖော်ထုတ်ခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။ | | | | | | | | | |
| စားသုံးသူများထံမှ နစ်ဝက်နှင့် နစ်ကုန်သဘောထား ပြန်လည်ကောက်ယူခြင်းအား ဆောင်ရွက်ခြင်း။ | | | | | | | | | |
| တိုးချဲ့အကောင်အထည်ဖော်ခြင်း။ | | | | | | | | | |
| ရေချိုငါးလုပ်ငန်းကဏ္ဍတွင် လုပ်ငန်းဆောင်ရွက်သူဒေသခံများ၏ စီးပွားဖြစ်ကုန်ထုတ်လုပ်မှုစွမ်းရည် မြှင့်တင်ပေးခြင်း | | | | | | | | | |
| ပွဲပိုးပေးမည့်သူများ (ရန်ကုန်) အား ရွေးချယ်သတ်မှတ်ခြင်း။ | | | | | | | | | |
| ရေလုပ်ငန်းဆိုင်ရာ သင်ခန်းစာများအား မြန်မာဘာသာသို့ ဆီလျော်အောင်ပြန်ဆိုခြင်း။ | | | | | | | | | |
| ပွဲပိုးမည့်သူများအား သင်တန်းပို့ချခြင်း (ရန်ကုန်) | | | | | | | | | |
| မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်- ရန်ကုန် (MFF) အား ဖွံ့ဖြိုးတိုးတက်ရေးနှင့် အဖွဲ့အစည်းဆိုင်ရာ ဝန်ဆောင်မှုများအတွက် အထောက်အပံ့ပေးရန်။ | | | | | | | | | |
| ဈေးကွက်ဝယ်လိုအား မြှင့်တင်ရေးအတွက် ဈေးရောင်းပွဲတော်များကျင်းပခြင်း။ | | | | | | | | | |
| ဖျာပုံတွင် ဈေးကွက်ဝန်ဆောင်မှုအတွက် ရှာဖွေခြင်း (FTC သို့မဟုတ် MFF နှင့်ချိတ်ဆက်ရန် အလားအလာရှိ) | | | | | | | | | |
| ချဲ့ထွင်ဆောင်ရွက်ခြင်း | | | | | | | | | |

**ဇယား ၂၀။ အဆိုပြုလုပ်ငန်းစီမံချက်**

| ကြားဝင်ဆောင်ရွက်ခြင်း | လ | | | | | | | | ဒုတိယနှစ် |
|---|---|---|---|---|---|---|---|---|---|
| | May | Jun | Jul | Aug | Sep | Oct | Nov | Dec | |
| ငါးလုပ်ငန်းစီမံခန့်ခွဲမှု၊ အစားအစာဘေးအန္တရာယ်ကင်းရှင်းရေးနှင့် အရည်အသွေး၊ လုပ်ငန်းခွင်ဘေးကင်းလုံခြုံရေးနှင့် ကျန်းမာရေး (OSH) များဆိုင်ရာ စံချိန်စံညွှန်းနှင့် စည်းမျဉ်းစည်းကမ်းများအား ဟန်ချက်ညီညီ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေခြင်း။ | | | | | | | | | |
| ထွက်ပေါ်လာသော ကောင်းမွန်သောအလေ့အကျင့် ရှေ့ပြေးမှုကြမ်း | | | | | | | | | |
| သဘောပေါက်နားလည်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ (လုပ်ငန်းရည်ရွယ်ချက်များချပြခြင်းနှင့် တုံ့ပြန်သဘောထားရယူခြင်း) | | | | | | | | | |
| ပတ်သက်သူများပါဝင်သော ညှိနှိုင်းဆွေးနွေးပွဲ ဖျာပုံမှ လက်ကားရောင်းဝယ်သူများထံမှ ကုန်ကြမ်းဝယ်ယူသော ရန်ကုန်မှ ပြုပြင်ထုတ်လုပ်ရေးလုပ်ငန်းမှ ကိုယ်စားလှယ်များအပါအဝင်) | | | | | | | | | |
| ထွက်ပေါ်လာသော ကောင်းမွန်သောအလေ့အကျင့်အားတင်ပြခြင်းနှင့် အတည်ပြုချက်ရယူခြင်း။ | | | | | | | | | |
| ပါဝင်ပတ်သက်သူများအားလုံးပါဝင်သော ထွက်ပေါ်လာသည့် ကောင်းမွန်သောအလေ့အကျင့်အားဖြန့်ဖြူးရေး လှုံ့ဆော်စည်းရုံးပွဲ။ | | | | | | | | | |
| အသိပညာ ဗဟုသုတမျှဝေခြင်းနှင့် ပူးပေါင်းဆောင်ရွက်မှုများအား အားကောင်းလာစေရေးအတွက် အဖွဲ့အစည်းအတွင်း စုံရပ် (platform) တစ်ခုဖန်တီးခြင်း။ (ဖျာပုံ) | | | | | | | | | |
| ရေရှည်တည်တံ့သော သဘာဝပတ်ဝန်းကျင်အား ရရှိရန်သေချာစေပြီး ရေလုပ်သားများ၏ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ ရည်မှန်းချက်များအား ပြည့်ဝနိုင်စေမည့် ပိုမိုကျယ်ပြန့်စွာ ပူးပေါင်းပါဝင်မှုရှိသော ငါးလုပ်ငန်းစီမံခန့်ခွဲမှုပုံစံများ ဖော်ထုတ်နိုင်ရေးအတွက် အထောက်အကူပေးရန်။ | | | | | | | | | |
| အဖွဲ့တစ်ဖွဲ့ သို့မဟုတ် နှစ်ဖွဲ့ သို့ အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အထောက်အပံ့ပေးရန် (ကျေးရွာသင်ယူမှုကွန်ယက်အတွင်းမှအဖွဲ့လည်း ဖြစ်နိုင်ပါသည်) | | | | | | | | | |
| ပူးတွဲစီမံခန့်ခွဲမှု အစီအစဉ်တစ်ရပ်အောက်မှ ငါးသယံဇာတထုတ်လုပ်ခြင်းကို အထောက်အကူပြုရန် အလားအလာရှိသည့် အဖွဲ့များရှာဖွေခြင်း။ | | | | | | | | | |
| ပူးတွဲစီမံခန့်ခွဲမှု အစီအစဉ်မူဝါဒ (Policy) ဆိုင်ရာ စာရွက်စာတမ်းများ။ | | | | | | | | | |

Funded by

DANIDA

VCA Conducted by

MB & JI

Marian Beguiren Ivan Idrovo

Happy People... Happy Earth!!!

EMPOWER

through Synergy Search

ISBN: 9789221300335